# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

**၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း (၅)ရက် ၊ တနင်္ဂနွေနေ့ ၊ (19-7-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၈၀)**


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။




**ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုပါ၏။**

ရတနာပုံ
၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက်
အယ်ဒီတာ့အာဘော်

# စစ်မှန်သောကျေးဇူးဆပ်ခြင်းနှင့် တိုင်းပြည်ထူထောင်ရေး

ယနေ့သည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းပြည်၏ကျေးဇူးရှင်ခေါင်းဆောင်ကြီးများအား မသမာသူအကြမ်းဖက်သမားများက ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခဲ့သည့် ၇၉ နှစ်မြောက် အာဇာနည်နေ့ဖြစ်သည်။ တစ်တိုင်းပြည်လုံး ပူဆွေးသောက ယူကျုံးမရဖြစ်ခဲ့ရသည့် ထိုနေ့မှသည် ယခုတိုင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားနှင့် သမိုင်းကဏ္ဍကို ပြည်သူတစ်ရပ်လုံး နှလုံးပိုက်လျက် ရှိနေကြဆဲဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်များ၏ နိုင်ငံနှင့်လူမျိုးအတွက် အသက်ပေးဆပ်တိုက်ပွဲဝင်ခဲ့မှု၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုတို့ ကြောင့် (၁၈၂၄ ခုနှစ်မှ ၁၉၄၈ ခုနှစ်ထိ) ၁၂၄ နှစ်တိုင် ဆုံးရှုံးခဲ့ရသော မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အထူးသဖြင့် 'အောင်ဆန်း-အက်တလီစာချုပ်'ကို ချုပ်ဆိုကာ လွတ်လပ်ရေးအောင်ပန်းကို ဆင်မြန်းပေးခဲ့သည့် လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ပြောင်မြောက်သော နိုင်ငံရေးဦးဆောင်မှုသမိုင်းမော်ကွန်းသည် ကမ္ဘာတည်သရွေ့ရှင်သန်နေမည်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား အမှန်တကယ် ကျေးဇူးဆပ်လိုကြသည်ဆိုပါက ၎င်းတို့ လေးလေးနက်နက်မှာကြားခဲ့သည့် အမှာစကားများကို မြေဝယ်မကျ မှတ်သားလိုက်နာကြရန် လိုအပ်သည်။

လွတ်လပ်ရေးရပြီးနောက် တိုင်းပြည်ကာကွယ်ရေးသည် မြန်မာတို့၏ တာဝန်သာဖြစ်ကြောင်း၊ တိုးတက်သောနိုင်ငံများနည်းတူ ဖြစ်ချင်ပါက အလုပ်လုပ်ကြရမည်ဖြစ်ကြောင်း ဗိုလ်ချုပ်က အတိအလင်းသတိပေးခဲ့သည်။ လွတ်လပ်ရေး၏တာဝန်များကို မထမ်းဆောင်လိုပါက ရရှိထားသောလွတ်လပ်ရေးသည် ပြန်လည်ဆုံးရှုံးသွားနိုင်သကဲ့သို့ မိမိတို့အချင်းချင်း ရန်းကန်ကြိုးစားကာ တိုင်းပြည်ကို နှစ် ၂၀ အတွင်း တန်းတူညီတူဖြစ်အောင် မတည်ဆောက်နိုင်ပါက လွတ်လပ်ပါသည်ဆိုသော် လည်းသူတစ်ပါးမျက်နှာကို မျက်နှာချိုသွေးနေရမည်ဟု ပွင့်လင်းစွာ မိန့်ကြားခဲ့သည်။

ထို့ပြင် တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေးနှင့် တိုင်းသူပြည်သား လူထုညီညွတ်ရေးဟူသော "ညီညွတ်ရေးနှစ်ခု" မရှိသမျှကာလပတ်လုံး မည်သည့်အစိုးရ၊ မည်သည့်ပါတီ တက်သည်ဖြစ်စေ အောက်ကျနောက်ကျ နိုင်ငံဘဝမှ လွတ်မြောက်မည်မဟုတ်ပေ။ မိမိတို့အချင်းချင်း တိုက်ခိုက်နေခြင်းဖြင့် တိုင်းပြည်ကို မည်သည့်အခါမှ ပြန်လည်ထူထောင်နိုင်မည်မဟုတ်ဘဲ စစ်မှန်သောလွတ်လပ်ရေးအရသာကိုလည်း ခံစားရမည်မဟုတ်ဟု မှာကြားခဲ့သည်။

လက်ရှိကာလတွင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ လမ်းညွှန်ချက်များနှင့်အညီ တိုင်းပြည်တိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးမျှော်မှန်းသည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်လုပ်ဆောင်နေကြသကဲ့သို့ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မိမိတို့အနေဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများကို ချစ်မြတ်နိုးသည်၊ မမေ့နိုင်သည်ဆိုပါက နှုတ်၌သာမကဘဲ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ ပြည်သူလူထုညီညွတ်ရေးကို ခိုင်မာစွာတည်ဆောက်လျက် ကမ္ဘာ့အလယ်တွင် အခြားနိုင်ငံများနှင့် တန်းတူရင်ပေါင်တန်း မော်ကွန်းထိုးနိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းအားထုတ် အလုပ်လုပ်ကြရမည်ဖြစ်ပါကြောင်း အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**ရွှေဘို ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ လျှော်ဖြူကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် လျှော်ဖြူ ၃၁၈၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ လျှော်ဖြူကေ ၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လက်ရှိအချိန်မှာ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျှော်ဖြူက ရေဝတ်ဒဏ်ကိုခံနိုင်တယ်။ မြေအမျိုးအစားမရွေးပေါက်တယ်။ အပူပိုင်းဒေသသစ်တောပင်မျိုးလဲ ဖြစ်ပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

လျှော်ဖြူစိုက် တောင်သူများအနေဖြင့် လျှော်ဖြူစိုက်ပျိုးရာတွင် GAP နည်းစနစ်ဖြင့် စိုက်ပျိုးကြရန် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက် ရှိကြောင်း၊ လျှော်ဖြူအထွက်နှုန်း တိုးတက်စေရေးနှင့် လျှော်ဖြူဈေးကွက်ဝင် ရောင်းချနိုင်ရေး အတွက်လည်း စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ကုန်သည်ကြီးများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

လျှော်ဖြူကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း သုံးစွဲမှု ဖူလုံနိုင်မည့်အပြင် ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သောကြောင့် လျှော်ဖြူကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကြံခင်းမြို့နယ်တွင် ကြက်ဟင်းခါးသီးများ အရောင်းအဝယ်ကောင်းမွန်နေ



**ကြံခင်း ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်မှ ဒေသထွက် ကြက်ဟင်းခါးသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကြံခင်းမြို့နယ် ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြသည်။

ကြံခင်းမြို့နယ်တွင် ဒေသထွက် ကြက်ဟင်းခါးသီးများ ထွက်ရှိပြီး ဇူလိုင်လဒုတိယပတ်မှ စတင်ကာ ယနေ့ထိ ကြက်ဟင်းခါးသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက် ရောင်းတန်းဝင် ကြက်ဟင်းခါးသီးများ တစ်ရက်လျှင် အလုံးရေ ၄၀၀၀၀ မှ ၅၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ကြံခင်းမြို့နယ်ကနေ ထွက်ရှိတဲ့ ကြက်ဟင်းခါးသီးတွေ အရောင်းအဝယ် ကောင်းနေပါတယ်။ ကြက်ဟင်းခါးသီးတွေကို ဒေသဈေးကွက်အပြင် အခြားဒေသ ကုန်စိမ်းဈေးကွက်ကပါ အဝယ်များနေပါတယ်။ ဒေသထွက် ကြက်ဟင်းခါးသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးလဲ ကောင်းမွန်ပါတယ်"ဟု ကြံခင်းမြို့နယ်ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြသည်။

ကြံခင်းမြို့နယ်မှ စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်နေသည့် ကြက်ဟင်းခါးသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# အမရပူရမြို့နယ် ရွှေပေါက်ပင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်နေမှု စစ်ဆေး

**အမရပူရ ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန်ကျည်းကိုင်း ကျေးရွာအုပ်စု ရွှေပေါက်ပင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်သီတာခိုင်၊ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ရွှေပေါက်ပင်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူး ဒေါ်သီတာခိုင်က ကုမ္ပဏီတာဝန်ရှိသူများနှင့် တွေ့ဆုံကာလုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ ဘဏ္ဍာနှစ်အတွင်း အချိန်မီပြီးစီးနိုင်ရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် တစ်မိုင်နှစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ချင်းမြေခင်းခြင်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၈၄ ဒသမ ၇၁ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ ယခုနှစ် ဇွန်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ်သစ်ဖွင့်လှစ်၍ လေကြောင်းလိုင်းများ ပုံမှန်ပျံသန်းပြေးဆွဲလျက်ရှိ



**ပြင်ဦးလွင် ဇူလိုင် ၁၈**

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြင့် ဒေသတွင်း ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်ရေးနှင့် စီးပွားရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်အတွင်း အသစ်တည်ဆောက်ပြီးစီးခဲ့သော ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ်ကို ယခုနှစ် ဇူလိုင် ၁၁ ရက်တွင် နိုင်ငံတော်သမ္မတက ဖွင့်လှစ်ပေးခဲ့ကြောင်း လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အနီးစခန်းလေဆိပ် တာဝန်ခံမန်နေဂျာ ဦးကျော်ကျော်လင်းထံမှ သိရသည်။

ဇူလိုင် ၁၁ ရက် (စနေနေ့)တွင် မြန်မာအမျိုးသား လေကြောင်းလိုင်းမှ ရန်ကုန်-ဟဲဟိုး-အနီးစခန်း - နေပြည်တော် - ရန်ကုန်ခရီးစဉ်နှင့် မင်္ဂလာလေကြောင်းလိုင်းမှ ရန်ကုန်-တာချီလိတ်-အနီးစခန်း-ရန်ကုန်ခရီးစဉ်တို့ကို စတင်ပျံသန်းပြေးဆွဲခဲ့ကြောင်း၊ မြန်မာအမျိုးသား လေကြောင်းလိုင်းမှ ရန်ကုန်-တာချီလိတ်-အနီးစခန်း-နေပြည်တော်-ရန်ကုန် ခရီးစဉ်ကို ဇူလိုင် ၁၃ ရက်(တနင်္လာနေ့)တွင်လည်းကောင်း၊ ရန်ကုန်-အနီးစခန်း - တာချီလိတ် - နေပြည်တော် - ရန်ကုန်ခရီးစဉ်ကို ဇူလိုင် ၁၅ ရက်(ဗုဒ္ဓဟူးနေ့)တွင်လည်းကောင်း၊ ထိုနေ့၌ပင် အဲသံလွင်လေကြောင်းလိုင်းမှ ရန်ကုန်-တာချီလိတ်-အနီးစခန်း-တာချီလိတ်-ရန်ကုန်ခရီးစဉ်ကိုလည်းကောင်း၊ မန်းရတနာပုံလေကြောင်းလမ်းမှ ရန်ကုန်-ဟဲဟိုး-အနီးစခန်း-ဟဲဟိုး-ရန်ကုန်ခရီးစဉ်ကို ဇူလိုင် ၁၇ ရက် (သောကြာနေ့)တွင်လည်းကောင်း ပျံသန်းပြေးဆွဲလျက်ရှိပြီး မင်္ဂလာလေကြောင်းလိုင်းမှ ရန်ကုန်-တာချီလိတ် - အနီးစခန်း - တာချီလိတ် - ရန်ကုန်ခရီးစဉ်ကို ယနေ့(စနေနေ့)တွင်လည်း ပျံသန်းပြေးဆွဲပေးကြောင်း သိရသည်။

"လေကြောင်းလိုင်း ခရီးစဉ်တွေကတော့ အနီးစခန်းလေဆိပ်စတင်ဖွင့်လှစ်ပြီး ကတည်းက ပျံသန်းပြေးဆွဲ နေတာဖြစ်ပါတယ်။ မြန်မာအမျိုးသား လေကြောင်းလိုင်းအနေနဲ့ နံနက် ၉ နာရီ ၂ မိနစ်မှာ ဆိုက်ရောက်ပြီး နံနက် ၉ နာရီ ၅၅ မိနစ်မှာ ထွက်ခွာပါတယ်။ အဲသံလွင်လေကြောင်းလိုင်းအနေနဲ့ မွန်းလွဲ ၁၂ နာရီ ၄၇ မိနစ်မှာ ဆိုက်ရောက်ပြီး မွန်းလွဲ ၁ နာရီ ၆ မိနစ်မှာထွက်ခွာပါတယ်။ မင်္ဂလာလေကြောင်းလိုင်းအနေနဲ့ နံနက် ၁၀ နာရီ ၅၇ မိနစ်မှာ ဆိုက်ရောက်ပြီး ၁၁ နာရီ မိနစ် ၃၀ မှာ ထွက်ခွာပါတယ်။ မန်းရတနာပုံလေကြောင်းလိုင်းအနေနဲ့ နံနက် ၉ နာရီ ၁၇ မိနစ်မှာ ဆိုက်ရောက်ပြီး နံနက် ၉ နာရီ ၄၅ မိနစ်မှာထွက်ခွာပါတယ်။ အခု ပျံသန်းပြေးဆွဲပေးနေတဲ့ လေကြောင်းလိုင်းတွေမှာ လိုက်ပါစီးနင်းကြတဲ့ ခရီးသည်အနေနဲ့ကတော့ စတင်ပျံသန်းပြေးဆွဲတဲ့ ဇူလိုင် ၁၁ ရက်ကနေ ဒီနေ့ထိ ဆိုက်ရောက်၊ ထွက်ခွာခရီးသည် ဦးရေဟာ ၁၈၀ ကျော်ရှိပြီဖြစ်ပါတယ်"ဟု အနီးစခန်းလေဆိပ် တာဝန်ခံမန်နေဂျာ ဦးကျော်ကျော်လင်းက ပြောပြ၍ သိရသည်။

အနီးစခန်းလေဆိပ်မှ အခြေပြု၍ ရှမ်းပြည်နယ်အတွင်းရှိ တာချီလိတ်၊ ဟဲဟိုးမြို့များနှင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော် စသည့်မြို့ကြီးများသို့ တိုက်ရိုက်ခရီးစဉ်များကို မြန်မာအမျိုးသား လေကြောင်းလိုင်း၊ မင်္ဂလာလေကြောင်းလိုင်း၊ အဲသံလွင်လေကြောင်းလိုင်းနှင့် မန်းရတနာပုံ လေကြောင်းလိုင်းတို့က ယခုနှစ် ဇူလိုင် ၁၁ ရက်မှစတင်၍ အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ နေ့တို့တွင် ပုံမှန်ပျံသန်းပြေးဆွဲလျက်ရှိကြောင်း၊ အနီးစခန်းလေဆိပ် ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ပွင့်လင်းရာသီတွင် ပြည်တွင်း၊ ပြည်ပခရီးသွားများ ပြင်ဦးလွင်ဒေသသို့ ပိုမိုတိုးတက်ဝင်ရောက်လာနိုင်သည့်အပြင် ပြင်ဦးလွင်ဒေသ၏ခရီးသွားကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ စသည့်ကဏ္ဍစုံ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၅၂)

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၁၀၉၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**အရာတော် ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၁၀၉၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြ၍ သိရသည်။



အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၄၃၀၂၀ စိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၁၀၉၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ နှမ်းဧက ၄၃၀၂၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၃၁၀၉၂ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့စိုက်ပျိုးဖို့ ဆောင်ရွက် ပေးနေပါတယ်"ဟု အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြသည်။

အရာတော်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ် မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းစင်ရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးစသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကြောင့် GAPနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြ၍ သိရသည်။

(၂၀၆)

# မြန်အောင်မြို့နယ်တွင် ငါးတန်များ အရောင်းအဝယ်ကောင်းမွန်နေ

**မြန်အောင် ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ငါးတန်များ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသက်က ပြောပြ၍ သိရသည်။

မြန်အောင်မြို့နယ်မှ ထွက်ရှိသည့် ငါးတန်များ ဇူလိုင်လဒုတိယပတ်မှ ယနေ့ထိ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ငါးတန်များ နေ့စဉ်ပိဿာချိန် ၄၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး စားသုံးမှုများလာသည့်အတွက် ဝယ်ယူအားကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"မြန်အောင်မြို့နယ်မှာ လတ်တလောအနေနဲ့တော့ ငါးတန်တွေ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ ရေထွက်ကုန်တွေထဲမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ ငါးတန်တွေ အရောင်းအဝယ်ကောင်းလာတော့ ရေလုပ်သားတွေ၊ ပွဲရုံပိုင်ရှင်တွေ၊ မွေးမြူရေးလုပ်ငန်းရှင်တွေ အလုပ်အကိုင်အဆင်ပြေလာပါတယ်။ တစ်ရက်တာ ရောင်းအားအနေနဲ့ ပိဿာချိန် ၄၀၀၀ ကနေ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု မြန်အောင်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသက် က ပြောပြသည်။

မြန်အောင်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များက ဒေသထွက်ငါးတန်များကို ဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ဒေသဈေးကွက်အပြင် အခြားဒေသများသို့လည်း ပြန်လည် ဖြန့်ဖြူးရောင်းချနေကြောင်း၊ အဆိုပါ အရောင်းအဝယ်ကောင်းနေသည့် ငါးတန်တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ မှ ၂၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါငါးတန်များ အရောင်းအဝယ်ကောင်းမွန်သောကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ရသောတန်ဖိုးနှင့် ပေးသောတန်ဖိုး

မျိုးသူ(ကုန်သွယ်မြှင့်)

ကုန်ပစ္စည်းများကို ထုတ်လုပ်သည့်အခါတွင် မည်သည့်တန်ဖိုးကိုပေးမလဲဟု စဉ်းစားတတ်ကြသည်။ တန်ဖိုးဆိုရာတွင် ငွေကြေးကုန်ကျစရိတ်နှင့် အမြတ်ကိုပေါင်းထားသော ရောင်းဈေးကိုဆိုလိုသည် မဟုတ်ပေ။ ရရှိလာသောအကျိုးကျေးဇူးနှင့် စိတ်ကျေနပ်မှု၊ နှစ်သက်မှုတို့က အဓိကတန်ဖိုးများဖြစ်ကြသည်။ ထို့ကြောင့် ကုန်ပစ္စည်းများကို ထုတ်လုပ်သူများက မည်သည့်အရာ၊ မည်သည့်တန်ဖိုးကို ဖောက်သည်ကိုပေးမလဲဟုစဉ်းစားတတ်ကြသည်။ ဖောက်သည်များရရှိသည်မှာ အမှတ်တံဆိပ်တစ်ခုသာမက ဖောက်သည်၏ စိတ်ကျေနပ်မှု၊ အကျိုးရှိမှု၊ ကောင်းသောခံစားချက်ရရှိမှု၊ မိမိဘာသာမိမိ အထင်ကြီးလေးစားမှု စသည်တို့သည် ရရှိလာသောတန်ဖိုးများဖြစ်ကြသည်။ ဝယ်ယူသူတို့သည် အဆိုပါတန်ဖိုးများကို ငွေကြေးတန်ဖိုးထက် ပို၍အလေးထားတတ်ကြသည်။ ဝယ်ယူသူများသည် ပစ္စည်းတစ်ခုကိုဝယ်ရာတွင် ဝယ်ယူသည့်ပစ္စည်းတစ်ခုအပြင် အခြားတန်ဖိုးများကိုလည်းရလိုကြသည်။ ထိုပစ္စည်းကို သုံးစွဲခြင်းကြောင့် ပထမဆုံး ကိုယ်တိုင်စိတ်ကျေနပ်မှု၊ ပတ်ဝန်းကျင်၏အထင်ကြီးလေးစားခံရမှု၊ မိမိဘာသာဆုံးဖြတ်ချက်မှန်သည်ဟူသောခံစားမှု၊ မိမိဘာသာအတွေးအခေါ်ရှိသူ၊ အမြော်အမြင်ရှိသူဟူသော ယုံကြည်မှုစသည့်ခံစားမှုပိုမိုမြင့်မားသည့် နက်ရှိုင်းသော စိတ်ကျေနပ်မှုများကို လိုလားခြင်းဖြစ်သည်။

**အကျိုးအမြတ်**

အကျိုးအမြတ်ကို လုပ်ငန်းတစ်ခု၏ ဝင်ငွေထဲမှ ကုန်ကျစရိတ်များကို နုတ်လိုက်ပြီးနောက် ကျန်ရှိသောပမာဏကိုခေါ်သည်ဟုဆိုနိုင်သည်။ ငွေကြေးစီမံခန့်ခွဲမှုအပိုင်းမှကြည့်လျှင် အကျိုးအမြတ်ကို အဓိကအားဖြင့် သုံးပိုင်းခွဲခြားနိုင်သည်။ ပထမမှာ အကျိုးအမြတ်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုစရိတ်သို့မဟုတ် ရောင်းချမှုနှင့်တိုက်ရိုက်သက်ဆိုင်သော ကုန်ကျစရိတ်များကိုသာ နုတ်ယူတွက်ချက်ထားခြင်းဖြစ်သည်။ ရည်ရွယ်ချက်မှာ ထုတ်လုပ်မှုစွမ်းအားနှင့် ပစ္စည်းတစ်ခုချင်းအပေါ်ကျန်သည့် အမြတ်ကျန်နှုန်းကို ခန့်မှန်းနိုင်ရန်အတွက်ဖြစ်သည်။ ဒုတိယမှာ လုပ်ငန်းလည်ပတ်မှုအမြတ်ဖြစ်သည်။ လုပ်ငန်းလည်ပတ်ရန်လိုအပ်သော အထွေထွေစရိတ်များဖြစ်သည့် ကုန်ကြမ်းတန်ဖိုးအပြင် ဝန်ထမ်း၊ လုပ်သားလစာများ၊ ငှားရမ်းခများ၊ လျှပ်စစ်ခနှင့် ဈေးကွက်ရှာဖွေရေးစရိတ်စသည်တို့ကိုပါနုတ်၍ တွက်ချက်ထားသောအမြတ်ဖြစ်သည်။ ရည်ရွယ်ချက်မှာ လုပ်ငန်းပုံမှန်လုပ်ဆောင်နိုင်စွမ်းနှင့် စီမံခန့်ခွဲမှုကျွမ်းကျင်နိုင်စွမ်းတို့ကိုသိရှိရန်ဖြစ်သည်။ တတိယမှာ အသားတင်အမြတ်ဖြစ်သည်။ လုပ်ငန်းအတွက် နောက်ဆုံးကျန်သည့်အမြတ်ကိုအခွန်အခများ၊ အတိုးနှုန်းများ၊ အခြားသောစရိတ်စကအသီးသီးကိုနုတ်ပယ်ပြီးနောက် ကျန်ရှိသည့်အမြတ်ဖြစ်သည်။ ရည်ရွယ်ချက်မှာ လုပ်ငန်းတစ်ခု၏အမှန်အခြေအနေ၊ လက်ရှိ ရှင်သန်နိုင်မှုနှင့် ရေရှည်ရှင်သန်နိုင်မှုတို့ကို သိရှိရန်အတွက်ဖြစ်သည်။ သို့ရာတွင် တစ်ခါတစ်ရံ၌ လတ်တလော အရှုံးပေါ်နေသည့်တိုင် ရေရှည်ရှင်သန်ရေးနှင့် ရေရှည်အကျိုးကျေးဇူးတို့ကိုကြည့်၍ လုပ်ငန်းဆက်လက်လည်ပတ်တတ်သည်။ ထိုအခြေအနေမျိုးမှာ အခွင့်အလမ်းကုန်ကျစရိတ်ကိုပါ ထည့်သွင်းစဉ်းစားကြသောကြောင့်ဖြစ်သည်။ ဤအမြတ်များမရှိလျှင် လုပ်ငန်းသည် ရပ်တည်ရန်မဖြစ်နိုင်၊ ရေရှည်မတည်တံ့နိုင်ပေ။

ထို့ကြောင့် ထိုက်သင့်သောငွေကြေးအကျိုးအမြတ်ရှိမှသာ ကုန်ပစ္စည်းထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်းတို့တွင် ရပ်တည်နိုင်မည်ဖြစ်သည်။ ဤအမြတ်များသည် ကုန်ထုတ်လုပ်သူ၊ ရောင်းသူဘက်မှ လိုအပ်ချက်များဖြစ်သည်။ သို့သော် ကုန်ထုတ်လုပ်သည့်အခါ ထုတ်လုပ်သူသည် မိမိဘက်ကသာ ကြည့်၍မရဘဲ ဝယ်ယူသူဘက်မှ ရရှိမည့်အကျိုးကျေးဇူးများကို အဓိကထည့်သွင်းစဉ်းစားပေးရသည်။ စားသုံးသူများအတွက် မရှိမဖြစ်လိုအပ်သော စားသောက်ကုန်များကို ထုတ်လုပ်ရောင်းချရာတွင်ပင် ဝယ်ယူသူများကို မည်သည့်တန်ဖိုးများကို ထည့်သွင်းပေးမည်ကို စဉ်းစားရမည်ဖြစ်သည်။ ဥပမာ- ကုန်ပစ္စည်းတွင် အလေးချိန်မှန်ကန်ခြင်း၊ အရည်အသွေးမှန်ကန်ခြင်း၊ ဈေးနှုန်းမှန်ကန်ခြင်း စသည့်တန်ဖိုးများကိုလည်း ဝယ်ယူသူကို ထည့်သွင်းပေးနိုင်ရမည်ဖြစ်သည်။

**တန်ဖိုး**

တန်ဖိုးကို များသောအားဖြင့် ငွေကြေးဖြင့် ဆုံးဖြတ်ကြသည်။ သို့သော် ထိတွေ့ကိုင်တွယ်မရသော တန်ဖိုးများလည်း ရှိနေတတ်ကြသည်။ ဝယ်ယူသူ

❖ ကုန်ပစ္စည်းများကို ထုတ်လုပ်သူများက မည်သည့်အရာ၊ မည်သည့်တန်ဖိုးကို ဖောက်သည်ကိုပေးမလဲဟု စဉ်းစားတတ်ကြသည်။ ဖောက်သည်များရရှိသည်မှာ အမှတ်တံဆိပ်တစ်ခုသာမက ဖောက်သည်၏စိတ်ကျေနပ်မှု၊ အကျိုးရှိမှု၊ ကောင်းသောခံစားချက်ရရှိမှု၊ မိမိဘာသာမိမိ အထင်ကြီးလေးစားမှု စသည်တို့သည် ရရှိလာသောတန်ဖိုးများဖြစ်ကြသည်။ ဝယ်ယူသူတို့သည် အဆိုပါတန်ဖိုးများကို ငွေကြေးတန်ဖိုးထက် ပို၍အလေးထားတတ်ကြသည်။ ဝယ်ယူသူများသည် ပစ္စည်းတစ်ခုကိုဝယ်ရာတွင် ဝယ်ယူသည့်ပစ္စည်းတစ်ခုအပြင် အခြားတန်ဖိုးများကိုလည်း ရလိုကြသည်။ ❖

တစ်ဦးက လိုချင်သောပစ္စည်းသည် တန်ဖိုးတစ်ခုထက်မက ရှိနေတတ်သည်။ ငွေကြေးတန်ဖိုးထက်ပိုသော အဆိုပါတန်ဖိုးသည် ခန့်မှန်းရခက်တတ်သည်။ ထို့ကြောင့် AI နည်းပညာဖြင့်ခန့်မှန်းပြီး ကုန်ထုတ်လုပ်ရန်၊ ရောင်းဝယ်ရန်သင့်သည်ဟုဆိုသည်။ ယခုခေတ်တွင် ဝယ်ယူသူကို ရောင်းသူ သို့မဟုတ် ကုန်ထုတ်လုပ်သူကပေးရမည်မှာ သင့်တင့်သောအရည်အသွေးရှိသည့် ကုန်ပစ္စည်းသာမဟုတ်ဘဲ ဝယ်ယူသူတစ်ဦးချင်းအတွက် စိတ်ကျေနပ်မှု၊ စိတ်တွင်းမကျေနပ်ချက်များကို ဖြေရှင်းနိုင်ခြင်း၊ ယုံကြည်မှုကိုပေးစွမ်းနိုင်ခြင်း၊ ကျေနပ်ပျော်ရွှင်မှုကိုပေးခြင်း စသည့်အချက်များပါ ပေးနိုင်ရန်လိုအပ်လာသည်။ ဝယ်ယူသူအလေးထားသည့်တန်ဖိုးကို အောက်ပါအတိုင်း ခွဲခြားနိုင်သည်-

- လုပ်ဆောင်မှုတန်ဖိုး (Functional Value)၊
- ခံစားချက်ဆိုင်ရာတန်ဖိုး (Emotional Value)၊
- လူမှုတန်ဖိုး (Social Value)၊
- ဉာဏဆိုင်ရာတန်ဖိုး (Epistemic Value)၊
- အခြေအနေနှင့်အချိန်ဆိုင်ရာတန်ဖိုး (Condition and Time Value)။

**လုပ်ဆောင်မှုတန်ဖိုး (Functional Value)**

ပစ္စည်းတစ်ခုသည် ဝယ်ယူသူအတွက် အဖိုးတန်သောအသုံးဝင်မှုတစ်ခုခုကို ရလိုက်သည်ဟုဖြစ်နေရမည်။ ဝယ်ယူသူ၏လိုအပ်ချက်ကို မည်မျှဖြည့်ဆည်းပေးနိုင်သည်ကို ကြည့်ရမည်။ ပေးလိုက်သောငွေကြေးသည် ဝယ်ယူသူအတွက် ထိုက်တန်သည်၊ ကောင်းမွန်သည်၊ အကျိုးရှိသည်၊ စိတ်ကျေနပ်သည်ဟုဖြစ်နေရမည်။ လုပ်ဆောင်မှုတန်ဖိုးသည် ဝယ်ယူသူတိုင်းအတွက် အခြေခံနှင့် အရေးအပါဆုံးဖြစ်တတ်သည်။ အရည်အသွေး၊ အလေးချိန်မှန်ခြင်း၊ ထိရောက်မှုရှိခြင်း၊ အဆင်ပြေခြင်း၊ ဈေးနှုန်းမျှတခြင်း စသည့်အချက်များသည် ဝယ်ယူသူလိုချင်သော လုပ်ဆောင်မှုတန်ဖိုးများပင်ဖြစ်ကြသည်။ ဤအချက်မခိုင်မာလျှင် ကျွန်ုပ်တို့ထုတ်လုပ်သောပစ္စည်းသည် မည်မျှပင်ကြော်ငြာကောင်းစေကာမူ ရေရှည်ရောင်းချရမည်မဟုတ်ပေ။ ထိုသို့ဖြစ်ရန်မှာ ထုတ်လုပ်မှုနှင့် ရောင်းချမှုတွင် အမှားအယွင်းကင်းခြင်း Zero Defect ဖြစ်ရမည်။ အရည်အသွေးသည် သတ်မှတ်သည့်အတိုင်း ရာနှုန်းပြည့်ရမည်ဖြစ်သည်။

**ခံစားချက်ဆိုင်ရာတန်ဖိုး(Emotional Value)**

ဝယ်ယူသူသည် လုပ်ဆောင်မှုတန်ဖိုးကိုရရှိလျှင် နောက်တစ်ဆင့်အနေဖြင့် စိတ်ကျေနပ်မှု၊ ပျော်ရွှင်မှုတို့ကိုပါ ရရှိရန်မျှော်လင့်ပြီးဖြစ်သည်။ ထိုအရာများအပြင် ယုံကြည်မှုကြောင့် စိတ်လုံခြုံမှုကိုလည်း ရရှိလိုကြသည်။ ယုံကြည်မှုဆိုသည်မှာ ပစ္စည်းအမျိုးအစား အမှတ်တံဆိပ်နှင့်သက်ဆိုင်သည်။ ထိုယုံကြည်မှုပြိုကွဲလျှင် ထပ်မံတည်ဆောက်ရအလွန်ခက်ခဲသည်။ ထို့ကြောင့် အခြေခံလုပ်ဆောင်မှုတန်ဖိုးများဖြင့် ယုံကြည်မှုကို တည်ဆောက်ရမည်ဖြစ်သည်။ ကုန်ပစ္စည်း၏ အရည်အသွေးမှန်ကန်မှု၊ ကျန်းမာရေးနှင့် ညီညွတ်မှုများသည် စားသောက်ကုန်များအတွက် ယုံကြည်မှုကိုရစေသော အဓိကအချက်လည်းဖြစ်သည်။ ပစ္စည်းနှင့်ပတ်သက်၍ စိတ်ကျေနပ်မှုကိုရရှိမှသာ ထိုပစ္စည်းကို ထပ်မံဝယ်ယူမည်ဖြစ်သည်။ ထို့ကြောင့် ကုန်ပစ္စည်းထုတ်လုပ်သူနှင့် ရောင်းချသူများသည် မိမိကုန်ပစ္စည်း၏ အရည်အသွေး၊ အရောင်အဆင်း၊ အနံ့အရသာမှစ၍ ဝယ်ယူသူအတွက် ပြည့်စုံအောင် ဆောင်ရွက်ပေးခြင်းဖြင့် ဝယ်ယူသူ၏ စိတ်ကျေနပ်မှုရအောင်လည်း ဆောင်ရွက်ကြသည်။ ဝယ်ယူသူ စိတ်ကျေနပ်မှုရရှိခြင်းသည် ရောင်းသူထံထပ်မံလာရောက်ပြီး ဝယ်ယူမည်ဖြစ်ကာ ဖောက်သည်ဖြစ်လာမည်။ အလားတူပင် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း စိတ်ကျေနပ်မှုသည် အရေးကြီးသည်။

**လူမှုတန်ဖိုး(Social Value)**

လူမှုတန်ဖိုးသည် အရေးပါသော တန်ဖိုးဖြစ်သည်။ ပစ္စည်းတစ်ခုကို ဝယ်ယူခြင်းသည် ပိုမိုမြင့်မားသော လူမှုအဆင့်အတန်းတစ်ခုကို ရရှိနေသည်ဟု ခံစားရခြင်းမျိုးဖြစ်သည်။ ဥပမာ- Uniqlo သည် ခေတ်ပေါ်ဖက်ရှင် အမှတ်တံဆိပ်များဖြစ်သော Zara နှင့် H & M တို့ကဲ့သို့ နောက်ဆုံးပေါ်မျိုးမဟုတ်သော်လည်း ခေတ်မီခြင်း၊ ကောင်းမွန်သပ်ရပ်ခြင်း၊ အရည်အသွေးမြင့်ခြင်းနှင့် တာရှည်ခံခြင်း စသည့်အချက်များကိုပေးပြီး ဝတ်ဆင်လျှင် လူမှုတန်ဖိုးတစ်ခုရှိသည်ဟုဆိုနိုင်သည်။ လူတို့သည် ပတ်ဝန်းကျင်က အသိအမှတ်ပြုမှုကို ခံယူလိုကြသည်။ ထိုသို့အသိအမှတ်ပြုခံရရန်အတွက် ထိုသူများလေးစားသော၊ ကြိုက်သော ကုန်အမှတ်တံဆိပ်များကို လိုက်လံသုံးစွဲခြင်းမျိုးဖြင့် ရရှိနိုင်သည်ဟု ခံစားချက်မျိုးဖြစ်သည်။ ထို့ပြင် ပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးသော ပစ္စည်းများကို သုံးစွဲခြင်းဖြင့်လည်း အဆိုပါကုမ္ပဏီက ထုတ်လုပ်သောပစ္စည်းများသည် ယုံကြည်စိတ်ချရသည်ဟူသော လူမှုတန်ဖိုးကို ရရှိစေသည်။

**ဉာဏဆိုင်ရာတန်ဖိုး(Epistemic Value)**

အသစ်အဆန်းကို စူးစမ်းလိုသောသဘောကို အခြေခံ၍ ကုန်ပစ္စည်းများကို အသစ်ထုတ်လုပ်တတ်သည်။ ထိုသို့ထုတ်လုပ်ခြင်းသည် ပြိုင်ဘက်များကို ယှဉ်ပြိုင်ရန်နှင့် ဖောက်သည်တို့အတွက် အသစ်အဆန်းကို ရရှိစေခြင်းဖြင့် ဝယ်ယူမှုကို ရရှိစေရန်ဖြစ်သည်။ ထို့ပြင် ဝယ်ယူသည့် ပစ္စည်းတစ်ခုက မိမိအတွက် အသိပညာရပ်တွင် တိုးတက်မှုရှိစေလျှင်လည်း စိတ်ကျေနပ်မှုကိုရရှိစေသည်။ တန်ဖိုးတစ်ခုရရှိသည်ဟု ထင်မှတ်စေသည်။ ကျန်းမာရေးအတွက် အထောက်အကူပြုသည်ဟုထင်သော ပစ္စည်းများကိုလည်း အခြားအမျိုးအစားတူ ပစ္စည်းများထက် ဝယ်လိုအားမြင့်တက်လာတတ်သည်။ ထိုအချက်များသည် ဉာဏဆိုင်ရာတန်ဖိုးများဖြစ်ကြသည်။

**အခြေအနေနှင့် အချိန်ဆိုင်ရာတန်ဖိုး(Condition and Time Value)**

ဤအချက်မှာလည်း ထင်ရှားသောဝယ်ယူသူ၏ တန်ဖိုးထားမှုဖြစ်သည်။ အချိန်မီရောက်ရှိခြင်း၊ အလျင်အမြန်ဆောင်ရွက်ပေးနိုင်ခြင်းတို့သည် သုံးစွဲသူ၊ ဝယ်ယူသူများ၏အချိန်ဆိုင်ရာ တန်ဖိုးထားမှုများဖြစ်သည်။ မြန်မာ့မီးရထားသည် ယခင်က ဆင်လိပ်မြင်းနှင့်တူသည်ဟုဆိုကြသည်။ ဆင်လိုခါယမ်းခြင်း၊ လိပ်လိုနှေးခြင်းနှင့် မြင်းလိုမမြန်ဘဲ မြင်းလိုခုန်ပေါက်နေခြင်း စသည့်အချက်များနှင့်တူသည်ဟု ပြောတတ်ကြသည်။ ယခုအခါတွင် DEMU ရထားများဖြင့် အဆိုပါအချက်များကို ပယ်ဖျက်နိုင်ပြီးအခြေအနေနှင့်အချိန်ဆိုင်ရာ တန်ဖိုးကိုပြန်ရရှိပြီး နာမည်ကောင်းပြန်လည်ရရှိလာပြီဖြစ်သည်။ စားသောက်ကုန်များကို အွန်လိုင်းမှ မှာကြားသည့်အခါတွင် အချိန်မီနှင့် အမြန်ဆုံးရောက်ရှိအောင် ဆောင်ရွက်နိုင်ခြင်းသည် အဆိုပါ Delivery Company ၏ တန်ဖိုးတစ်ခုဖြစ်သည်။ အမြဲလိုလိုနှောင့်နှေးကြန့်ကြာနေလျှင် တန်ဖိုးကျဆင်းပြီး ဝယ်ယူသူလည်း ပျောက်ကွယ်မည်ဖြစ်သည်။ အချိန်အကန့်အသတ်ဖြင့်သာ ရရှိသော ပစ္စည်းမျိုးသည်လည်း တန်ဖိုးကြီးတတ်သည်။

ဝယ်ယူသူများသည် ဈေးနှုန်းကိုသာ အဓိကထား၍ ဝယ်ယူတတ်ကြသည်ဆိုသော်လည်း အမှန်အားဖြင့် ငွေကြေးအပြင် အရည်အသွေး၊ စိတ်ချရမှု၊ ယုံကြည်ရမှု၊ လုံခြုံမှု၊ ဘေးကင်းမှု၊ အဆင်ပြေမှု၊ သက်သောင့်သက်သာဖြစ်မှု၊ မြန်ဆန်ကောင်းမွန်မှု၊ ဆက်ဆံရေး ကောင်းမွန်မှု စသည့်တန်ဖိုးများကိုပါ ထည့်သွင်းစဉ်းစားဝယ်ယူတတ်သည်။ ထို့ကြောင့် ကုန်ပစ္စည်းထုတ်လုပ်သူများနှင့် ရောင်းချသူများသည် တန်ဖိုးကိုပေးသူနှင့် ယူသူများဖြစ်ကြသည်။ ဝယ်ယူသူများသည် သူတို့ပေးသည့် တန်ဖိုးနှင့်ညီမျှသည့် တန်ဖိုးကိုလိုချင်ကြသည်မှာမဆန်းပေ။ ကုန်ထုတ်လုပ်သူနှင့် ရောင်းသူများက ဝယ်သူများထံမှ တန်ဖိုးတစ်ခုကိုလိုချင်လျှင် ထိုတန်ဖိုးအတွက်မှန်ကန်သောတန်ဖိုးတစ်ခုကိုပေးမှသာ ရေရှည်တည်တံ့မည်ဖြစ်သည်။ တန်ဖိုးတစ်ခုဆိုရာတွင် အထက်ကတန်ဖိုးများကိုပေါင်းစပ်ထားသော တန်ဖိုးတစ်ခုဖြစ်ရန်လိုအပ်သည်။ ယှဉ်ပြိုင်ဘက်များကို ကျော်လွှားနိုင်ရန်အတွက် အစဉ်သဖြင့် မိမိကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု၏တန်ဖိုးကို ထက်မြက်နေအောင် ဆောင်ရွက်နေရန် လိုအပ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**– Philip Kotler's Marketing 7.0**

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။ ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်းလည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေ ဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

## အာဇာနည်များသို့

- စေတနာ ပေးဆပ်မှုနဲ့
အလေးဂရုပြု တာဝန်ကျေ၊
နိုင်ငံတော် သာယာရေး
တွေးဆလျှောက်ပေ၊
ခွဲသတ္တိ ပညာတွေ
ရှိကာနေ အဆင်သင့်၊
ဦးဆောင်မှန် တာဝန်ထမ်းတယ်
လျှောက်လှမ်းဂုဏ်တင့်။

- အနစ်နာ ပေးဆပ်ချင်ပါလို့
စိတ်ထားမြင့် အလင်းရောင်၊
လဇူလိုင် တစ်ဆယ့်ကိုးမှာလ
ကိုယ်ကျိုးစွန့်ဆောင်၊
ဒူးမထောက် မကြောက်ပေါင်
ပန်းတိုင်အောင်ဖို့ ပေးဆပ်သွား၊
အာဇာနည် ကိုးဦးမြတ်ကို
ဦးညွှတ်စို့လား။

- သမိုင်းကျန် ဇာနည်များမို့
ဘာမထီအားက ထိပ်တန်းဝင်၊
မမေ့ပါ သတိရ
လွမ်းတမ်းတမြင်၊
သုဂတိ အထက်တွင်
ကောင်းရာပင် ရောက်စေကြောင်း၊
ကျေးဇူးကြီးတာမို့
ကမ္ပည်းတင် စာစီရေးတယ်
လေးစားဆုတောင်း။ ။

**မောင်စစ်သွေး**

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၈၄၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဘုတလင် ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၈၄၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၃၅၀၀၀ စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ်မေလပထမပတ်မှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၈၄၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ မြေပဲဧက ၃၅၀၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့မှာ ၁၈၄၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။ (၂၀၆)

# သာစည်မြို့နယ် ပြွန်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကျိုးကန်ကျေးရွာအုပ်စု ပြွန်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ပြွန်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြွန်ကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၁၉ သဒမ ၃၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၁၃ သဒမ ၆၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၁၇ သဒမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၀ သဒမ ၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ပျော်ဘွယ်မြို့နယ် ပေါ်အင်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပျော်ဘွယ် ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါ်အင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များ၊ ကျေးရွာမှဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ပျော်ဘွယ်မြို့နယ် ပေါ်အင်းကျေးရွာ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြု၍ ဌာနဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



# နိုင်ငံတကာ သတင်းများ

## တရုတ်အခြေစိုက်လေကြောင်းလိုင်း သုံးခု အဲဘတ်စ်လေယာဉ် ၉၅ စင်းဝယ်ယူမည်

**ပေကျင်း ဇူလိုင် ၁၈**

တရုတ်အခြေစိုက်လေကြောင်းလိုင်းသုံးခုတို့သည် အဲဘတ်စ်လေယာဉ်ကုမ္ပဏီထံမှ ခရီးသည်တင် လေယာဉ်သစ် ၉၅ စင်း ဝယ်ယူရန် စီစဉ်ထားကြောင်း ဇူလိုင် ၁၇ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ တရုတ်လေကြောင်းလိုင်းသုံးခုတို့က ဝယ်ယူမည့် အဲဘတ်စ်လေယာဉ် ၉၅ စင်းတို့၏ စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၈ ဘီလီယံ တန်ဖိုးရှိကြောင်း သိရသည်။

အဆိုပါ အဲဘတ်စ်လေယာဉ် ၉၅ စင်းအနက် ၅၅ စင်းကို အဲချိုင်းနား လေကြောင်းလိုင်းနှင့် ရှန်ကျန်း လေကြောင်းလိုင်းတို့က ဝယ်ယူမည်ဖြစ်ပြီး ကျန်အစင်း ၄၀ ကို ဟိုင်နန်လေကြောင်းလိုင်းက ဝယ်ယူမည်ဖြစ်သည်။

တရုတ် လေကြောင်းလိုင်းများက ဝယ်ယူမည့် အဲဘတ်စ်လေယာဉ်များမှာ အေ ၃၅၀-၉၀၀ နှင့် အဲဘတ်စ်အေ ၃၂၀ တို့ဖြစ်ကြကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုကပ်ဘေး ပေါ်ပေါက်ခဲ့ပြီးနောက်ပိုင်း တရုတ်နိုင်ငံ အခြေစိုက် လေကြောင်းလိုင်းများသည် ၎င်းတို့၏ ခရီးသည်တင်လေယာဉ်များကို ပြန်လည်အင်အားတိုးတည်ဆောက်လာလျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်၌ အမေရိကန်နိုင်ငံပြီးလျှင် ဒုတိယအကြီးဆုံး လေကြောင်းဈေးကွက်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## အမျိုးသားအလံ မရိုမသေပြုလုပ်သူများကို တားမြစ်ပိတ်ပင်သည့်ဥပဒေတစ်ရပ် ဂျပန်အစိုးရပြဋ္ဌာန်း



**တိုကျို ဇူလိုင် ၁၈**

အမျိုးသားအလံ မရိုမသေပြုလုပ်သူများ တားမြစ်ပိတ်ပင်ထားသည့်ဥပဒေတစ်ရပ်ကို ဂျပန်နိုင်ငံက ဇူလိုင် ၁၇ ရက်တွင် ပြဋ္ဌာန်းခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သို့ရာတွင် အဆိုပါဥပဒေပြဋ္ဌာန်းမှုကို အများပြည်သူ ခြိမ်းခြောက်ရန် ကြိုးပမ်းမှုအဖြစ်၊ အစိုးရအပေါ် ဝေဖန်ပြောကြားမှုများကို ဖိနှိပ်ရန် ကြိုးပမ်းမှုအဖြစ် ဂျပန်အတိုက်ခံပါတီများက ဝေဖန်ပြောကြားထားသည်။

အဆိုပါဥပဒေအရ ဟီနိုမာရုခေါ် ဂျပန်အမျိုးသားအလံကို လူအများရှေ့မှောက်၌ ဖျက်ဆီးမှု၊ မရိုမသေပြုလုပ်မှုများကို ဥပဒေအရ အရေးယူနိုင်မည်ဖြစ်သည်။

သို့ရာတွင် ထိုဥပဒေသည် အနုပညာတင်ပြမှုများ၊ ဆန္ဒပြပွဲများ သို့မဟုတ် ဆန္ဒထုတ်ဖော်ပြသမှု အခြားပုံစံများ၌ အမျိုးသားအလံကိုအသုံးမပြုရန် ပြည်သူများကို ခြိမ်းခြောက်သည့်သဘောဆောင်ကြောင်း ဂျပန်အတိုက်အခံပါတီများက ဝေဖန်ပြောကြားထားသည်။

ဂျပန်နိုင်ငံသည် နိုင်ငံတကာ အငြင်းပွားမှုများကို ရှောင်ရှားရေးအတွက် သံတမန်ရေး အဆောက်အအုံများ၌ လွှင့်ထူထားသည့် ပြည်ပနိုင်ငံများ၏ အမျိုးသားအလံများဖျက်ဆီးမှုကို အပြစ်ပေးနိုင်သည့် ဥပဒေတစ်ရပ်လည်း ပြဋ္ဌာန်းထားပြီးဖြစ်သည်။

သို့ရာတွင် အမျိုးသားအလံကို မရိုမသေပြုလုပ်မှုများ အပြစ်ပေးနိုင်သောဥပဒေမျိုး ဂျပန်နိုင်ငံ၌ မရှိသေးမှုမှာ မှားယွင်းနေသည်ဟု ဂျပန်ဝန်ကြီးချုပ် တာကာအိချီက ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## အစ္စရေးလွှတ်တော်ကို ဖျက်သိမ်း



**ဂျေရုဆလင် ဇူလိုင် ၁၈**

အစ္စရေးဝန်ကြီးချုပ် နေတန်ရာဟုဦးဆောင်သော ညွန့်ပေါင်းအစိုးရအဖွဲ့ နောက်ဆုံးကာလအတွင်း ဥပဒေကြမ်းများကို အမြန်ဆုံး အတည်ပြုပေးခဲ့ပြီးနောက် အစ္စရေးလွှတ်တော်ကို ဇူလိုင် ၁၇ ရက်တွင် ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

လွှတ်တော်ကို ဖျက်သိမ်းခဲ့ပြီးနောက် အစ္စရေးနိုင်ငံအနေဖြင့် ယခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် အမျိုးသားရွေးကောက်ပွဲများ ကျင်းပမည်ဖြစ်သည်။

ရွေးကောက်ပွဲမကျင်းပမီကာလအတွင်း အာဏာဆက်လက်ထိန်းထားနိုင်ရန် ဝန်ကြီးချုပ် နေတန်ယာဟုအနေဖြင့် ရုန်းကန်နေရစဉ် အစ္စရေးလွှတ်တော်ကို ဇူလိုင် ၁၇ ရက်တွင် ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

၂၀၁၉ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်ကြားကာလအတွင်း အစ္စရေးနိုင်ငံသည် ရွေးကောက်ပွဲ ငါးကြိမ်ထိ ကျင်းပခဲ့ရသည်။ လက်ရှိ အစ္စရေးလွှတ်တော်သည် လေးနှစ်သက်တမ်း အပြည့်အဝ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အစ္စရေးလွှတ်တော်ကို ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

လက်ရှိ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် အစ္စရေးသမိုင်းတစ်လျှောက် ရာထူးသက်တမ်း အကြိမ်ရေအများဆုံး ထမ်းဆောင်ခဲ့သည့် ဝန်ကြီးချုပ်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ယူကရိန်း ပင်လယ်နက်ဒေသဆိပ်ကမ်းမြို့ နှစ်မြို့ကို လေကြောင်းတိုက်ခိုက်မှု ရုရှားပြုလုပ်

**မော်စကို ဇူလိုင် ၁၈**

ယူကရိန်းနိုင်ငံ၏ ပင်လယ်နက်ဒေသဆိပ်ကမ်း မြို့နှစ်မြို့ကို ရုရှားနိုင်ငံက ဇူလိုင် ၁၇ ရက်တွင် လေကြောင်းတိုက်ခိုက်မှုများ ပြင်းထန်စွာပြုလုပ်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယူကရိန်း၏ အဓိကကုန်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်ရေးအတွက် ယူကရိန်းပင်လယ်နက် ဆိပ်ကမ်းမြို့များကို ရုရှားတပ်များက လေကြောင်းတိုက်ခိုက်မှုများ မြှင့်တင်ပြုလုပ်လာခြင်းဖြစ်သည်။

ဇူလိုင် ၁၇ ရက်တွင် ရုရှားတပ်များအနေဖြင့် ယူကရိန်းနိုင်ငံ၏ အဓိက ပင်လယ်နက်ဆိပ်ကမ်းမြို့များဖြစ်ကြသည့် အိုဒက်ဆာ ဆိပ်ကမ်းမြို့နှင့် ချော်နိုမော့ခ်ဆိပ်ကမ်းမြို့တို့ကို တိုက်ခိုက်ခဲ့ကြောင်း ရုရှား ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ရုရှားတပ်များ၏ တိုက်ခိုက်မှုကြောင့် အိုဒက်ဆာဆိပ်ကမ်းမြို့ ဆိပ်ကမ်းတစ်ခု၌ ဆိုက်ကပ်ထားသော မာရှယ်လ်ကျွန်းစု အလံတင် ကုန်တင်သင်္ဘောတစ်စီး ပျက်စီးခဲ့ပြီး သင်္ဘောသားလေးဦး ဒဏ်ရာရခဲ့ကြောင်း ယူကရိန်းတာဝန်ရှိသူများက ပြောကြားထားသည်။

ရုရှားနိုင်ငံသည် ငါးနှစ်ကျော်ကြာမြင့်လာပြီဖြစ်သည့် ယူကရိန်းစစ်ရေးပဋိပက္ခအတွင်း ယူကရိန်း၏ ပင်လယ်ရေကြောင်း ပို့ကုန်လမ်းကြောင်းများကို အကြိမ်ကြိမ် တိုက်ခိုက်ခဲ့ဖူးသည်။

သို့ရာတွင် ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း ရုရှားတပ်များသည် ယူကရိန်း၏ ပင်လယ်နက်ဆိပ်ကမ်းများကို တိုက်ခိုက်မှုများ ပိုမိုမြှင့်တင်လာခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## နော်ဝေနိုင်ငံတောင်ပိုင်း၌ မီးလောင်မှုကြောင့် လူနေအိမ် ၁၀၀ ကျော်ပျက်စီး

**အော့စ်လို ဇူလိုင် ၁၈**

နော်ဝေနိုင်ငံတောင်ပိုင်း ဒရမ်မင်မြို့အနီး၌ ဇူလိုင် ၁၇ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ လူနေအိမ် ၁၀၀ ကျော် မီးလောင်ပျက်စီးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

လေတိုက်အား ပြင်းထန်နေမှုကြောင့် နော်ဝေမီးသတ်သမားများအနေဖြင့် အဆိုပါ မီးလောင်မှုကို ထိန်းချုပ်ရန် ခက်ခက်ခဲခဲကြိုးပမ်းခဲ့ကြရသည်။

မီးလောင်မှုမှ ထွက်ပေါ်လာသည့်မီးခိုးလုံးများသည် အော့စ်လိုမြို့အနောက်ဘက် မိုင် ၃၀ အကွာရှိ ဒရမ်မင်မြို့တစ်ဝိုက်ကို ဖုံးလွှမ်းခဲ့ကြောင်း သိရသည်။

လက်ရှိတွင် မီးလောင်မှုအတွင်း သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရရှိသူ ရှိ၊ မရှိကို မသိရသေးကြောင်း နော်ဝေ တာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါ မီးလောင်မှုကို မီးသတ်သမားဦးရေ ၆၀ ကျော်တို့က ရဟတ်ယာဉ်များ အကူအညီဖြင့် ထိန်းချုပ်ခဲ့ရကြောင်း နော်ဝေမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

မီးလောင်မှု ဖြစ်ပွားခဲ့သည့် အကြောင်းရင်းကို နော်ဝေအစိုးရတာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



# SCIENCE AND TECHNOLOGY

## နာဆာက အားတီးမစ်-၃ မစ်ရှင် လွှတ်တင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများကို အရှိန်မြှင့်တင်ပြုလုပ်နေ



**ဝါရှင်တန် ဇူလိုင် ၁၈**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် အားတီးမစ်-၃ မစ်ရှင် လွှတ်တင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများကို အရှိန်မြှင့်တင်ပြုလုပ်နေကြောင်း ဇူလိုင် ၁၇ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် နာဆာသည် အားတီးမစ်-၃ မစ်ရှင်လွှတ်တင်ရာတွင်အသုံးပြုမည့် SLS ဒုံးပျံယာဉ် အစိတ်အပိုင်းများကို ကနေဒီအာကာသစခန်း၌ တပ်ဆင်နေပြီဖြစ်ကြောင်း သိရသည်။

နာဆာသည် အားတီးမစ်-၃ မစ်ရှင်ကို ၂၀၂၇ ခုနှစ်အတွင်း လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

ယခုနှစ် ဧပြီလအတွင်း အားတီးမစ်-၂ မစ်ရှင်ကို အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ပြီးနောက် အားတီးမစ်-၃ မစ်ရှင်ကို လွှတ်တင်ရန်ပြင်ဆင်နေခြင်းဖြစ်သည်။

အားတီးမစ်-၂ မစ်ရှင်ကဲ့သို့ပင် အားတီးမစ်-၃ မစ်ရှင်တွင်လည်း အာကာသယာဉ်မှူးလေးဦး လိုက်ပါမည့် အိုရီယွန်အာကာသယာဉ်ကို လကမ္ဘာအနီးသို့ လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။


အားတီးမစ်-၃ မစ်ရှင် အောင်မြင်ခဲ့ပါက နာဆာသည် အားတီးမစ်-၄ မစ်ရှင်ဖြင့် ၂၀၂၈ ခုနှစ်တွင် လကမ္ဘာပေါ်သို့ လူသားများ စေလွှတ်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## စတားလင့်ခ်ဂြိုဟ်တုများက ပြီးခဲ့သည့်နှစ်တစ်နှစ်လုံးတွင် အာကာသအမှိုက်များ၊ အခြားအာကာသယာဉ်များနှင့်ဝင်တိုက်မည့်အရေး ရှောင်တိမ်းမှုပေါင်း ၃၅၅၀၀၀ ကျော်ပြုလုပ်ခဲ့ရ

**ဝါရှင်တန် ဇူလိုင် ၁၈**



အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီ၏ စတားလင့်ခ်ဂြိုဟ်တုများသည် ပြီးခဲ့သည့်နှစ်တစ်နှစ်လုံးတွင် အာကာသအမှိုက်များ၊ အခြားအာကာသယာဉ်များနှင့် ဝင်တိုက်မည့်အရေး ရှောင်တိမ်းမှုပေါင်း ၃၅၅၀၀၀ ကျော် ပြုလုပ်ခဲ့ရကြောင်း ဇူလိုင် ၁၇ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် စပေ့အိတ်ကုမ္ပဏီ၏ စတားလင့်ခ်ဂြိုဟ်တုကွန်ရက်အတွင်းရှိ ဂြိုဟ်တုတိုင်းသည် အာကာသအမှိုက်များ၊ အခြား အာကာသယာဉ်များနှင့် ဝင်တိုက်မည့်အရေး ရှောင်တိမ်းမှုကို တစ်ပတ်လျှင် တစ်ကြိမ်မျှ ပြုလုပ်နေရကြောင်း သိရသည်။

စပေ့အိတ်ကုမ္ပဏီက ဖက်ဒရယ်ဆက်သွယ်ရေးကော်မရှင်ထံ ပေးပို့ထားသည့် အစီရင်ခံစာအရ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၆ ခုနှစ် မေလကြားကာလအတွင်း စတားလင့်ခ် ဂြိုဟ်တုများသည် အာကာသအမှိုက်များ၊ အခြား ဂြိုဟ်တုများနှင့် ဝင်တိုက်မည့်အရေးကို ရှောင်တိမ်းမှုပေါင်း ၂၀၇၁၅၂ ကြိမ်ထိ ပြုလုပ်ခဲ့ရကြောင်း သိရသည်။

အထက်ပါကာလအပိုင်းအခြား မတိုင်မီ ခြောက်လတာကာလအတွင်း စတားလင့်ခ်ဂြိုဟ်တုများသည် ရှောင်တိမ်းရေးလှုပ်ရှားမှုပေါင်း ၁၄၈၆၉၆ ကြိမ်ထိ ပြုလုပ်ခဲ့ရကြောင်း စပေ့အိတ်ကုမ္ပဏီ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

သို့ဖြစ်ရာ အထက်ပါအစီရင်ခံစာအရ စတားလင့်ခ်ဂြိုဟ်တုများ အနေဖြင့် တစ်နှစ်လျှင် ရှောင်တိမ်းရေးလှုပ်ရှားမှုပေါင်း ၃၅၅၀၀၀ ကျော်ထိပြုလုပ်နေရသည့်သဘောဖြစ်ကြောင်း ကျွမ်းကျင်သူများက တွက်ချက်ထားသည်။

စပေ့အိတ်ကုမ္ပဏီ၏ စတားလင့်ခ် အင်တာနက်ဂြိုဟ်တုကွန်ရက်သည် ကမ္ဘာမြေပြင်အထက် အမြင့် ၂၉၈ မိုင်နှင့် ၃၄၂ မိုင်ကြားတွင် တည်ရှိပြီး ဂြိုဟ်တုစင်းရေ ၁၀၈၀၀ ကျော်ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## စပေ့အိတ်ကုမ္ပဏီက Starship ပုံစံ-၃ ဒုံးပျံကို လွှတ်တင်ရန် ကြိုးပမ်းခဲ့သော်လည်း လွှတ်တင်ရေးအစီအစဉ်ကို ဖျက်သိမ်းခဲ့

**ဝါရှင်တန် ဇူလိုင် ၁၈**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် Starship ပုံစံ-၃ ဒုံးပျံကို ဇူလိုင် ၁၆ ရက်တွင် လွှတ်တင်ရန် ကြိုးပမ်းခဲ့သော်လည်း လွှတ်တင်ရေးအစီအစဉ်ကို ဖျက်သိမ်းခဲ့ရကြောင်း ဇူလိုင် ၁၇ ရက် သတင်းများအရ သိရသည်။

Starship ပုံစံ-၃ ဒုံးပျံ ပင်မဒုံးယာဉ်၏ ရက်တာဒုံးအင်ဂျင် ၃၃ လုံးတို့ကို စတင်မောင်းနှင်နေစဉ်မှာပင် လွှတ်တင်ရေးအစီအစဉ်ကို ဖျက်သိမ်းခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

Starship ပုံစံ-၃ ဒုံးပျံ လွှတ်တင်ရေးအစီအစဉ် ဖျက်သိမ်းခဲ့ရခြင်းအကြောင်းတရားကို စပေ့အိတ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားခြင်းမရှိပေ။

သို့ရာတွင် Starship ပုံစံ-၃ ပင်မဒုံးယာဉ်၏ရက်တာဒုံးအင်ဂျင်များအနက် နှစ်လုံးကို အစားထိုးလဲလှယ်၍ လာမည့်တစ်ပတ်အတွင်း လွှတ်တင်နိုင်ရေးအတွက် ကြိုးပမ်းမည်ဖြစ်ကြောင်း စပေ့အိတ်ကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါမစ်ရှင်သည် စပေ့အိတ်ကုမ္ပဏီက လွှတ်တင်မည့် ၁၃ ကြိမ်မြောက် Starship မစ်ရှင်ဖြစ်ကြောင်း သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် ၂၀၂၃ ခုနှစ် ဧပြီလမှစ၍ Starshipမစ်ရှင်ပေါင်း ၁၂ ကြိမ်ထိ လွှတ်တင်ထားရာ နောက်ဆုံးလွှတ်တင်ခဲ့သော မစ်ရှင်နှစ်ခုသာ အောင်မြင်မှုရရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## အယ်ဇိုင်းမားရောဂါဆေးသစ်တစ်မျိုးက ရောဂါလက္ခဏာများ ပိုဆိုးလာနိုင်မှုကို သုံးနှစ်ကြာမျှ တားဆီးပေးနိုင်

**လန်ဒန် ဇူလိုင် ၁၈**

အယ်ဇိုင်းမားရောဂါဆေးသစ်တစ်မျိုးသည် ရောဂါလက္ခဏာများ ပိုဆိုးလာနိုင်မှုကို သုံးနှစ်ကြာမျှ တားဆီးပေးနိုင်ကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၁၇ ရက်တွင် ပြောကြားသည်။

Donanemab ဆေးသည် အယ်ဇိုင်းမားရောဂါ လူနာများ၌ မှတ်ဉာဏ်နှင့် တွေးတောဆင်ခြင်နိုင်မှုစွမ်းရည်ပျက်စီးနိုင်မှုကို သုံးနှစ်ကြာမျှ တားဆီးပေးနိုင်သည့်အပြင် အယ်ဇိုင်းမားနှင့်ဆက်စပ်နေသော ဦးနှောက်တစ်ရှူးပျက်စီးမှုများကို ကာကွယ်နိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် Donanemab ဆေး၏ အာနိသင်ကို ဖော်ထုတ်နိုင်ရန် အယ်ဇိုင်းမားလူနာ ဦးရေ ၁၂၀၀ တို့ကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ Donanemab ဆေးသည် ဦးနှောက်အတွင်း Tau ပရိုတင်းတစ်မျိုး စုစည်းမှုကို လျှော့ချပေးနိုင်ဖွယ် ရှိကြောင်း၊ သို့သော် ၎င်းပရိုတင်းများစုစည်းမှု မြင့်တက်လာခဲ့ပါက အယ်ဇိုင်းမားရောဂါလက္ခဏာများ ပေါ်ထွက်လာတတ်ကြောင်း ဗြိတိန် သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

## အူမကြီးကင်ဆာရောဂါလူနာများ ရောဂါစစ်ဆေးတွေ့ရှိခဲ့ပြီးနောက် လေးရက်အတွင်း ကုထုံးခံယူမှုစတင်သင့်

**နယူးယောက် ဇူလိုင် ၁၈**

အူမကြီးကင်ဆာရောဂါလူနာများသည် ရောဂါစစ်ဆေးတွေ့ရှိခဲ့ပြီးနောက် လေးရက်အတွင်း ကုထုံးခံယူမှု စတင်သင့်ကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၁၇ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ အင်ဒီယာနာ ဆေးတက္ကသိုလ်မှ သုတေသန ပညာရှင်များ၏အဆိုအရ အူမကြီးကင်ဆာ လူနာများအနေဖြင့် ရောဂါစစ်ဆေး တွေ့ရှိခဲ့ပြီး လေးရက်အတွင်း ကုထုံးခံယူမှု စတင်ခဲ့ခြင်းမရှိပါက အသက်ရှင်နိုင်ခွင့်အလားအလာ သုံးပုံတစ်ပုံ ကျဆင်းသွားနိုင်ကြောင်း သိရသည်။


ထို့ပြင် ကုထုံးခံယူရန် တစ်လနှင့် ၁၅ ရက်ထိ စောင့်ဆိုင်းနေရသည့် အူမကြီးကင်ဆာလူနာများတွင် ကင်ဆာဆဲလ်များပျံ့နှံ့နိုင်ခြေမှာလည်း ပုံမှန်ထက် ၅၅ ရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အူမကြီးကင်ဆာလူနာများအနေဖြင့် ရောဂါစစ်ဆေးတွေ့ရှိခဲ့ပြီးနောက် အချိန်မဆိုင်းဘဲ ကုထုံးရယူသင့်သည်ကို တွေ့ရကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အထူးသဖြင့် ခွဲစိတ်ကုသမှုခံယူမှုမတိုင်မီ ဓာတုကုထုံးခံယူရန် လိုအပ်သည့် အူမကြီးကင်ဆာလူနာများအနေဖြင့် ကုထုံးခံယူရန် ကြန့်ကြာနေခဲ့ပါက အသက်ရှင်ခွင့်အလားအလာ လျော့ကျသွားနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO






# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပထမဆုံးအကြိမ်အဖြစ် ချန်ပီယံအသင်းကို ချန်ပီယံအထိမ်းအမှတ်လက်စွပ် အပိုဆောင်းချီးမြှင့်မည်

ဝါရှင်တန် ဇူလိုင် ၁၈

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) က လက်ရှိ ၂၀၂၆ ကမ္ဘာ့ဖလား ပြိုင်ပွဲတွင် ပထမဆုံးအကြိမ်အဖြစ် ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်သည့် အသင်းကို ချန်ပီယံအထိမ်းအမှတ် လက်စွပ်များ အပိုဆောင်း ချီးမြှင့် ပေးအပ်မည်ဖြစ်ကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဖီဖာက လက်ရှိ ၂၀၂၆ ကမ္ဘာ့ ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုအထိမ်း အမှတ်လက်စွပ် စုစုပေါင်း ၂၀၂၆ ကွင်း ထုတ်လုပ်သွားမည်ဖြစ်ပြီး ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်သည့် အသင်းကို လက်စွပ်အကွင်း ၃၀ ချီးမြှင့်ပေးအပ်မည်ဖြစ်ပြီး ကျန်ရှိသည့် ၁၉၉၆ ကွင်းကို ကမ္ဘာတစ်ဝန်းမှ ပရိသတ်များ ထံ ရောင်းချပေးသွားမည် ဖြစ်သည်။



အားကစားလောက၌ ချန်ပီယံဆု ရရှိသည့်အသင်းများကို ချန်ပီယံ အထိမ်းအမှတ်လက်စွပ် ပေးအပ် ခြင်းကို အမေရိကန်နိုင်ငံတွင် ကျင်းပသည့် ဘတ်စကက်ဘော ပြိုင်ပွဲအပါအဝင် ပြိုင်ပွဲအများစုတွင် ပေးအပ်ချီးမြှင့်လေ့ ရှိသော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ယခုနှစ်မှ ပထမဆုံးအကြိမ်အဖြစ် ချီးမြှင့် ပေးအပ်ခြင်းဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) က ချန်ပီယံအထိမ်းအမှတ် လက်စွပ်များကို နံပါတ်(၁)မှ နံပါတ်(၂၀၂၆)ထိ အစဉ်လိုက် ထုတ်လုပ်သွားမည် ဖြစ်ပြီး ချန်ပီယံဆုရရှိသည့် အသင်းကို နံပါတ်(၁)မှ(၃၀)ထိ ပေးအပ်သွား မည်ဖြစ်ကြောင်း သိရသည်။

Ref : The Athletic

Trs : STA

# ဟက်ဆိုက WBC International လိုက်ဟဲဗီးဝိတ်တန်းချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့

မူလ်ဟိမ်း ဇူလိုင် ၁၈

WBC International လိုက် ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်အဖြစ် ဂျာမနီ လက်ဝှေ့သမားများ ဖြစ်ကြသည့် လက်ရှိချန်ပီယံ ဟက်ဆိုနှင့် စိန်ခေါ်သူ ကက်မန်းတို့ ဇူလိုင် ၁၇ရက်တွင် ဂျာမနီနိုင်ငံ မူလ်ဟိမ်း မြို့၌ ထိုးသတ်ခဲ့ရာ ဟက်ဆိုက ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရပြီး လက်ရှိ ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့ကြောင်း Boxing Scene သတင်းဌာနက ယနေ့ တွင် ဖော်ပြခဲ့သည်။

ဟက်ဆိုအတွက် ပထမဆုံး လက်ရှိ ချန်ပီယံခါးပတ်ကို ကာကွယ်ထိုးသတ်ခဲ့သည့် ပွဲစဉ် ဖြစ်ပြီး ဝါရင့်လက်ဝှေ့သမားကြီး ကက်မန်းကို ဒုတိယမြောက်အချီ၌ အလဲထိုးသတ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ဟက်ဆိုသည် စိန်ခေါ်ပွဲ ၂၄ ပွဲ ထိုးသတ်ထားပြီး ရှုံးပွဲမရှိ စံချိန်ကို ဆက်လက်ထိန်းသိမ်းနိုင် ခဲ့သည်။

ဟက်ဆိုက "ဒီပွဲဟာ ကျွန်တော့် ဘဝရဲ့ ပထမဆုံး လက်ရှိချန်ပီယံ ကို ကာကွယ်တဲ့ပွဲစဉ်ဖြစ်ပါတယ်။ အရေးကြီးတဲ့ ပွဲစဉ်တစ်ပွဲပါ။ ပြိုင်ဘက်ကလဲ လေးစားရတဲ့ ကစားသမား ဖြစ်တဲ့အတွက် ကျွန်တော် သေချာပြင်ဆင်လာခဲ့ ပါတယ်။ ဒုတိယမြောက် အချီမှာ တင် ဒိုင်ပွဲရပ်ရလဒ်နဲ့ အနိုင်ရခဲ့လို့ ဝမ်းသာပါတယ်" ဟု ပြောကြား ခဲ့ကြောင်း သိရသည်။

Ref : Boxing Scene

Trs : AZL



# မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၉)နောက်ဆုံးပွဲစဉ်တွင် သစ္စာအားမာန်အသင်းက ချင်းလန်းအက်ဖ်စီအသင်းကို လေးဂိုး ဂိုးမရှိဖြင့်အနိုင်ရ

ရန်ကုန် ဇူလိုင် ၁၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီ က ကြီးမှူးကျင်းပနေသည့် မြန်မာ နေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ် (၉) နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ချင်းလန်း အက်ဖ်စီအသင်းနှင့် သစ္စာ အားမာန်အသင်းတို့ ကစားခဲ့ရာ သစ္စာအားမာန်အသင်းက လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်၌ ပွဲစကတည်းက သစ္စာအားမာန်အသင်းက ကစား ကွက်အသာဖြင့် ဖိအားပေးကစား ခဲ့ကာ ပွဲချိန် မိနစ် ၄၀ တွင် ဟိန်းလင်းဇော်နှင့် ပွဲချိန် ၄၅ မိနစ် ပြည့်ပြီး အချိန်ပို တစ်မိနစ်တွင် ရာဇာအောင်ဟိန်းတို့က သစ္စာ အားမာန်အသင်းအတွက် သွင်းဂိုး များ သွင်းယူခဲ့ပြီး ပထမပိုင်းအပြီး တွင် သစ္စာအားမာန်အသင်း က နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင် ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည် စတင်ချိန်တွင်လည်း သစ္စာအား မာန်အသင်းကပင် ဆက်လက် ဖိအားပေးကစားခဲ့ကာ ချင်းလန်း အက်ဖ်စီအသင်း ခက်ခက်ခဲခဲ ထိန်းချုပ် ကစားခဲ့သော်လည်း ပွဲချိန် ၆၉ မိနစ်နှင့် ၇၉ မိနစ်တို့တွင် မျိုးမြင့်ခန့်က သစ္စာအားမာန် အသင်းအတွက် ဦးဆောင်ဂိုး များ ဆက်လက်သွင်းယူခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် နှစ်သင်း လုံး ဂိုးသွင်းယူနိုင်ခြင်းမရှိသည့် အတွက် ပွဲပြီးဆုံးချိန်တွင် သစ္စာ အားမာန်အသင်းက လေးဂိုး ဂိုး မရှိဖြင့် အနိုင်ရခဲ့သည်။

အဆိုပါ ပွဲစဉ်အတွက် အကောင်းဆုံး ကစားသမားဆုကို သစ္စာအားမာန်အသင်းနှင့် အတူ အကောင်းဆုံး ခြေစွမ်းပြသပြီး သွင်းဂိုး တစ်ဂိုးသွင်းယူခဲ့သည့် ဟိန်းလင်းဇော်က ဆွတ်ခူးခဲ့ ကြောင်း သိရသည်။

STA

# Athens Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ကို ဆက်ကာရီ တက်ရောက်

အေသင် ဇူလိုင် ၁၈

ဂရိနိုင်ငံ အေသင်မြို့တွင် ကျင်းပနေသည့် Athens Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဂရိ တင်းနစ်မယ် ဆက်ကာရီနှင့် အမေရိကန်တင်းနစ်မယ် အလိုင် စီယာတို့ယှဉ်ပြိုင်ခဲ့ရာ ဆက်ကာရီ က(၆-၄၊၆-၃)ရလဒ်ဖြင့် အနိုင်ရ ပြီး ဆီမီးဖိုင်နယ်အဆင့်ကို တက် ရောက်ခဲ့ကြောင်း TSN သတင်း ဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆက်ကာရီအနေဖြင့် မွေးရပ် မြေရှိ ပရိသတ်များရှေ့တွင် အကောင်းဆုံး စွမ်းဆောင်ပြခဲ့ပြီး ပထမပွဲငယ်တွင် အနည်းငယ် ခက်ခဲခဲ့သော်လည်း ဒုတိယပွဲတွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရ ခဲ့ခြင်းဖြစ်သည်။

ဆက်ကာရီက "ဒီနှစ်အတွင်း အခုလိုပုံစံမျိုး မကစားနိုင်ခဲ့တာ ကြာပါပြီ။ စွမ်းဆောင်ရည်တွေ ကျဆင်းခဲ့ပြီးတော့ ရလဒ်ကောင်း ရဖို့အတွက် သိပ်ကို ခက်ခဲနေခဲ့ပါ တယ်။ ဒါပေမဲ့လဲ အေသင်မှာတော့ အကောင်းဆုံး စွမ်းဆောင်ထား နိုင်ပါတယ်။ အခုလို ဂရိပရိသတ် တွေရှေ့မှာ ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့လို့ ဝမ်းသာ ဂုဏ်ယူပါတယ်။ ဆီမီးဖိုင်နယ် အဆင့်မှာလဲ အကောင်းဆုံး ကစားနိုင်အောင် ကြိုးစားသွားပါ မယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN

Trs : AZL

# ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခြေစွမ်းပြသနေသည့် အာဂျင်တီးနားအသင်းခေါင်းဆောင် မက်ဆီ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုအတွက် ထိပ်ဆုံးမှရေပန်းစားနေ

ဗျူနိုစ်အေးရိစ် ဇူလိုင် ၁၈

အာဂျင်တီးနား အသင်း ခေါင်းဆောင် မက်ဆီသည် လက်ရှိ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြသ နေသည့်ခြေစွမ်းများကြောင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့အကောင်းဆုံး ကစား သမားဆုအတွက် ထိပ်ဆုံးမှ ရေပန်းစားနေကြောင်း B/R Foot- ball သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့ အကောင်းဆုံး ကစားသမားဆုကို ၂၀၂၅ ခုနှစ် ဩဂုတ် ၁ ရက်မှ စတင် ပြီး ၂၀၂၆ ခုနှစ် ဇူလိုင် ၃၁ ရက် အတွင်း ကစားသမားများ၏ ခြေစွမ်းပြသမှုများကို အခြေခံ တွက်ချက်ကာ စိစစ်ရွေးချယ် ပေးအပ်မည်ဖြစ်ပြီး လက်ရှိ ကမ္ဘာ့ဖလားပြိုင်ပွဲသည် ကမ္ဘာ့



အကောင်းဆုံး ကစားသမားဆု အတွက် ပိုမိုအရေးပါသည့် ပြိုင်ပွဲ တစ်ရပ်အဖြစ် ရပ်တည်နေသည်။

မက်ဆီသည် လက်ရှိ ကမ္ဘာ့ ဖလားပြိုင်ပွဲ၌ အာဂျင်တီးနား အသင်း ဗိုလ်လုပွဲအဆင့် တက် ရောက်နိုင်ခဲ့ရာတွင် အဓိက ကစား သမားအဖြစ် ပါဝင်နေသူဖြစ်ပြီး အသင်းအတွက် သွင်းဂိုး ရှစ်ဂိုးနှင့် ဂိုးဖန်တီးမှုလေးကြိမ် ပြုလုပ်ထား ကာ သွင်းဂိုးအများဆုံး ကစား သမားဆုအပြင် ဂိုးဖန်တီးမှု အများဆုံး ကစားသမားအဖြစ်ပါ ရပ်တည်နိုင်ရန် နီးစပ်နေခြင်း ဖြစ်သည်။

လက်ရှိတွင် မက်ဆီသည် ကမ္ဘာ့ အကောင်းဆုံး ကစားသမားဆုကို ရှစ်ကြိမ်ထိရရှိထားကာ အကြိမ်ရေ အများဆုံး ကစားသမားအဖြစ် ရပ်တည်နေပြီး ယခုနှစ်တွင် ရရှိ မည်ဆိုပါက ကိုးကြိမ်မြောက် ဆွတ်ခူးနိုင်မည်ဖြစ်သည်။

ကမ္ဘာ့အကောင်းဆုံး ကစား သမားဆုအတွက် မက်ဆီ၏ နောက်တွင် အင်္ဂလန်အသင်းမှ ဟယ်ရီကိန်း၊ ပြင်သစ်အသင်းမှ အမ်ဘာပီ၊ စပိန်အသင်းမှ လမိုင်းယာမယ်တို့က ရေပန်းစား နေကြောင်း သိရသည်။

Ref : B/R Football

Trs : STA

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနက ပြည်တွင်းထုတ် HAPS မောင်းသူမဲ့လေယာဉ်များ ဝယ်ယူရန်အတည်ပြု



အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနသည် စောင့်ကြည့်ထောက်လှမ်းရေးလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ပြည်တွင်းထုတ် တောင်ပံပုံသေတပ်ဆင်ထားသော High Altitude Pseudo Satel-lite (HAPS) မောင်းသူမဲ့လေယာဉ်များ ဝယ်ယူရန် အတည်ပြုလိုက်ပြီဖြစ်ကြောင်း The Defense post သတင်းဌာနက ဇူလိုင် ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါမောင်းသူမဲ့လေယာဉ်၏ အရေအတွက်ကို ထုတ်ဖော်ပြောကြားခြင်း မရှိသကဲ့သို့ မည်သည့်ကုမ္ပဏီက တီထွင်သည်ကိုလည်း ထုတ်ဖော်ပြောဆိုခြင်းမရှိသေးပေ။ လက်ရှိတွင် အိန္ဒိယအဖွဲ့အစည်းနှစ်ခုက ပြည်တွင်း၌ တောင်ပံပုံသေတပ် HAPS မောင်းသူမဲ့လေယာဉ်များကို တီထွင်လျက်ရှိသည်။

HAPS မောင်းသူမဲ့လေယာဉ်သည် အမြင့်ပေ ၆၅၀၀၀ အထက်ရှိ စထရာတိုစဖီးယားလေထုအလွှာတွင် လည်ပတ်နိုင်ရန် ဒီဇိုင်းထုတ်ထားသည့် ကြာရှည်ပျံသန်းနိုင်သော မောင်းသူမဲ့စောင့်ကြည့်ထောက်လှမ်းရေးလေယာဉ်တစ်မျိုးဖြစ်ပြီး သတ်မှတ်ထားသော ဧရိယာတစ်ခုအပေါ်တွင် ရက်သတ္တပတ် သို့မဟုတ် လများစွာကြာအောင် ဆက်တိုက်ပျံသန်းနိုင်စွမ်းရှိကြောင်း သိရသည်။

ကမ္ဘာ့အမြင့်ဆုံးပျံသန်းနိုင်သည့် RQ-4 Global Hawk စောင့်ကြည့်ရေးဒရုန်းမှာ ပေ ၆၅၀၀၀ ခန့်သာ ပျံသန်းနိုင်ပြီး တစ်ရက်ကျော်သာ ပျံသန်းနိုင်စွမ်းရှိသည်။ သမားရိုးကျ လောင်စာဆီသုံးဒရုန်းများနှင့်မတူဘဲ တောင်ပံပုံသေတပ် HAPS မောင်းသူမဲ့လေယာဉ်များသည် နေ့ဘက်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် နေရောင်ခြည်စွမ်းအင်သုံးအပြားများကိုအသုံးပြုပြီး ညဘက်တွင် ပျံသန်းနိုင်ရန် အားပြန်သွင်းနိုင်သည့် ဘက်ထရီများကို အသုံးပြုသည်။ စထရာတိုစဖီးယားရှိ ပါးလွှာသောလေထုကြောင့် စွမ်းအင်သုံးစွဲမှုကိုလည်း ပိုမိုသက်သာစေကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် လက်ရှိတွင် နယ်စပ်နှင့် ပင်လယ်ပြင်တို့ကို စောင့်ကြည့်ရန် ဂြိုဟ်တု ၁၂ စင်းခန့်သာ အသုံးပြုနေပြီး တရုတ်နိုင်ငံ၏ ခန့်မှန်းခြေ စစ်ဘက်သုံးဂြိုဟ်တုအစင်း ၃၀၀ နှင့် နှိုင်းယှဉ်ပါက အလွန်နည်းပါးနေသည်။ ကမ္ဘာ့အနိမ့်ပတ်လမ်းဂြိုဟ်တုများသည် မိနစ် ၉၀ လျှင် တစ်ပတ်နှုန်း ပတ်နေသောကြောင့် ဂြိုဟ်တုအနည်းငယ်ဖြင့် စောင့်ကြည့်ပါက ဧရိယာတစ်ခုကို ပြန်လည်စစ်ဆေးရန် မိနစ်ပိုင်းအစား နာရီပိုင်းထိ ကြာမြင့်တတ်သည်။ ထို့ကြောင့် စစ်သည်များ လှုပ်ရှားမှု၊ ဒုံးကျည်ဖြန့်ကြက်မှု သို့မဟုတ် ရေကြောင်းစစ်ဆင်ရေးများကဲ့သို့ အချိန်နှင့်တစ်ပြေးညီဖြစ်ပွားသော အဖြစ်အပျက်များကို ဂြိုဟ်တုများ လွတ်သွားနိုင်ခြေများပြားစေသည်။

HAPS မောင်းသူမဲ့လေယာဉ်သည် လေကြောင်းရန် ကာကွယ်ရေးစနစ်အများစုမမီနိုင်သောအမြင့်တွင် ပျံသန်းလျက်ရက်သတ္တပတ်များစွာကြာအောင် အမြင်အာရုံ၊ အနီအောက်ရောင်ခြည်နှင့် အချက်ပြထောက်လှမ်းရေးလွှမ်းခြုံမှုကို ပေးစွမ်းနိုင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ HAPS မောင်းသူမဲ့လေယာဉ်တီထွင်မှုသည် ဂြိုဟ်တုစနစ်အားနည်းချက်ကို ဖြေရှင်းရန်အတွက် မဟာဗျူဟာမြောက် အလှည့်အပြောင်းတစ်ခုဖြစ်သည်။ ရေရှည်စောင့်ကြည့်ထောက်လှမ်းနိုင်သည့် ဤမောင်းသူမဲ့လေယာဉ်များသည် ရန်သူ့လှုပ်ရှားမှုများကို အချိန်နှင့်တစ်ပြေးညီ ထောက်လှမ်းနိုင်ရုံသာမက သမားရိုးကျဂြိုဟ်တုများထက် ပိုမိုတိကျသော သတင်းအချက်အလက်ကို ပေးစွမ်းနိုင်မည်ဖြစ်သည်။ ဤနည်းပညာကို ပြည်တွင်း၌ ကိုယ်တိုင်တီထွင်နိုင်ခြင်းသည် အိန္ဒိယ၏ ကာကွယ်ရေးဆိုင်ရာ အချုပ်အခြာအာဏာကို ပိုမိုခိုင်မာစေသကဲ့သို့ ဒေသတွင်းလုံခြုံရေးအတွက်လည်း အရေးပါသော အားဖြည့်မှုတစ်ခုဖြစ်လာနိုင်ကြောင်း သိရသည်။

**India Approves High Altitude Pseudo Satellite to Fill Surveillance Gap** ကို ဘာသာပြန်ဆိုထားပါသည်။

## အက်စ်တိုးနီးယားနိုင်ငံက ရန်သူ့ဒရုန်း၏ ဗီဒီယိုဖိုင်ကို အသုံးပြု၍ ပြန်လည်ခြေရာခံနိုင်မည့် ဆော့ဖ်ဝဲလ်အသစ်တီထွင်ခဲ့

အက်စ်တိုးနီးယားနိုင်ငံရှိ နည်းပညာကုမ္ပဏီတစ်ခုသည် ကြားဖြတ်ဖမ်းယူရရှိထားသော ရန်သူ့ဒရုန်း၏ ရိုက်ကူးချက်ဗီဒီယိုဖိုင်များကိုအသုံးပြု၍ ပြန်လည်ခြေရာခံနိုင်မည့် ဆော့ဖ်ဝဲလ်အသစ်တစ်ခုကို တီထွင်ခဲ့ကြောင်း Next Gen Defense သတင်းဌာနက ဇူလိုင် ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အက်စ်တိုးနီးယားနိုင်ငံ တာလင်းမြို့အခြေစိုက် Farsight Vision ကုမ္ပဏီက တီထွင်ဖန်တီးထားသော FSV Localizer ဟုခေါ်သည့် ဤဆော့ဖ်ဝဲလ်စနစ်သည် ရန်သူ့ဒရုန်းမှ တိုက်ရိုက်ထုတ်လွှင့်နေသည့် ဗီဒီယိုဖိုင်ကို မြေပြင်မြေပုံအစစ်အမှန်များနှင့် တိုက်ဆိုင်စစ်ဆေးကာ စက္ကန့်ပိုင်းအတွင်း ၎င်း၏ပထဝီတည်နေရာကို ရှာဖွေဖော်ထုတ်ပေးနိုင်သည်။

ထို့နောက် ၎င်းသည် အဆိုပါဒရုန်း၏ ပျံသန်းမှု လမ်းကြောင်းတစ်ခုလုံးကို အဆင့်ဆင့် ပြန်လည်ပုံဖော်ပေးနိုင်သည့်အတွက် အော်ပရေတာများအနေဖြင့် ဒရုန်း၏ လက်ရှိတည်နေရာသာမက ယခင်က ဖြတ်သန်းခဲ့သည့် နေရာများကိုပါ သီးသန့်အဆင့်မြင့် ဟာ့ဒ်ဝဲလ်များမလိုဘဲ တိကျစွာ ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်သည်။

ဤဆော့ဖ်ဝဲလ်ကို အသုံးပြုရန်အတွက် အော်ပရေတာများသည် ဒစ်ဂျစ်တယ်မြေပုံပေါ်တွင် ရှာဖွေရမည့် ဧရိယာတစ်ခုကို သတ်မှတ်ပေးပြီး ကြားဖြတ်ဖမ်းယူရရှိထားသည့် ဗီဒီယိုလိုင်းကို ချိတ်ဆက်ပေးရုံသာဖြစ်သည်။ FSV Localizer ဆော့ဖ်ဝဲလ်သည် မြေမျက်နှာသွင်ပြင်ကို ရှာဖွေစကင်ဖတ်ပြီး ကိုက်ညီသည့် တည်နေရာကိုရှာဖွေကာ ဒရုန်း၏တည်နေရာကို အတိအကျ ဖော်ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

FSV Localizer ဆော့ဖ်ဝဲလ်သည် Farsight Vision ကုမ္ပဏီ၏ ပထဝီအာကာသဆိုင်ရာ ထောက်လှမ်းရေးပလက်ဖောင်းများတွင် နောက်ဆုံးပေါ်စနစ်တစ်ခုဖြစ်ပြီး ပြင်းထန်သော စစ်ပွဲပတ်ဝန်းကျင်တွင် ဆုံးဖြတ်ချက်များကို လျင်မြန်စွာချမှတ်နိုင်ရန် ကူညီပေးမည့် စွမ်းအားစုများကို တိုးချဲ့ပေးလိုက်ခြင်းဖြစ်သည်။

ယခုနှစ် အစောပိုင်းတွင်လည်း Farsight Vision ကုမ္ပဏီသည် ဒရုန်းများကို မလွှတ်တင်မီ ဆက်သွယ်ရေးလိုင်း အားကောင်းသောဇုန်များနှင့် အားနည်းသောဇုန်များကို ကြိုတင်ခွဲခြားသတ်မှတ်နိုင်သည့် စွမ်းဆောင်ရည်သစ်တစ်ရပ်ကို မိတ်ဆက်ပေးခဲ့ပြီး လိုင်းပြတ်တောက်နိုင်သောနေရာများကို ရှောင်ရှားနိုင်ရန် ကူညီပေးခဲ့သည်။



ဤဆော့ဖ်ဝဲလ်သည် ပြိုင်ဆိုင်မှုပြင်းထန်သော ရှေ့တန်းစစ်မျက်နှာများတွင် ပတ်ဝန်းကျင်အခြေအနေကို ပိုမိုသိရှိနားလည် နိုင်စွမ်းရှိစေရန်နှင့် မြန်ဆန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်ရည်ရွယ်ပြီး ဒီဇိုင်းဆွဲထားခြင်းဖြစ်သည်။

Farsight Vision ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ဗစ်တိုရီယာရာရမ်ချပ်ခ်က "ခေတ်သစ်စစ်ပွဲတွေမှာ ကြားဖြတ်ဖမ်းယူရရှိတဲ့ ဒရုန်းဗီဒီယိုဖိုင်ဆိုတာ ရိုးရိုးရုပ်သံဖိုင်တစ်ခုထက် အများကြီးပိုပါတယ်။ အဲဒါကို ဘယ်လိုဖတ်ရမလဲဆိုတာသိမယ်ဆိုရင် အလွန်တန်ဖိုးရှိတဲ့ စစ်ဘက်ဆိုင်ရာ သတင်းအချက်အလက် ရင်းမြစ်တစ်ခုဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

**This Estonian Software Uses an Enemy Drone's Own Video to Hunt It Down** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# မမေ့နိုင်စရာ အာဇာနည်နေ့

အာကာမောင်မောင်

မြန်မာပြည်သူတို့၏နှလုံးသားတွင် အာဇာနည်နေ့ဖြစ်တည်ခဲ့သည်မှာ နှစ်ပေါင်း ၇၉ နှစ်သို့ရောက်ရှိလာပြီဖြစ်သည်။ အာဇာနည်ဆိုသည်မှာ အကြောင်းဟုတ်မဟုတ်ကို ကောင်းစွာသိသောသူ၊ သာမန်ထက်လက်ရုံးရည်နှလုံးရည် ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူဖြစ်သည်။ အာဇာနည်နေ့ဆိုသည်မှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ မြန်မာ့အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးသည့် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်နေ့ကို အထိမ်းအမှတ်ပြု၍ နှစ်စဉ်ကျင်းပမြဲဖြစ်သောနေ့ကို ခေါ်ဆိုခြင်းဖြစ်သည်။

အာဇာနည်နေ့ဟုကြားသိလိုက်သည်နှင့် ရင်ထဲတွင် စူးနစ်သောခံစားချက်များဝင်လာသည်။ ဘာဖြစ်လို့များ ဒီလိုအဖြစ်မျိုးကြုံတွေ့ခဲ့ရတာလဲ၊ လုပ်ကြံသူတွေကလည်း အစည်းအဝေးမှာဝိုင်းထိုင်နေသည့်သူတွေကို ရက်ရက်စက်စက်ပစ်ခတ်သတ်ဖြတ်ခဲ့ရတာလဲဆိုသောအတွေးမှာ ငယ်စဉ်ကလေးဘဝတွေးခဲ့သောအတွေးဖြစ်သည်။ ထိုအတွေးအမြင်ကြောင့်ပင် ဂဠုန်ဦးစောနှင့်လုပ်ကြံသူများကို ရွံရှာမုန်းတီးနေမိသည်။ တစ်ခေတ်မှာ တစ်ယောက်သာ ရှိခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းကို ဘာဖြစ်လို့လုပ်ကြံသတ်ဖြတ်ခဲ့သလဲဆိုသည့်အဖြေကိုလည်း ဆက်စပ်တွေးနေမိသည်။

အသက်အရွယ်ရလာသည့်အခါ ငယ်စဉ်ကသိခဲ့ရသောအကြောင်းအချက်များနှင့် မလုံလောက်တော့ဘဲ အာဇာနည်နေ့ဖြစ်ပေါ်လာရန် နောက်ကွယ်က အဓိက ကြိုးကိုင်သူကိုလေ့လာမိသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ကို လုပ်ကြံရန် လက်နက်ခဲယမ်းများထုတ်ပေးခဲ့သူမှာ နောက်ကွယ်က လက်မည်းကြီးအစစ်အမှန်ဖြစ်သည်။

အချိန်ကာလကိုပြန်လည်တွက်စစ်ကြည့်သည့်အခါ အာဇာနည်နေ့ဖြစ်ပေါ်ခဲ့သည့်နေ့ရက်နှင့် အချိန်အခါမှာ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသေးသည့်အချိန်မဟုတ်ပေ။ ကိုလိုနီနယ်ချဲ့တို့လွှမ်းမိုးအုပ်ချုပ်နေသည့်အချိန်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်၍ တစ်နှစ်အတွင်း လွတ်လပ်ရေးရရှိရန် တိုက်ပွဲဝင်နေသည့်အချိန်ဖြစ်သည်။ ကိုလိုနီနယ်ချဲ့တို့က မြန်မာပြည်ကို လွတ်လပ်ရေးပေးရသည့်အခါ တောင်တန်းဒေသများကို ချန်ထားလိုသည်။ ကိုလိုနီနယ်ချဲ့တို့သည် နဂိုကပင် တောင်တန်းနှင့်မြေပြန့်ကို ခွဲခြားအုပ်ချုပ်ထားသည့်အတွက် တောင်တန်းဒေသများကို ချန်လှပ်ထားကာ မြေပြန့်ဒေသကိုသာ လွတ်လပ်ရေးပေးလိုသည်။ ဤသည်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်များက လက်မခံနိုင်ပေ။ လွတ်လပ်ရေးပေးလျှင် မြန်မာတစ်နိုင်ငံတစ်ခုလုံးကို တစ်ပြိုင်တည်း လွတ်လပ်ရေးပေးရမည်။

ခွဲခွဲခြားခြားပေးခြင်းကိုလက်ခံလိုက်ပါက နောင်တွင်မြန်မာနိုင်ငံသည် အရှေ့အနောက် တောင်မြောက်ဟူ၍ကွဲပြားသွားပေမည်။ တစ်ချိန်က မြန်မာနိုင်ငံကို အထက်ဗမာပြည်၊ အောက် ဗမာပြည် ခေါ်ဆိုသလို ဖြစ်လာနိုင်သည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော် နေထိုင်သည့်နိုင်ငံဖြစ်သည်။ အဆိုပါတိုင်းရင်းသားအပေါင်းသည်လည်း ရှေးနှစ်ပေါင်းများစွာကတည်းက ဤမြေဤရေတွင် အေးအတူပူအမျှ အတူတကွ နေထိုင်နေခြင်းဖြစ်သည်။ မြန်မာ့သမိုင်းတွင်လည်း အနော်ရထာ၊ ဘုရင့်နောင်နှင့် အလောင်းမင်းတရားတို့သည် တစ်စုတစ်စည်းတည်းသော နိုင်ငံတော်ကို တည်ထောင်ခဲ့ကြသည်။

အင်္ဂလိပ်-မြန်မာစစ်ပွဲ သုံးကြိမ်ဖြစ်ပွားစဉ်ကလည်းနေရာဒေသအားလုံးသည် မြန်မာနိုင်ငံအဖြစ် လွတ်လပ်ရေး ဆုံးရှုံးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည်တိုင်းရင်းသား ဒေသများသို့လှည့်လည်ကာ အခြေအနေမှန်ကို ရှင်းပြသည်။ နောင်ဖြစ်လာနိုင်မည့် ပြဿနာကိုလည်း ချပြဆွေးနွေးခဲ့သည်။ ထို့ကြောင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့၌ ဗိုလ်ချုပ်အောင်ဆန်းနှင့်တိုင်းရင်းသား ခေါင်းဆောင်များစည်းလုံးညီညွတ်စွာဖြင့် ပင်လုံစာချုပ် လက်မှတ်ရေးထိုးကာ လွတ်လပ်ရေးကိုအတူတကွ ရယူကြရန် ဆုံးဖြတ်ခဲ့ကြသည်။

**❖ ဗိုလ်ချုပ်အောင်ဆန်းနှင့်ဝန်ကြီးများ အစည်းအဝေးစတင်ပြီး မိနစ်အနည်းငယ်အကြာတွင် အစည်းအဝေးခန်းအတွင်းသို့ လူလေးဦးသည် အခန်းစောင့်ကို ဖယ်ရှားဝင်ရောက်ကာ စက်သေနတ်များ ဖြင့်ပစ်ခတ်ကြသည်။ အစည်းအဝေးခန်းမမှ ပြန်အထွက် အပြင်တွင် ရင်ဆိုင်တွေ့ရသောဦးရာဇတ်၏ သက်တော်စောင့် ရဲဘော်ကိုထွေးကို ပစ်သတ်ခဲ့ကြသည်။ ထိုပစ်ခတ်လုပ်ကြံမှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဦးဘဝင်း၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၊ ဦးရာဇတ်၊ အတွင်းဝန် ဦးအုန်းမောင်နှင့် ရဲဘော်ကိုထွေးတို့ ကျဆုံးခဲ့ရရှာသည်။ ❖**

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့လွတ်လပ်ရေး တပ်မတော်ကို ဦးဆောင်ဖွဲ့စည်းခဲ့သူ၊ မြန်မာတို့တွင် ကိုယ်ပိုင်တပ်မတော်မရှိဘဲ ဖြစ်နေရာမှ တပ်မတော်တစ်ရပ်ဖြစ်ပေါ်လာသောအခါ ရဟန်းရှင်လူ ပြည်သူအပေါင်းက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။ တပ်မတော်သို့ဝင်ရောက်အမှုထမ်းခဲ့ကြသည်။ တပ်မတော်သည် ဂျပန်တို့နှင့်လက်တွဲကာ နယ်ချဲ့ကို မြန်မာ့မြေမှ တိုက်ထုတ်ခဲ့သည်။ ထို့နောက်ဂျပန်တို့သည် မြန်မာပြည်သားများအပေါ် ဖက်ဆစ်စနစ်ကို ရက်စက်စွာကျင့်သုံးသည့်အတွက် ဂျပန်ကို ပြန်လည်တော်လှန်တိုက်ခိုက်ခဲ့ရသည်။

ဒုတိယကမ္ဘာစစ်တွင် ဂျပန်တို့စစ်ရှုံးသည့်အခါ မဟာမိတ်တပ်များ ပြန်ရောက်လာသည်။ အင်္ဂလိပ်တို့သည် မဟာမိတ်တပ်ဖွဲ့ဝင်ဖြစ်သည်။ မြန်မာနိုင်ငံသို့ အင်္ဂလိပ်တို့ ပြန်လည်ရောက်ရှိလာသည့်အခါ တစ်နှစ်အတွင်း လွတ်လပ်ရေးရရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းသည် တပ်မတော်မှနုတ်ထွက်ကာ နိုင်ငံရေးဘက်သို့ ကူးပြောင်းခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိရေး ဆက်လက်တိုက်ပွဲဝင်ခဲ့သည်။

အင်္ဂလိပ်တို့ကလည်း ပါးနပ်သည်။ ဗိုလ်ချုပ်အောင်ဆန်းကိုၚင်းအစိုးရအဖွဲ့၏ဒုတိယအကြီးအကဲနေရာပေးထားသည်။ ထိုစဉ်က မြန်မာနိုင်ငံဘုရင်ခံဆာဟူးဘတ်ရန့်စ်၏ ၁၉၄၆ ခုနှစ်၌ ဖွဲ့စည်းလိုက်သော အမှုဆောင်ကောင်စီတွင် ဗိုလ်ချုပ်အောင်ဆန်းက ဒုတိယသဘာပတိတာဝန်ယူရသည်။ ဒုတိယသဘာပတိဆိုသော်လည်း အစိုးရအဖွဲ့ဝန်ကြီးများ အစည်းအဝေးတို့တွင် သဘာပတိဖြစ်သူ အင်္ဂလိပ်ဘုရင်ခံတက်ရောက်ခြင်း မပြုတော့သည့်အတွက် ဗိုလ်ချုပ်အောင်ဆန်းက သဘာပတိအဖြစ်တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။

ယခင်ကဝန်ကြီးများအစည်းအဝေးကို ဘုရင်ခံအိမ်တော်တွင် ကျင်းပလေ့ရှိသော်လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှနန်းရင်းဝန်(ဝန်ကြီးချုပ်) ကလီမင့်အက်တလီတို့ လွတ်လပ်ရေးအတွက် သဘောတူသည့် အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုသည့် ၁၉၄၇ ခုနှစ်မှစ၍ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)ရှိ ဗိုလ်ချုပ်အောင်ဆန်း၏ရုံးခန်းတွင်သာ ကျင်းပလေ့ရှိသည်။ ဝန်ကြီးများအစည်းအဝေးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ကျင်းပနေကျဖြစ်သော်လည်း လွှတ်တော်ကော်မတီအစည်းအဝေးနှင့် တိုက်ဆိုင်နေသဖြင့် ဝန်ကြီးများအစည်းအဝေးကို ဇူလိုင် ၁၉ ရက်စနေနေ့သို့ ရွှေ့လိုက်ခြင်းဖြစ်သည်။

ထိုနေ့သည် မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ဝါခေါင်လဆန်း ၂ ရက် စနေနေ့ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် အမြဲတမ်းမြင်နေကျ ကာကီယူနီဖောင်းနှင့်မဟုတ်ဘဲ ဘန်ကောက်လုံချည်သနပ်ခါးရောင်၊ မန္တလေးပိုးတိုက်ပုံ၊ သဲကြိုးအဖြူရောင် လေယာဉ်ပျံဖိနပ်တို့ကို ဝတ်ဆင်ထားသည်။ ဗိုလ်ချုပ်အောင်ဆန်း အတွင်းဝန်ရုံးသို့ရောက်သည့်အချိန်တွင် အစည်းအဝေးတက်မည့် ဝန်ကြီးများ စုံလင်စွာရှိနေပြီဖြစ်သည်။ အစည်းအဝေးခန်းမတွင် ဂငယ်ပုံ ခင်းကျင်းထားသည့် စားပွဲရှည်သုံးခုရှိ ထိပ်ဆုံးစားပွဲ၏အလယ်တည့်တည့်တွင် ဗိုလ်ချုပ်အောင်ဆန်းထိုင်သည်။ လက်ဝဲဘက်စားပွဲတွင် ဦးဘဂျမ်း၊ ဦးအောင်ဇံဝေ၊ ပျော်ဘွယ်ဦးမြနှင့်မိုင်းပွန်စော်ဘွားစဝ်စံထွန်း ထိုင်ကြသည်။ လက်ယာဘက်စားပွဲတွင် သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဦးရာဇတ်၊ ဦးဘဝင်းနှင့် မန်းဘခိုင်တို့ ထိုင်ကြသည်။ လက်ယာဘက်စားပွဲမှာ အဝင်လမ်းကို ကျောပေးထားခြင်းဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး ဌာနဆိုင်ရာကိစ္စများပြောဆိုရန် အတွင်းဝန် ဦးအုန်းမောင်လည်း အစည်းအဝေးခန်းမတွင်းရောက်ကာ သခင်မြ၏အနီး၌ ဝင်ရောက်နေရာယူထားသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်ဝန်ကြီးများ အစည်းအဝေးစတင်ပြီး မိနစ်အနည်းငယ်အကြာတွင် အစည်းအဝေးခန်းအတွင်းသို့ လူလေးဦးသည် အခန်းစောင့်ကို ဖယ်ရှားဝင်ရောက်ကာ စက်သေနတ်များဖြင့်ပစ်ခတ်ကြသည်။ အစည်းအဝေးခန်းမမှ ပြန်အထွက် အပြင်တွင် ရင်ဆိုင်တွေ့ရသောဦးရာဇတ်၏ သက်တော်စောင့် ရဲဘော်ကိုထွေးကို ပစ်သတ်ခဲ့ကြသည်။ ထိုပစ်ခတ်လုပ်ကြံမှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဦးဘဝင်း၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၊ ဦးရာဇတ်၊ အတွင်းဝန် ဦးအုန်းမောင်နှင့် ရဲဘော်ကိုထွေးတို့ ကျဆုံးခဲ့ရရှာသည်။

ဤသည်မှာ ကိုလိုနီခေတ်တွင်ကြုံတွေ့ခဲ့ရသော မြန်မာတို့၏ရင်နာဖွယ်ရာ အကျည်းတန်ရုပ်ဆိုးလှသော ဖြစ်ရပ်ဆိုးဖြစ်သည်။ သဘောထားကွဲလွဲမှုရှိ၍ လက်နက်ဖြင့်ပစ်ခတ်သတ်ဖြတ်ခဲ့သော အကျင့်ဆိုးစတင်ခဲ့သည့်နေ့ဖြစ်သည်။ အမှန်တကယ်ဆိုလျှင် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်း၊ ဆွေးနွေးညှိနှိုင်းသည့်နည်းဖြင့် ဖြေရှင်းရမည့်အစားလက်နက်ဖြင့်ဖြေရှင်းခဲ့သည့်အတွက် ဂဠုန်ဦးစောဟူသော အမည်သည်မြန်မာတို့ ရွံရှာစက်ဆုပ်ဖွယ်ဖြစ်ခဲ့သည်။ ဂဠုန်ဦးစောကို လက်နက်များထုတ်ပေးခဲ့သူ၊ စစ်ယူနီဖောင်းများပေးခဲ့သူ၊ မော်တော်ယာဉ်များစီစဉ်ပေးခဲ့သူသည်မည်သူနည်း။ ဘာကြောင့်ပေးခဲ့သနည်း တွေးကြည့်မိသည်။

ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံကို လွတ်လပ်ရေးမပေးလျှင် မဖြစ်တော့သည့်အခြေအနေကို ရင်ဆိုင်နေရချိန်ဝယ် အဓိကအားဖြင့် ခြေလှမ်းနှစ်ခုကို တစ်ပြိုင်တည်းလှမ်းခြင်း ဖြစ်သည်။ တစ်ခုမှာ လွတ်လပ်ရေးပေးရန် သဘာတူကြောင်း၊ အေးအေးချမ်းချမ်း အာဏာလွှဲပေးရန်လိုလားကြောင်းစသည်ဖြင့်စာချုပ်ချုပ်ခြင်း၊ ပြောဆိုခြင်းပြုခဲ့သည်။ အခြားတစ်ခုမှာ လွတ်လပ်ကာလ မြန်မာအစိုးရသည် နယ်ချဲ့အလိုကျ နယ်ချဲ့ဩဇာခံပုဆိန်ရိုးအစိုးရဖြစ်လာစေရန် နည်းအမျိုးမျိုးနှင့်ကြိုးစားခြင်းဖြစ်သည်။

၁၉၄၇ ခုနှစ် ဇွန် ၂၄ ရက်တွင် ဗြိတိသျှစစ်ဗိုလ်များအုပ်ချုပ်နေသော စစ်ပစ္စည်းထောက်ပံ့ရေးတပ်မှ ဘရင်းဂန်းအလက် ၂၀၀ နှင့်ကျည်ဆန်များပျောက်ဆုံးသွားသည်။ စည်းကမ်းစနစ်တကျရှိလှသောဗြိတိသျှတပ်များက သေနတ်နှင့်ကျည်ဆန် ပျောက်ဆုံးသည်မှာ ယုတ္တိမရှိနိုင်ပေ။ ထိုသတင်းများနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းအား နိုင်ငံရေးရန်သူများက လုပ်ကြံလိမ့်မည်ဆိုသည့်သတင်းများ ထွက်ပေါ်လာသည်။ ဇူလိုင် ၁၉ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်များ ကျဆုံးခဲ့သွားသည်။ အမှန်တကယ် လုပ်ကြံခံလိုက်ရသည်။ ထိုဖြစ်ရပ်ဆိုးအတွက် အဓိကတာဝန်ရှိသူမှာ ထိုစဉ်က အုပ်ချုပ်သူအစိုးရသာဖြစ်သည်။ သူတို့သည်သာ လက်နက်နှင့်ခဲယမ်းများ မပျောက် ဆုံးခဲ့လျှင်၊ ပျောက်ဆုံးအောင် မဖန်တီးခဲ့လျှင် အာဇာနည်နေ့ဆိုသည်မှာ ဖြစ်ပေါ်လာမည်မဟုတ်ပေ။

အနှစ်ချုပ်အားဖြင့်ဆိုရလျှင် အာဇာနည်နေ့ရောက်တိုင်း ပြည်သူများအနေများအနေဖြင့် ယနေ့တိုင် မြန်မာ့နိုင်ငံရေးကို နှောင့်ယှက်ဖျက်ဆီးနေသူများကို မြင်အောင်ကြည့်နိုင်ကြပါစေ။ အချင်းချင်း သဘောထားကွဲလွဲမှုများရှိလာလျှင် လက်နက်ကိုင်ဖြေရှင်းသည့်လမ်းစဉ်ကို ရှောင်ကြဉ်နိုင်ကြပါစေ။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများကို ချစ်မြတ်နိုးသည်ဆိုပါလျှင် ဤသည်များကို အလေးအနက်ထား သတိပြုစေချင်ပါကြောင်း ရေးသားလိုက်ပါသည်။

**ကိုးကား**

**- ၂၀၁၉ ခုနှစ် ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် အာဇာနည်နေ့စာစောင်**

# ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ Lotte Hotel ၌ သူစိမ်းရုပ်သံဇာတ်လမ်းတွဲ Premiere Show ပြုလုပ်




ရန်ကုန် ဇူလိုင် ၁၈

Mahar ရုပ်သံလိုင်းနှင့် Mahar Application က ဇူလိုင် ၂၂ ရက်မှ စတင်ကာ ထုတ်လွှင့်ပြသသွားမည့် သူစိမ်းရုပ်သံဇာတ်လမ်းတွဲ Premiere Show ကို ဇူလိုင် ၁၇ ရက်က ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ Lotte Hotel ၌ ပြုလုပ်ခဲ့ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်ထားသူ သရုပ်ဆောင် ရွှေပုံထံမှ သိရသည်။

အဆိုပါ သူစိမ်းရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို အေးမွန်ကိုက ရေးသားထားပြီး အေးမွန်ကိုနှင့် လူညီချောတို့က ဇာတ်ညွှန်း ရေးသားထားကာ ဒါရိုက်တာ အိ (အရုဏ်ဦး)က အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေး အတွက် တာဝန်ယူပုံဖော်ရိုက်ကူး ထားခြင်းဖြစ်ကြောင်း သိရသည်။

"သူစိမ်း ဇာတ်လမ်းတွဲထဲမှာ သူဌေးသမီး၊ ခပ်ဆိုးဆိုးနဲ့မောက်မာတဲ့ ကောင်မကလေးတစ်ယောက်အဖြစ် ရွှေပုံ ပါဝင်ထားပါတယ်။ စိန်ခေါ်မှုဖြစ်စေတဲ့ ကာရိုက်တာလို့လဲ ပြောလို့ရပါတယ်။ ရှေ့မှာရိုက်ခဲ့တဲ့ ကာရိုက်တာတွေနဲ့က မတူဘူး။ ကိုယ့်ကာရိုက်တာက အဆင့်အတန်း ခွဲခြားတတ်တဲ့သူ ဖြစ်နေတယ်။ ဒီဇာတ်လမ်းတွဲမှာ မိသားစု အရှုပ်အထွေးတွေ၊ ပြိုင်ဆိုင်မှုတွေ၊ မနာလိုမှုတွေနဲ့ ရသမျိုးစုံကို မြင်တွေ့ရမှာပါ။ Mahar Application က ထုတ်လွှင့်ရင် အားပေးကြပါအုံးလို့ပြောချင်ပါတယ်"ဟု သရုပ်ဆောင် ရွှေပုံက ပြောပြသည်။

သူစိမ်း ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ညီနန္ဒ၊ ဗညားဘုန်းပြည့်၊ တေဇလင်းရောင်၊ ရဲရင့်စည်သူ၊ ဖူးစုံ၊ ထက်ထက်ထွန်း၊ သင်းသဲဇို၊ ရွှေပုံနှင့် သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# တေးသံရှင် စန္ဒီမြင့်လွင်၊ မိစန္ဒီ၊ Bobby Soxer တို့၏ Three Ladies Hip Hop Night တေးဂီတဖျော်ဖြေပွဲ ပြုလုပ်မည်




မန္တလေး ဇူလိုင် ၁၈

တေးသံရှင် စန္ဒီမြင့်လွင်၊ မိစန္ဒီ၊ Bobby Soxer တို့၏ Three Ladies Hip Hop Night တေးဂီတဖျော်ဖြေပွဲကို ဩဂုတ် ၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ The Square Theatre Bar ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် မိစန္ဒီထံမှ သိရသည်။

တေးသံရှင် စန္ဒီမြင့်လွင်၊ မိစန္ဒီ၊ Bobby Soxer တို့၏ Three Ladies Hip Hop Night တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များနှင့်အတူ The Square Theatre Bar ၏ပင်တိုင်တေးဂီတအဖွဲ့ကလည်း အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဩဂုတ် ၁ ရက်မှာ The Square Theatre Bar မှာ Three Ladies Hip Hop Night တေးဂီတဖျော်ဖြေပွဲအတွက် မိစန္ဒီတို့ ကြိုတင်ပြင်ဆင်နေပါပြီ။ Hip Hop စည်းချက်တွေအောက်မှာ အပြင် အော်ဟစ်ပြီး ကခုန်ဖို့ ဩဂုတ် ၁ ရက်ညမှာ ဆုံကြပါစို့"ဟု တေးသံရှင် မိစန္ဒီက ပြောပြသည်။

တေးသံရှင် စန္ဒီမြင့်လွင်၊ မိစန္ဒီ၊ Bobby Soxer တို့၏ Three Ladies Hip Hop Night တေးဂီတဖျော်ဖြေပွဲကို The Square Theatre Bar ၌ ဩဂုတ် ၁ ရက်တွင် ညနေ ၆ နာရီမှ စတင်ကာ ဖျော်ဖြေတင်ဆက် သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီးများကို ပံ့ပိုးရန်အတွက် ရွှေနဒီရွှေရည်ရုပ်ရှင်ထုတ်လုပ်ရေးက ငွေကျပ် သိန်း ၅၀ လာရောက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၈

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီးများကို ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပံ့ပိုးရန်အတွက် ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးက ငွေကျပ် သိန်း ၅၀ ကို ဇူလိုင် ၁၇ ရက်က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ လာရောက်လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းထံမှ သိရသည်။

အဆိုပါ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဝင်များ၏ သားသမီးများကို ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပံ့ပိုးလှူဒါန်းပွဲကို ဇူလိုင်၂၅ ရက်တွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်တွေရဲ့ သားသမီးတွေကို ပညာသင်စရိတ်၊ စာရေးကိရိယာနဲ့ ကျောင်းဝတ်စုံတွေ ပံ့ပိုးလှူဒါန်းပွဲအတွက် ရုပ်ရှင်အနုပညာရှင်တွေနဲ့ ရုပ်ရှင်ထုတ်လုပ်ရေးတွေက လာရောက် လှူဒါန်းနေပါတယ်။ ရွှေနဒီရွှေရည်ရုပ်ရှင်ထုတ်လုပ်ရေးက ဇူလိုင်၁၇ ရက်က အလှူငွေကျပ် သိန်း ၅၀ လာရောက်လှူဒါန်းခဲ့ပါတယ်"ဟု ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက ပြောပြသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ ရုပ်ရှင်လောကသားများဖြစ်သည့် ဒါရိုက်တာအလွှာ၊ တည်းဖြတ်မှတ်တမ်းအလွှာ၊ ဗီဒီယိုအလွှာ၊ အဓိကသရုပ်ဆောင်အလွှာ၊ ဇာတ်လမ်း၊ ဇာတ်ညွှန်းအလွှာ၊ ပြဇာတ်နှင့်တေးဂီတအလွှာ၊ ဓာတ်ပုံ၊ ဓာတ်ရုံအလွှာ၊ အုပ်ချုပ်၊ ဖြန့်ချိအလွှာ၊ စက်မှုအလွှာတို့မှ သားသမီး ဦးရေ ၁၃၀ ကို တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ အပြင် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ထီးနှင့် အသင့်စားခေါက်ဆွဲခြောက်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ASH

# ဆိုနီကုမ္ပဏီ၏ Skeletons ဇာတ်ကား၌ မင်းသား ကိတ်ကာရီဒင်း ပါဝင်မည်ဖြစ်

နယူးယောက် ဇူလိုင် ၁၈

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Skeletons ထိတ်လန့်သည်းဖို့ဇာတ်ကား၌ မင်းသား ကိတ်ကာရီဒင်း ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဇူလိုင် ၁၇ ရက် သတင်းများအရ သိရသည်။

Skeletons ဇာတ်ကားတွင် မင်းသား ကိတ်ကာရီဒင်းသည် မင်းသမီး ဘရီးလာဆင်၊ ဝီလာဖစ်ဂျရယ်၊ မင်းသား ကီလီဂယ်နာ တို့နှင့်အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။


အဆိုပါဇာတ်ကားသည် မိခင်၏ ဘဝအမှန်နှင့် ပတ်သက်၍ လျှို့ဝှက်ချက်များကို တဖြည်းဖြည်း သိလာသည့် ကလေးတစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Skeletons ဇာတ်ကားကို ဒါရိုက်တာ ဂျေတီမိုလာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Skeletons ဇာတ်ကားကို စာရေးဆရာ ဖိလစ်ဖရာကတ်ဆီ၏ ခေါင်းစဉ်အမည်တူ ဝတ္ထုကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဘရိုင်ယန်ဒပ်ဖီးက ရေးသား ပေးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO





# Vigilant ဇာတ်ကားကို ဒါရိုက်တာ ဂျိမ်းဒီမိုနာကို ရိုက်ကူးမည်

နယူးယောက် ဇူလိုင် ၁၈

Miramax ကုမ္ပဏီ၏ Vigilant ဇာတ်ကားကို ဒါရိုက်တာ ဂျိမ်းဒီမိုနာကိုက တာဝန်ယူရိုက်ကူးမည် ဖြစ်ကြောင်း ဇူလိုင် ၁၇ ရက် သတင်းများအရ သိရသည်။

Vigilant ဇာတ်ကားသည် အလုပ်ရှိ ရာဇဝတ်တရားခံများ ဖမ်းဆီးပေးသည့် နိုင်ငံသားများကို ဆုတော်ငွေပေးသည့် နိုင်ငံတစ်နိုင်ငံ၏အကြောင်းကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Vigilant ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ တိုင်လာစတီဗင်နှင့် ဇိတ်စတန်တင်တို့က ရေးသားပေးထားကြောင်း သိရသည်။

Vigilant ဇာတ်ကား၌ ပါဝင် သရုပ်ဆောင်မည့် အနုပညာရှင်များကို Miramax ကုမ္ပဏီက ရွေးချယ်နေဆဲဖြစ်သည်။

Miramax ကုမ္ပဏီသည် ယခုနှစ်အတွင်း Scary Movie ဇာတ်ကားကို ရုံတင်ပြသခဲ့ရာ ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၂၂၈ သန်းထိ ရရှိခဲ့သည်။

Vigilant ဇာတ်ကားကို စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# President of the Republic of the Union of Myanmar U Min Aung Hlaing inspects progress in implementing agricultural and livestock zones in Yangon Region



**President U Min Aung Hlaing gives guidance to officials on agricultural and livestock breeding undertakings in Yangon Region.**

**Nay Pyi Taw July 18**

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by Speaker of Pyithu Hluttaw U Khin Yi, Speaker of Amyotha Hluttaw U Aung Lin Dway, Commander-in-Chief of Defence Services General Ye Win Oo, union ministers, the Yangon Region chief minister, senior military officers from the Office of the Commander-in-Chief,and officials, inspected the progress in implementing agricultural and livestock zones in Yangon Region this morning.

The President and party arrived at the Thilawa multipurpose agricultural and livestock zone located between Yangon River and Hmawwun creek in Kyauktan Township, and were welcomed by officials.

At the briefing hall of the zone, the President heard a report on the progress in implementing the Thilawa multipurpose agricultural and livestock zone, Shwepyi agricultural and livestock zone (Hmawby), and the 26th Mile multipurpose agricultural and livestock zone in Yangon Region in accord with the guidance given by the Head of State during his visits to the zones, progress in the functions of the zones, ongoing fish, layer duck, layer chicken, pedigree pig, broiler, milk cow, meat cattle farming, efforts to raise production, selecting pedigree strains, conducting research on applying modern technologies and tools in farming activities, breeding programs, and plans for availability of an adequate amounts of feedstuff, distribution of the products of the zones in the market, actions to produce bio gas and natural fertilizers from animal waste, conducting feed compounding activities and producing solid feedstuff and hybrid maize at the zones, progress in planting shade trees and wind breakers, implementing rubber cultivation project, cultivation of perennial and seasonal crops, zone-wise future work programs, presented by Chairman of Myanmar Economic Corporation Lt-Gen Zaw Myo Tin and officials; and a report on



**President U Min Aung Hlaing inspects fish breeding.**

the implementation of fish farming (Maubin) and fish farming(Shwemuyin), points of the 500-tom cold storage (Hlaingthaya) and its functions, by Chairman of Myanmar Economic Holdings Public Company Limited Lt-Gen Zaw Hein.

The chief minister then reported on points of the region, land use and ongoing agricultural and livestock undertakings.

Regarding the reports, the President said the aim of the establishment of agricultural and livestock zones in Yangon Region is for the local sufficiency of meat, fish, eggs, and seasonal crops. Since he was serving as the Commander-in-Chief of Defence Services, he had made plans and realized them to fulfil the daily demand of meat, fish, eggs, and vegetables ofYangon Region, whose population was about eight million, at reasonable prices. Specific duties were assigned to MEC and MEHPC Ltd to carry out the task.

Fish and meat produced by the Thilawa multipurpose agricultural and livestock zone is supporting daily food needs of the battalions and units of the Tatmadaw and the zone. Likewise, fish produced by fish farming (Shwemuyin), poultry, eggs and chicken produced by Shwepyi agricultural and livestock zone (Hmawby), and meat and poultry products produced by the 26th Mile multipurpose agricultural and livestock zone will provide much support for the food demand of Yangon Region. Yangon Region government is also setting up livestock zones, and the zones must continuously conduct batch production system, and must calculate and adjust the egg production volume and time in farming layer chicken and layer ducks. They must study the high yield methods and apply them. Modern agricultural methods rather than conventional means should be applied.

He stated that as Yangon Region has numerous factories and workshops alongside a large population, the production of meat, fish, and seasonal crops is being boosted with the aim of balancing supply and demand and controlling the high prices of basic consumer goods, meaning that operational activities must continue to be successfully implemented. He added that land use across respective zones must be utilized effectively, and just as farming and breeding operations need to be expanded, systematic measures must also be taken to increase yields.

He then stated that although there is political stability in the country, it is essential for the public to have convenience regarding food and to be financially secure, which is why agricultural and livestock breeding zones are being implemented out of necessity in respective regions to ensure the food convenience of the citizens. He noted that generating profit is not the main goal, but rather the primary focus is to enable the public to purchase and consume meat, fish, and seasonal crops sufficiently at affordable prices, meaning that he wished to urge them to carry out these operations to achieve greater success than at present. He also stated that as Yangon was the former capital of the State, it possesses many good foundations, such as being an economically strategic city, *See Page 13*



**President U Min Aung Hlaing inspects duck breeding.**

# President of Republic of Union of Myanmar U Min Aung Hlaing inspects efforts to resume operations of No. ( 1 ) Oil Refinery (Thanlyin)





President U Min Aung Hlaing hears reports on measures to resume the operation of No. ( 1 ) Oil Refinery (Thanlyin).

**Nay Pyi Taw July 18**

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by members of his entourage, the chief minister of Yangon Region, the commander of Yangon Command and officials, inspected efforts to resume operations of No. (1) Oil Refinery (Thanlyin) this afternoon.

First, the President heard reports on salient points of the refinery including the implementation of the phase 1 as a modular type refinery that can process 500,000 tons of crude oil per year based on types of raw materials and volume available, measures to be taken for phase 2, construction process for Phase 2, installation of pipelines for crude oil, petroleum products and natural gas, production of necessary machines and construction of the refinery, efforts made to start production of phase 1 that will process 500,000 tons of crude oil per year in September and to implement phase 2, which will supply 60 percent of gasoline and 50 percent of diesel needs of the country, on completion and implementation of instructions of the Head of State during his 2023 visit to the refinery submitted by Union Minister for Energy U Ko Ko Lwin at the meeting hall of the refinery.

After hearing the reports, the President said operations of the refinery stopped due to various reasons and as it is an important and beneficial task for the country, reconstruction and resumption of its operations have been pushed since our assumption of State duties. It will create job opportunities for the people when its operations resume and fuel for domestic needs will be available cheaply while reducing fuel imports and foreign exchange spending. The completion of phase 1 is a milestone for the government and it is necessary to take measures to get raw materials for operations of the refinery consistently.

Efforts must also be made to increase the purity percentage of refineries to enable the public to use domestically produced fuels reliably. As the refinery is located in the hot region, fire safety and preventive measures must be taken proactively. It is also necessary to plant evergreens, shady and wind breaker trees and coconut trees. The President also gave other necessary instructions.

Then, the President inspected the operations in the refinery and observed the exhibits of the energy museum and historical documents of production of Myanmar oil and gas, production processes and machines and equipment used in successive eras displayed in the museum.

Afterward, the President and party inspected the construction tasks of phase 1 in the refinery site and gave necessary instructions on reports of the union minister and officials before cordially greeting those who participated in the construction works. MNA



President U Min Aung Hlaing views the exhibits of the energy museum and historical documents of Myanmar oil and gas production.

*From Page 12*

a developed city, and a city compactly gathered with intellectuals and experts, meaning that it must serve as a leading model for other cities and continue implementation to ensure regional food convenience. He added that similarly, in other regions and states, agricultural and breeding operations must be systematically carried out to achieve success in ensuring the sufficiency of meat, fish, and eggs based on calculations of the population and consumption in respective areas.

He noted that since rubber cultivation in Yangon Region is also thriving successfully, it is necessary to manufacture high-value rubber products, and regarding MSME businesses, various machinery including agricultural equipment needed within Yangon Region should also be manufactured as end products, instructing that if an MSME-based economy and a collective cooperative system are practiced and implemented, the agricultural and livestock breeding operations in Yangon Region will be able to progress further than at present.

Subsequently, the President toured and inspected the fish breeding operations and the rearing of fingerlings for striped catfish, rohu, and pomfret within the breeding zone, and gave necessary instructions in response to the reports of responsible officials.

Afterward, the President toured and inspected the duck and fish breeding operations within the Thilawa Multi-Agriculture and Livestock Zone, giving necessary guidelines to ensure systematic breeding operations, and viewed the exhibition of chicken eggs, duck eggs, and dairy products produced from the Thilawa Multi-Agriculture and Livestock Zone inside the briefing hall, where he gave necessary instructions based on the reports of responsible officials. MNA

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Vice President Daw Nan Ni Ni Aye visits Xizang Southeast Cultural Heritage Museum and Yani National Wetland Park in Nyingchi



Vice President Daw Nan Ni Ni Aye visits Xizang Southeast Cultural Heritage Museum.

**Nyingchi July 18**

Vice President Daw Nan Ni Ni Aye and delegation visited the Southeast Tibet Cultural Heritage Museum and Yani National Wetland Park in Nyingchi (Linzhi), Xizang Autonomous Region, People's Republic of China on the afternoon of July 17.

The Vice President and delegation first arrived at the museum, where a museum official briefed them on the museum's history, ancient cultural heritage, traditional artifacts, ethnic costumes, silverware, the lifestyles and customs of various ethnic groups, traditional sports, and historical developments showcased in the exhibition galleries. The Vice President asked questions and held discussions before touring the museum.

The Southeast Tibet Museum is a prominent institution that showcases the history, culture, ethnic traditions, archaeological heritage, and ecological features of southeastern Tibet.

The delegation then visited Yani National Wetland Park in Nyingchi, where a park official explained the park's environmental conservation efforts, forest and watershed management, biodiversity protection, ecosystem restoration initiatives, and eco-tourism development. The Vice President discussed the presentations with officials before touring the park's nature trails, observation decks, the Yarlung Tsangpo River, and its surrounding natural scenery.

The national wetland park, located along the Yarlung Tsangpo River, is recognized as an important ecological conservation area featuring high mountain ranges, lush forests, wetlands, and rich biodiversity preserved in their natural state.

Earlier, on July 15, the Vice President and delegation also visited the Dounan Flower Market in Kunming, Yunnan Province, where officials briefed them on the market's development, flower production and distribution, auction system, e-commerce platform, and international flower exports. The Vice President toured flower exhibition halls, the flower auction center, quality inspection facilities, packaging operations, and observed the modern technologies, digital management systems, and logistics used in the floriculture industry.

Established on August 18, 1998, the Dounan Flower Market now covers more than 6,000 acres of flower-growing areas. It is the largest flower wholesale and retail market in Asia and the second largest in the world, trading roses, lilies, carnations, orchids, and a wide variety of flowers daily. In addition to serving the domestic Chinese market, it exports flowers to Southeast Asia, South Asia, Europe, and other international markets.

MNA

# Farmers grow more than 11,000 acres of rainfed sesame in Budalin Township

**Budalin July 18**

Statistics of Budalin Township Agriculture Department in Sagaing Region stated that local farmers have planted more than 11,000 acres of rainfed sesame in the township this year.

Local authorities earmarked cultivation of 53,110 acres of rainfed sesame in the township in 2026-27 monsoon season cultivation period. Local farmers started their cultivation of crops in May this year, and so far, they have planted 11,248 acres of sesame.

In Budalin Township, during this year's monsoon cropping season, it has been planned to cultivate over 53,000 acres of rainfed sesame. As of today, more than 11,000 acres have already been planted, and efforts are underway to ensure that the targeted acreage is fully achieved. Work is also being carried out to expand sesame cultivation, improve yields, and promote Good Agricultural Practices (GAP), according to U Phyo Wai, Head of the Agriculture Department in Budalin Township.

During this year, the Township Agriculture Department has been providing awareness to rainfed sesame farmers in Budalin Township on expanding sesame cultivation, applying proper farming techniques, adopting GAP methods, using high-quality and pure seed varieties, and cultivating high-yielding crops.

Crops produced under GAP systems have advantages over those grown using other methods, including higher quality, better prices, and the ability to be exported not only to domestic markets but also to international markets. As a result, farmers practicing GAP are expected to gain greater economic benefits, leading to improvements in their social and economic conditions.

206

# 46,000 viss of rohu fish sent to Yangon market in June

**Kyaiklat July 18**

Daw Zar Zar Oo, the owner of seafood trading depot in Kyaiklat Township of Ayeyawady Region, said that local merchants sent 46,000 viss of rohu fish to Yangon market in June.

Within the month of May, Kyaiklat Township shipped only 35,000 viss of rohu fish to the Yangon market. However, during June alone, shipments increased to 46,000 viss. Rohu fish from the township are reportedly in strong demand in the Yangon market.

"Rohu fish and other aquatic products are being continuously supplied from Kyaiklat Township to the Yangon market. During the past month alone, we shipped 46,000 viss of rohu fish. Demand from the Yangon market has remained strong in July as well.

Traders in Kyaiklat Township mainly transport rohu fish and other aquatic products to the Yangon market. Since road transportation is convenient, most shipments are made by cargo trucks," said Daw Zar Zar Oo.

Aquatic product traders in Kyaiklat Township purchase locally produced fish and other aquatic products, inspect, clean, and package them before transporting them primarily to the Yangon market by cargo trucks. Rohu fish shipped from the township are currently selling at K195,000 per 10 viss, according to local sources.

Kyaw Kyaw Lin

# U.S.-Japan-S. Korea "military collusion" undermines regional peace, stability: DPRK Defence Ministry

**Pyongyang July 18**

The Democratic People's Republic of Korea (DPRK) condemned "military collusion" among the United States, Japan and South Korea, saying it undermines regional peace and stability, the official Korean Central News Agency (KCNA) reported on Saturday, citing the country's Ministry of National Defence.

The Trilateral Chiefs of Defence meeting of the three countries convened Wednesday in Washington showed an attempt to "attain a military superiority in the region and seek their hegemonic geopolitical interests through intensified trilateral military cooperation," a ministry spokesman said in a statement.

The "military collusion" is "the root cause of undermining peace and stability in the Korean Peninsula and the Asia-Pacific region," the spokesman was quoted by the KCNA as saying.

The DPRK armed forces will never allow an "imbalance of force" in the region as a result of the U.S.-Japan-South Korea "military nexus," the spokesman said. The spokesman added that the country's military will "always remain faithful to the constitutional mission to neutralize the actual security challenges and potential threats and reliably defend the security of the country and the regional peace."

Xinhua

# ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၅၂၃၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၅၂၃၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၆၂၉ ဧက စိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၅၂၃၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ ပဲစင်းငုံဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့မှာ ၅၂၃၁ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့၊ ပိုးမွှားရောဂါကင်းစင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြသည်။

ရေဦးမြို့နယ်တွင် ပဲစင်းငုံ စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးမြွေထိုးပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးမြွေထိုးပိဿာချိန် အများအပြား တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ငါးမျိုးစုံ ရောင်းဝယ်ရေးပိုင်ရှုံပိုင်ရှင်များသည် ဒေသထွက်ငါးမြွေထိုးများကိုဝယ်ယူပြီး စနစ်တကျသန့်စင်ကာတင်ပို့ရောင်းချလျက်ရှိပြီး မေလအတွင်း ငါးမြွေထိုးပိဿာချိန် ၄၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လတစ်လအတွင်း ငါးမြွေထိုးပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇွန်လ ပထမပတ်လောက်ကတည်းက ရန်ကုန်ဈေးကွက်ကို ငါးမြွေထိုးတွေ တင်ပို့ရောင်းချ အားကောင်းခဲ့ပါတယ်။ ဇွန်လအတွင်း ငါးမြွေထိုးပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က အခုလို ငါးမြွေထိုးတွေ အမှာကုန်များလာတာကြောင့် ငါးလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အကုန်အဆင်ပြေလာပါတယ်"ဟု ကျိုက်လတ်မြို့နယ် ငါးမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြသည်။



ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးမြွေထိုးတစ်ပိဿာလျှင် ငွေကျပ် ၂၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ငါးမြွေထိုးများ ပိဿာချိန် အများအပြားတင်ပို့ရောင်းချနေရခြင်းကြောင့် ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ၊ ရေလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးထံမှ သိရသည်။

ကျော်ကျော်လင်း

# ကျောက်တံခါးမြို့နယ် ခင်တန်းလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကျောက်တံခါး ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခင်တန်းလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုနှင့် မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ခင်တန်းလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းဇယားပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိ၊ စီမံကိန်းလက်စွဲ စာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ခင်တန်းလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၄ ဦးကို ရန်ပုံငွေကျပ် သိန်း ၅၆၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

နီလာ




# ပဲခူးမြို့နယ် တောင်ဆတ်အင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**ပဲခူး ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ဆတ်အင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၅၀ ဒသမ ၂ သန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တောင်ဆတ်အင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၂၇ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ၂၂ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၆ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၀ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းထံမှ သိရသည်။

သုတ

တိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။








ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးဇော်မျိုးတင်က ဖုန်များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုနှင့် လုပ်ငန်းလည်ပတ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

☆ ကျောဖုံးမှအဆက်

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကျောက်တန်းမြို့နယ် ရန်ကုန်မြစ်နှင့် မှော်ဝန်းချောင်းကြားနေရာရှိ သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးခြံသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ဥစားကြက်၊ ဘဲမွေးမြူရေးနှင့်ပတ်သက်၍ ဥထွက်ရှိမှုပမာဏ၊ ဥသည့်အချိန်ကာလတို့ကို စနစ်တကျတွက်ချက်ချိန်ညှို၍ အသုတ်လိုက်မွေးမြူသည့်စနစ်ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်ကြရမည်ဖြစ်ပြီး အထွက်နှုန်းတိုးမြှင့်လာစေမည့် မွေးမြူရေးနည်းလမ်းများကိုလည်း ဆက်လက်လေ့လာဆောင်ရွက်သွားကြရန်လို . . .**

ထို့နောက် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ(ရွှေမှယင်း)မှ ထွက်ရှိသည့်ငါးများ၊ ရွှေပြည်စိုက်ပျိုးမွေးမြူရေးခြံ(မှော်ဘီ)မှထွက်ရှိသည့် ဝက်သား၊ ကြက်ဥနှင့် ကြက်သားများ၊ ၂၆ မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံမှထွက်ရှိသည့် အသား၊ နို့နှင့် နို့ထွက်ပစ္စည်းများသည်လည်း ရန်ကုန်တိုင်းဒေသကြီး၏စားရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ရန်ကုန်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးခြံအတွင်း ဘဲမွေးမြူရေးဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ရေးခြံ ရှင်းလင်းဆောင်ခန်းမတွင် နိုင်ငံတော်သမ္မတအား မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးဇော်မျိုးတင်နှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သီလဝါဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံ၊ ရွှေပြည်စိုက်ပျိုးမွေးမြူရေးခြံ(မှော်ဘီ)၊ ၂၆ မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံတို့သို့ နိုင်ငံတော်အကြီးအကဲရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ဖုန်များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုနှင့် လုပ်ငန်းလည်ပတ်နေမှု ငါး၊ ဥစားဘဲ၊ ဥစားကြက်၊ အသားတိုးဝက်၊ အသားတိုးကြက်၊ နို့စားနွား၊ အသားစားနွားစသည့်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အထွက်နှုန်းတိုးတက်မြင့်မားစေရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်မွေးမြူခြင်း၊ ခေတ်မီနည်းစနစ်နှင့် စက်ကိရိယာများ သုတေသနပြုအသုံးချမွေးမြူခြင်း၊ သားဖောက်မွေးမြူခြင်းနှင့် မွေးမြူရေးအစာအရည်သွေးပြည့်စုံကောင်းမွန်မှုရှိစေရေး စီမံဆောင်ရွက်လျက်ရှိမှု၊ ထွက်ရှိလာသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးလျက်ရှိမှု၊ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများဖြင့် Bio-Gas ထုတ်လုပ်နိုင်ရေးနှင့် သဘာဝမြေဩဇာထုတ်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးခြံများ၌ အစာစပ်လုပ်ငန်းနှင့် အစာတောင့်စက်များထုတ်လုပ်လျက်ရှိမှု၊ အစေ့ထုတ်ပြောင်းစပ်မျိုး(Hybrid) စိုက်ပျိုးထုတ်လုပ်လျက်ရှိမှု၊ အရိပ်ရလေကာပင်များ စိုက်ပျိုးပြီးစီးမှု၊ ရော်ဘာစိုက်ပျိုးရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ နှစ်ရှည်သီးနှံပင်များ၊ ရာသီသီးနှံပင်များ စိုက်ပျိုးထားရှိမှုနှင့် ဖုန်များအလိုက် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းက ငါးမွေးမြူရေးလုပ်ငန်း(မအူပင်)၊ ငါးမွေးမြူရေးလုပ်ငန်း (ရွှေမှယင်း)တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ တန် ၅၀၀ အအေးခန်းစက်ရုံ(လှိုင်သာယာ)၏ အချက်အလက်များနှင့်လုပ်ငန်းဆောင်ရွက်နိုင်မှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးဆိုင်ရာအချက်အလက်များ၊ မြေအသုံးချမှုနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးခြံများအကောင်အထည်ဖော်ဆောင်ရွက်စေခြင်းသည် ဒေသတွင်း အသား၊ငါး၊ဥအမျိုးမျိုးနှင့် ရာသီသီးနှံများဖူလုံမှုရှိစေရန် ရည်ရွယ်ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူဦးရေ ခုနစ်သန်းကျော် ရှစ်သန်းခန့်၏ နေ့စဉ်အသား၊ငါး၊ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး၊ ဈေးနှုန်းသက်သာစွာဖြင့် ပြည့်ပြည့်ဝဝ ဝယ်ယူစားသုံးနိုင်ရေးအတွက် မိမိတပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်စဉ်ကတည်းကပင် စဉ်းစားဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်တို့ကို တာဝန်များခွဲဝေကာ အကောင်အထည်ဖော်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း။

သီလဝါစိုက်ပျိုးမွေးမြူရေးခြံကထွက်ရှိသည့် အသားငါးများသည် တပ်မတော်တပ်ရင်း၊တပ်ဖွဲ့များနှင့် သီလဝါစက်မှုဇုန်တို့၏စားရေးကိုတစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေလျက်ရှိကြောင်း၊ အလားတူ တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း မွေးမြူရေးခြံများ အကောင်အထည်ဖော်ဆောင်ရွက်နေကြကြောင်း၊ ဥစားကြက်၊ ဘဲမွေးမြူရေးနှင့်ပတ်သက်၍ ဥထွက်ရှိမှုပမာဏ၊ ဥသည့်အချိန်ကာလတို့ကို စနစ်တကျတွက်ချက်ချိန်ညှို၍ အသုတ်လိုက်မွေးမြူသည့်စနစ်ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်ကြရမည်ဖြစ်ပြီး အထွက်နှုန်းတိုးမြှင့်လာစေမည့် မွေးမြူရေးနည်းလမ်းများကိုလည်း ဆက်လက်လေ့လာဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း မိရိုးဖလာသမားရိုးကျ နည်းလမ်းများဖြင့် မွေးမြူခြင်းထက် ခေတ်မီနည်းစနစ်များ အသုံးပြုစိုက်ပျိုးသည့် နည်းလမ်းများကို အသုံးပြုဆောင်ရွက်ကြရန်လိုကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံများစွာရှိပြီး လူဦးရေများပြားစွာ ရှိနေခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအားမျှတစေရန်နှင့် အခြေခံစားကုန်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လမ်းညွှန်မှာကြားစဉ်။

**အကျိုးအမြတ်ရရှိရေးသည် အဓိကမဟုတ်ဘဲ ပြည်သူလူထုအနေဖြင့် အသား၊ ငါးနှင့် ရာသီသီးနှံများကို သက်သာသောဈေးနှုန်းများဖြင့် လုံလုံလောက်လောက် ဝယ်ယူစားသောက်နိုင်စေရေးအတွက်ကိုသာ အဓိကဆောင်ရွက်ခြင်းဖြစ်သဖြင့် ယခုထက်ပိုမို အောင်မြင်အောင်ဆောင်ရွက် . . .**

**MSMEကိုအခြေခံသည့် စီးပွားရေးနှင့် စုပေါင်းလုပ်ဆောင်သည့် သမဝါယမစနစ်ကို ကျင့်သုံးဆောင်ရွက်သွားမည်ဆိုပါက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်လာစေနိုင်မည်ဖြစ် . . .**

များကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ အသား၊ ငါးနှင့် ရာသီသီးနှံများထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်စေခြင်းဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်သွားကြရန်လိုကြောင်း၊ ဇုန်များအလိုက် မြေအသုံးချမှုများကိုလည်း အကျိုးရှိရှိအသုံးပြုနိုင်ရန်လိုပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားရန်လိုသကဲ့သို့ အထွက်နှုန်းများတိုးမြင့်လာစေရေးအတွက်လည်း စနစ်တကျဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်တွင် နိုင်ငံရေးအရ တည်ငြိမ်မှုရှိသည်ဟုဆိုရာတွင် ပြည်သူလူထု၏စားရေးအဆင်ပြေရန်၊ စီးပွားရေးအရ ပြေလည်ရန် အဓိကလိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများ စားရေးအဆင်ပြေမှုရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးဇုန်များကို ဒေသအလိုက် မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အကျိုးအမြတ်ရရှိရေးသည် အဓိကမဟုတ်ဘဲ ပြည်သူလူထုအနေဖြင့် အသား၊ ငါးနှင့် ရာသီသီးနှံများကို သက်သာသောဈေးနှုန်းများဖြင့် လုံလုံလောက်လောက် ဝယ်ယူစားသောက်နိုင်စေရေးအတွက်ကိုသာ အဓိကဆောင်ရွက်ခြင်းဖြစ်သဖြင့် ယခုထက်ပိုမိုအောင်မြင်အောင် ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း၊ ရန်ကုန်မြို့သည် ယခင်က နိုင်ငံတော်၏မြို့တော်ဖြစ်သည်နှင့်အညီ စီးပွားရေးအရ အချက်အချာကျသည့်မြို့၊ ဖွံ့ဖြိုးတိုးတက်သည့်မြို့၊ အသိပညာအတတ်ပညာရှင်များဖြင့် စုစည်းကျစ်လျစ်သည့်မြို့စသည့်အခြေခံကောင်းများစွာကိုပိုင်ဆိုင်ထားသည့် မြို့ဖြစ်သဖြင့် အခြားသောမြို့များထက် ဦးဆောင်စံပြဖြစ်ရမည်ဖြစ်ပြီး ဒေသတွင်းစားရေးအဆင်ပြေစေရေးအတွက် ဆက်လက်အကောင်အထည်ဖော်သွားကြရန်လိုကြောင်း၊ အလားတူ အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်လည်း အသား၊ ငါးနှင့် ဥများဖူလုံမှုရှိစေရေးဒေသအလိုက်နေထိုင်သည့် လူဦးရေနှင့် စားသုံးမှုအပေါ်မူတည်တွက်ချက်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် စနစ်တကျဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရော်ဘာစိုက်ပျိုးမှုများသည်လည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် တန်ဖိုးမြင့်ရော်ဘာထုတ်ကုန်များ ထုတ်လုပ်သွားနိုင်ရန်လိုကြောင်း၊ MSME လုပ်ငန်းများနှင့် ပတ်သက်၍လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်း လိုအပ်လျက်ရှိသည့် လယ်ယာသုံးစက်ကိရိယာများအပါအဝင် စက်ပစ္စည်းအမျိုးမျိုးကိုလည်း ထုတ်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ MSME ကို အခြေခံသည့် စီးပွားရေးနှင့် စုပေါင်းလုပ်ဆောင်သည့် သမဝါယမစနစ်ကို ကျင့်သုံးဆောင်ရွက်သွားမည်ဆိုပါက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ယခုထက်ပိုမို တိုးတက်လာစေနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မွေးမြူရေးဇုန်အတွင်း ငါးတန်၊ ငါးမြစ်ချင်း၊ ငါးမုတ်တို့ကို ငါးသားဖောက်လုပ်ငန်းဆောင်ရွက်နေမှုနှင့် ငါးသားပေါက်မွေးမြူထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း လှည့်လည်၍ ဘဲမွေးမြူရေးဆောင်ရွက်ထားရှိမှုနှင့် ငါးမွေးမြူရေးဆောင်ရွက်ထားရှိမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးလုပ်ငန်းများ စနစ်တကျဖြစ်စေရေးအတွက် လိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး ရှင်းလင်းဆောင်ခန်းမအတွင်း၌ သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်မှထွက်ရှိသည့် ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများခင်းကျင်းပြသထားမှုများကိုကြည့်ရှု၍ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

## လျှပ်ဒဏ်ကြောင့်ပျက်စီးသွားသော ရုံးအဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းအခြေအနေတို့ကို ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၈**

အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များသည် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ အတွင်း မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဆောက်အအုံအသစ်တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးရုံးသို့ရောက်ရှိပြီး ကော်မတီဥက္ကဋ္ဌက ပြန်လည်ပြုပြင်ရာတွင် ငလျင်ဒဏ်ခံနိုင်စေရေးအတွက် Shear Walls များ ထည့်သွင်းဆောင်ရွက်ရာတွင် နည်းစနစ်မှန်ကန်စေရေး၊ မြို့ပြရေသန့်၊လျှပ်စစ်လုပ်ငန်းများ အပိုင်းလိုက်ပြီးစီးရေး၊ ရုံးပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးနှင့် ပရိဘောဂများ ကြိုတင်ပြင်ဆင်ခြင်းတို့ကို အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သောနိုင်ငံခြားရေးဝန်ကြီးဌာန ရုံးအဆောက်အအုံပြန်လည်ပြုပြင်ခြင်းနှင့် နှစ်ထပ်ရုံးအဆောက်အအုံ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေတို့ကိုလိုက်လံကြည့်ရှုစစ်ဆေးပြီး အချောသတ်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောလျင်စွာပြီးစီးစေရေးနှင့် သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေး၍ ဌာနများက အမြန်ဆုံးအသုံးပြုနိုင်စေရေးအထူးအလေးထား ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်) လည်ပတ်နိုင်ရေးဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေး





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)ကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်) လည်ပတ်နိုင်ရေးဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတအား စက်ရုံအစည်းအဝေးခန်းမတွင် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်) ဆိုင်ရာအချက်အလက်များ၊ စက်ရုံလည်ပတ်နိုင်ရေးနှင့်ပတ်သက်၍ ရရှိနိုင်မည့်ကုန်ကြမ်းအမျိုးအစားနှင့် ပမာဏအပေါ်မူတည်ပြီး တစ်နှစ်လျှင် တန်ချိန် ငါးသိန်းချက်လုပ်နိုင်သော Modular Type Refinery ကို Phase I အဖြစ် စတင်ဆောင်ရွက်လျက်ရှိမှု၊ Phase II အဖြစ် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေ၊ Phase I နှင့် Phase II တည်ဆောက်ခြင်းကို ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ ရေနံစိမ်း၊ ရေနံထွက်ပစ္စည်းများ ပို့ဆောင်ရန် ပိုက်လိုင်းသွယ်တန်းခြင်း၊ သဘာဝဓာတ်ငွေ့များပို့ဆောင်ပေးမည့် ပိုက်လိုင်းသွယ်တန်းခြင်း၊ စက်ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်းနှင့် စက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့မှု၊ တစ်နှစ်လျှင် တန်ချိန် ငါးသိန်းချက်လုပ်နိုင်သည့် ရေနံချက်စက်ရုံ Phase I ကို ယခုနှစ်စက်တင်ဘာလတွင် လည်ပတ်ထုတ်လုပ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိပြီး Phase II ကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကာ Phase II ပြီးစီးချိန်တွင် နိုင်ငံတော်လိုအပ်ချက်၏ ဓာတ်ဆီ ၆၀ ရာခိုင်နှုန်း၊ ဒီဇယ်ဆီ ၅၀ ရာခိုင်နှုန်း ထုတ်လုပ်ဖြန့်ဖြူးနိုင်မည့် အခြေအနေ၊ ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတော်အကြီးအကဲ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)အနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းဆောင်ရွက်မှုများရပ်နားခဲ့ရခြင်းဖြစ်ကြောင်း၊ စွမ်းအင်ကဏ္ဍသည် နိုင်ငံတော်အတွက်အရေးကြီးပြီး အကျိုးရှိသည့် လုပ်ငန်းရပ်တစ်ခုဖြစ်သဖြင့် မိမိတို့နိုင်ငံတော်တာဝန်ယူခဲ့ရစဉ်ကာလအတွင်း ယခုစက်ရုံကို အသစ်ပြန်လည်တည်ဆောက်လည်ပတ်နိုင်ရေး တွန်းအားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စက်ရုံလည်ပတ်ချိန်တွင် ပြည်သူလူထုအတွက် အလုပ်အကိုင်များလည်း ရရှိနိုင်မည်ဖြစ်ပြီး ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် စက်သုံးဆီများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်မည်လည်းဖြစ်ကြောင်း၊ ပြည်ပမှစက်သုံးဆီတင်သွင်းနေရမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်သဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများလည်း လျှော့နည်းနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ Phase I တည်ဆောက်နိုင်ခဲ့ခြင်းသည်

စာမျက်နှာ ၁၉ သို့

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စွမ်းအင်ပြတိုက် ပြင်ပပြကွက်များကို လှည့်လည် ကြည့်ရှုစဉ်။







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စွမ်းအင်ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

စာမျက်နှာ ၁၈ မှအဆက်

မိမိတို့အစိုးရ၏ မော်ကွန်းမှတ်တိုင်တစ်ခုပင်ဖြစ်ကြောင်းနှင့် စက်ရုံလည်ပတ်ရေးအတွက်လိုအပ်သည့် ကုန်ကြမ်းများ စဉ်ဆက်မပြတ်ရရှိရေးအတွက်လည်း စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

ပြည်တွင်းထုတ် စက်သုံးဆီများကို ယုံကြည်စိတ်ချစွာဖြင့် အသုံးပြုနိုင်ရေး ရေနံချက်စက်ရုံများ၏ သန့်စင်မှုရာခိုင်နှုန်းကိုလည်း ဆက်လက်မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ သန်လျင်ဒေသသည် ပူပြင်းသည့်ဒေသတွင်ပါဝင်သဖြင့် စက်ရုံမီးဘေးလုံခြုံရေးအတွက်လည်း ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ထားရှိရန် လိုကြောင်း၊ အမြဲစိမ်းသစ်ပင်များ၊ အရိပ်ရလေကာပင်များနှင့် အုန်းပင်များကိုလည်း စိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**ပြည်တွင်းထုတ်စက်သုံးဆီများကို ယုံကြည်စိတ်ချစွာဖြင့်အသုံးပြုနိုင်ရေး ရေနံချက်စက်ရုံများ၏ သန့်စင်မှုရာခိုင်နှုန်းကိုလည်း ဆက်လက်မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လို၊ သန်လျင်ဒေသသည် ပူပြင်းသည့်ဒေသတွင်ပါဝင်သဖြင့် စက်ရုံမီးဘေးလုံခြုံရေးအတွက်လည်း ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ထားရှိရန်လို၊ အမြဲစိမ်းသစ်ပင်များ၊ အရိပ်ရလေကာပင်များနှင့် အုန်းပင်များကိုလည်း စိုက်ပျိုးသွားရန်လို...**

ထို့နောက် နိုင်ငံတော်သမ္မတသည် အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်) အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စွမ်းအင်ပြတိုက် ပြင်ပပြကွက်များနှင့် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုဆိုင်ရာ သမိုင်းမှတ်တမ်းများ၊ ခေတ်အဆက်ဆက် ရေနံထုတ်လုပ်ပုံအဆင့်ဆင့်နှင့် ထုတ်လုပ်ရာတွင်အသုံးပြုခဲ့သည့် စက်ပစ္စည်းကိရိယာများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရေနံချက်စက်ရုံ Phase I တည်ဆောက်နေမှု အခြေအနေများကို လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များလမ်းညွှန်မှာကြားကာ တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်ခဲ့ကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ ထိန်းသိမ်းထားရှိမှု ကြည့်ရှုစစ်ဆေး



**မော်လမြိုင် ဇူလိုင် ၁၈**

မဲပေးစက်များသည် အရေးကြီးသည့် ကြီးကြပ်ကန့်သတ် ပစ္စည်းများဖြစ်ပြီး ကြားဖြတ်ရွေးကောက်ပွဲများနှင့် လာမည့် အထွေထွေရွေးကောက်ပွဲများတွင် အောင်မြင်စွာ ဆက်လက်အသုံးပြုကြရမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးက ယနေ့တွင် မွန်ပြည်နယ်အစိုးရအဖွဲ့ အောင်ဆန်းခန်းမ၌ မွန်ပြည်နယ် MEVM မဲပေးစက်ဆိုင်ရာ ကြီးကြပ်မှုကော်မတီဝင်များနှင့် တာဝန်ရှိသူများကို တွေ့ဆုံစဉ် မှာကြားသည်။

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက မွန်ပြည်နယ် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)ဆိုင်ရာ ကြီးကြပ်မှုအဖွဲ့၏ ကြီးကြပ်မှုဖြင့် မဲပေးစက်များကို လာမည့် ကြားဖြတ်ရွေးကောက်ပွဲနှင့် အထွေထွေ ရွေးကောက်ပွဲများတွင် အောင်မြင်စွာ ဆက်လက်အသုံးပြုနိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြီး ကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးနှင့် တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)များနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)များ ထိန်းသိမ်းထားရှိမှုနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင် ဦးကိုကိုလွင်နှင့် ဦးကြည်သိန်းတို့လည်း တက်ရောက်ကြသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌသည် မော်လမြိုင်မြို့ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ရွှေမြိုင်ခန်းမတွင် ဖွင့်လှစ်သည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ပြုပြင်ထိန်းသိမ်းခြင်း ဆင့်ပွားသင်တန်းဆင်းပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ဆုရရှိသူများကို ဂုဏ်ပြုဆုများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

ယင်းနောက် ကရင်ပြည်နယ် MEVM မဲပေးစက်ဆိုင်ရာ ကြီးကြပ်မှုကော်မတီဝင်များနှင့် တာဝန်ရှိသူများနှင့်လည်း သွားရောက် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ညင်ချီ ခေါ် လင်ကျစ်မြို့ရှိ ရှီးဇန့်အရှေ့တောင်ဒေသ ယဉ်ကျေးမှုပြတိုက်နှင့် ရန်နီအမျိုးသားစိမ့်တောဥယျာဉ်တို့သို့ သွားရောက်ကြည့်ရှုလေ့လာ





ညင်ချီ ဇူလိုင် ၁၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးနှင့်အဖွဲ့သည် ယမန်နေ့မွန်းလွဲပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီးဇန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ညင်ချီ ခေါ် လင်ကျစ်မြို့ရှိ ရှီးဇန့်အရှေ့တောင်ဒေသ ယဉ်ကျေးမှုပြတိုက်နှင့် ရန်နီအမျိုးသားစိမ့်တောဥယျာဉ်တို့သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဦးစွာ ဒုတိယသမ္မတနှင့်အဖွဲ့သည် ရှီးဇန့်အရှေ့တောင်ဒေသ ယဉ်ကျေးမှုပြတိုက် (Southeast Tibet Museum)သို့ ရောက်ရှိကြပြီး ပြတိုက်မှ တာဝန်ရှိသူတစ်ဦးက ပြတိုက်၏နောက်ခံသမိုင်းကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ လူမျိုးစုအလိုက် ရိုးရာအသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်များ၊ ငွေထည်ပစ္စည်းများ၊ လူမျိုးစုများ၏ လူနေမှုဘဝနှင့် ဓလေ့ထုံးတမ်းများ၊ အားကစားနည်းများ၊ သမိုင်းဖြစ်စဉ်များကို အများပြည်သူလေ့လာနိုင်ရေး ပြသထားသည့်ပြခန်းများကို လိုက်လံရှင်းလင်းပြသရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ရှီးဇန့်အရှေ့တောင်ဒေသယဉ်ကျေးမှု ပြတိုက်သည် တိဗက်ဒေသအရှေ့တောင်ပိုင်း၏ သမိုင်း၊ယဉ်ကျေးမှု၊ လူမျိုးစုဓလေ့ထုံးတမ်းများ၊ ရှေးဟောင်းအမွေအနှစ်များနှင့် သဘာဝဂေဟစနစ်ဆိုင်ရာ အချက်အလက်များကို စုစည်းပြသထားသည့် အထင်ကရပြတိုက်တစ်ခုဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ညင်ချီ ခေါ် လင်ကျစ်မြို့ရှိ ရန်နီအမျိုးသားစိမ့်တောဥယျာဉ်သို့ ရောက်ရှိကြရာ ရန်နီစိမ့်တောမှ တာဝန်ရှိသူတစ်ဦးက စိမ့်တောအတွင်းရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောနှင့် ရေဝေရေလဲဒေသများစီမံခန့်ခွဲရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဂေဟစနစ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ ရှင်းလင်းပြသရာ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ တည်ဆောက်ထားသော သဘာဝလေ့လာရေးလမ်းကြောင်းများ၊ ရှုခင်းကြည့်စင်များ၊ ယာလွန်ဇန်ဘို (Yarlung Tsangpo) မြစ်နှင့် သဘာဝရှုခင်းများကို ကြည့်ရှုလေ့လာကြသည်။

အမျိုးသားစိမ့်တော ဥယျာဉ်သည် ယာလွန်ဇန်ဘို မြစ်ကမ်းတစ်လျှောက်တွင် တည်ရှိပြီး မြင့်မားသောတောင်တန်းများ၊ စိမ်းလန်းစိုပြည်သောသစ်တောများ၊ ရေစိုမြေများနှင့် ဇီဝမျိုးစုံမျိုးကွဲများကို သဘာဝအတိုင်းထိန်းသိမ်းထားရှိသည့် ထင်ရှားသော ဂေဟစနစ်နယ်မြေတစ်ခုဖြစ်ကြောင်း သိရသည်။

ဒုတိယသမ္မတနှင့်အဖွဲ့သည် ဇူလိုင် ၁၅ ရက်ကလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ တုံနန်းပန်းဈေးကွက်သို့ရောက်ရှိကြပြီး တာဝန်ရှိသူများက ဈေးကွက်၏ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေ၊ ပန်းမန်ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရောင်းချနေမှု လုပ်ငန်းစဉ်များ၊ ပန်းလေလံတင် ရောင်းချသည့်စနစ်၊ အီလက်ထရောနစ် ကုန်သွယ်မှုစနစ်နှင့် နိုင်ငံတကာသို့ ပန်းမန်တင်ပို့ဆောင်ရွက်နေမှုတို့ကို လိုက်လံရှင်းလင်းပြသရာ ဒုတိယသမ္မတက သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး ပန်းအရောင်းပြခန်းများ၊ ပန်းလေလံတင်ခန်းမ၊ ပန်းအရည်အသွေးစစ်ဆေးရေးဌာန၊ ထုပ်ပိုးရေးလုပ်ငန်းများနှင့် ပန်းမန်လုပ်ငန်းတွင် အသုံးပြုနေသည့် ခေတ်မီနည်းပညာများ၊ ဒစ်ဂျစ်တယ် စီမံခန့်ခွဲမှုစနစ်များနှင့် ပို့ဆောင်ရေးလုပ်ငန်းစဉ်များကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။


တုံနန်းပန်းဈေးကွက်ကို ၁၉၉၈ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုတွင် ပန်းခင်းဧရိယာ ဧက ၆၀၀၀ ကျော်ရှိကြောင်း၊ တုံနန်းပန်းဈေးကွက်သည် အာရှတွင် အကြီးဆုံးနှင့် ကမ္ဘာတွင် ဒုတိယအကြီးဆုံး ပန်းလက်လီလက်ကားရောင်းဝယ်ရေးဈေးကွက်ဖြစ်ပြီး နှင်းဆီ၊ လီလီ၊ ကာနေးရှင်း၊ သစ်ခွနှင့် အခြားပန်းမျိုးစုံကို နေ့စဉ်ရောင်းဝယ်လျက်ရှိရာ တရုတ်နိုင်ငံအပြင် အရှေ့တောင်အာရှ၊ တောင်အာရှ၊ ဥရောပနှင့် အခြားနိုင်ငံများသို့ တင်ပို့ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


### ❍ မိုးထစ်ချုန်းရွာနိုင်မှ

မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံပေါ်တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များ အနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**




### ❖ တက္ကသိုလ်ပေါင်းစုံမှ

ရန်ကုန်မြို့ Pan Pacific Hotel ၌ ကျင်းပသည့် မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် တက္ကသိုလ်အသင်းများ ရွေးချယ်နိုင်ရန် တက္ကသိုလ်တွင်းပြိုင်ပွဲ(Campus Clash Offline Qualifiers) များကို ဇွန် ၁၇ ရက်မှ ၁၉ ရက်ထိကျင်းပလျက်ရှိပြီး နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်နှင့် ကောလိပ် ၂၉ ခု အသင်းပေါင်း ၂၇၃ သင်းမှ အားကစားသမားပေါင်း ၁၀၉၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကာ အနိုင်ရရှိခဲ့ကြသည့် တက္ကသိုလ်အသင်း ၁၆ သင်းသည် ဇူလိုင် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ရန်ကုန်တက္ကသိုလ်အားကစားခန်းမ၌ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

"တက္ကသိုလ်အဆင့် ပြိုင်ပွဲအနေနဲ့ မြန်မာနိုင်ငံမှာ ပထမဆုံးကျင်းပတဲ့ ပြိုင်ပွဲတစ်ခုဖြစ်ပါတယ်။ တက္ကသိုလ်တွင်းပြိုင်ပွဲတွေမှာ အနိုင်ရရှိခဲ့ကြတဲ့ အသင်း ၁၆ သင်းဟာ တစ်သင်းကို လေးယောက်နှုန်းနဲ့ ရန်ကုန်တက္ကသိုလ်မှာ ဆက်လက်ယှဉ်ပြိုင်ရမယ်။ နိုင်တဲ့အသင်းက လက်ရှိပရော်ဖက်ရှင်နယ်အသင်းတွေနဲ့ ယှဉ်ပြိုင်ရမှာဖြစ်ပြီးတော့ အောင်မြင်သူတွေကို နိုင်ငံကိုယ်စားပြု အားကစားသမားတွေအဖြစ် ရွေးချယ်သွားမှာပါ။ မြန်မာ အီလက်ထရောနစ်အားကစားက အရှေ့တောင်အာရှမှာ အောင်မြင်တဲ့နေရာတစ်ခုမှာ ရပ်တည်နေတာပါ။ မနှစ်ကလဲ ကမ္ဘာ့ချန်ပီယံဆုကို ရရှိထားတဲ့အတွက် Esports အားကစားကဏ္ဍကနေ နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်တွေ ဆက်လက်ဆွတ်ခူးနိုင်အောင် မျိုးဆက်သစ်အားကစားသမားတွေ မွေးထုတ်ပေးနေတာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ထက်လင်းက ပြောသည်။

ထို့ပြင် မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ်အနေဖြင့် ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပမည့် အာရှအားကစားပြိုင်ပွဲအတွက်လည်း ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း သတင်းရရှိသည်။

**သစ္စာ(MNA)**

### ❒ ဘိလိယက်ပြိုင်ပွဲမှ

တရုတ်နိုင်ငံတွင် ထိပ်တန်းအဆင့် ပြိုင်ပွဲတစ်ခုဖြစ်ပြီး အိမ်ရှင်တရုတ်နိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းမှ ထိပ်တန်းဘိလိယက်သမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဘုန်းမြင့်ကျော်သည် အင်တာနေရှင်နယ် လက်ရည်စစ်အဆင့်မှစတင်ကစားခဲ့ရပြီး ၆၄ဦး ရှုံးထွက်အဆင့်၊ ၃၂သင်းရှုံးထွက်အဆင့်၊ ၁၆သင်း ရှုံးထွက်အဆင့်၊ ကွာတားဖိုင်နယ်အဆင့်နှင့် ဆီမီးဖိုင်နယ်အဆင့်တို့တွင် အိမ်ရှင်တရုတ်နိုင်ငံမှ ထိပ်တန်းဘိလိယက်ကစားသမားများအပါအဝင် ကမ္ဘာတစ်ဝန်းမှ ဘိလိယက်ကစားသမားများကို အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲအဆင့်ထိ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဘုန်းမြင့်ကျော်သည် 2026 Heyball Masters Tour ဘိလိယက်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အိမ်ရှင်တရုတ်နိုင်ငံမှ ထိပ်တန်းဘိလိယက် ကစားသမားဖြစ်သည့် Chu Bingjie နှင့် ကစားခဲ့ရာ အကောင်းဆုံး ယှဉ်ပြိုင်ကစားခဲ့သော်လည်း ၃၄မှတ် ၃၇မှတ် သုံးမှတ်အကွာဖြင့်ရှုံးနိမ့်ခဲ့သည့်အတွက် ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

ဘုန်းမြင့်ကျော်သည် ပြီးခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြု လက်ရွေးစင်ကစားသမားအဖြစ်ဝင်ရောက်ကစားခဲ့ပြီး ရွှေတံဆိပ်နှင့် ငွေတံဆိပ်များကို ဆွတ်ခူးနိုင်ခဲ့သူတစ်ဦးဖြစ်ကြောင်း သိရသည်။ STA

# နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပဉ္စမအစည်းအဝေး ဒုတိယနေ့ကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပဉ္စမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီ၌ ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်တွင် ဆက်လက်ကျင်းပသည်။



အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက ဆောင်ရွက်တော်မူသည်။

အစည်းအဝေးတွင် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလကလည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကလျာဏက လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တပဏ္ဍိတကလည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြပြီး ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို ရပ်နားသည်။

ထို့နောက် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပဉ္စမအစည်းအဝေး ဒုတိယနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီ၌ ဆက်လက်ကျင်းပပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးချက်များအပေါ် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်ကို အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအာစိဏ္ဏကလည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍာဝံသက လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဇာတက လည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

ဆက်လက်၍ နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဝိလာသာဘိဝံသက အတည်ပြုချက်ရယူပြီး နဝမအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ၄၇ ပါးစုံညီ ပဉ္စမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသောနိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဝေဠုဝန်ရွှေကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမာနိတ (မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော တပည့်ဓမ္မမိတ်ဆွေများက အရုဏ်ဆွမ်းနှင့် နေ့ဆွမ်း တစ်နေ့တာ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)


## လုပ်ငန်းရှင်များနှင့် တောင်သူများအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(ပြည်တွင်းထုတ် ဝါကြိတ်စက်(ဂျင်ခုံ)များ ဝယ်ယူနိုင်ရေးကိစ္စ)**

**လုပ်ငန်းရှင်များနှင့် တောင်သူများအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပြည်တွင်းမှထွက်ရှိသည့် ဝါများအား အပြည့်အဝကြိတ်ခွဲနိုင်ရန်နှင့် တောင်သူများအနေဖြင့် စိုက်ပျိုးထွက်ရှိသည့် ဝါများအားတစ်ပိုင်တစ်နိုင်ကြိတ်ခွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်တို့အတွက် ပြည်တွင်းမှထုတ်လုပ်ထားရှိသည့် ဝါကြိတ်စက်များအား အထူးဈေးနှုန်းအစီအစဉ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၅၊ ၀၉-၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ဆီစက်လုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(ချေးငွေအဆိုပြုလွှာများ လျှောက်ထားခြင်းကိစ္စ)**

**ဆီစက်လုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပြည်တွင်းဆီစက်များ အဆင့်မြှင့်တင်နိုင်ရန်နှင့် လိုအပ်သောစက်ပစ္စည်းများ ဖြည့်ဆည်းနိုင်ရန် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ချေးငွေအဆိုပြုလွှာများကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးခွဲများသို့ ပေးပို့လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၅၊ ၀၉-၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ဝါလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(ချေးငွေအဆိုပြုလွှာများ လျှောက်ထားခြင်းကိစ္စ)**

**ဝါလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး(MSME) ရန်ပုံငွေမှ ချေးငွေများထုတ်ချေးပေးလျက်ရှိရာ ပြည်တွင်းရှိ ဝါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝါစေ့ဆီထုတ်စက်များ၊ ချည်မျှင်ထုတ်လုပ်မည့်စက်များတည်ထောင်ရန်နှင့် တိုးချဲ့တပ်ဆင်နိုင်ရန် ချေးငွေများလျှောက်ထားနိုင်ပါကြောင်းနှင့် ချေးငွေအဆိုပြုလွှာများကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/ တိုင်းဒေသကြီး/ ပြည်နယ် MSME အေဂျင်စီရုံးများသို့ ပေးပို့လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၅၊ ၀၉-၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(စက်အရန်ပစ္စည်းများနှင့်စက်ကိရိယာပစ္စည်းများ တင်သွင်းခွင့်ရရှိရေး ထောက်ခံချက်ကိစ္စ)**

**ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပုဂ္ဂလိကစက်မှုလုပ်ငန်းများအနေဖြင့် ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရန် အမှန်တကယ်လိုအပ်သည့် စက်အရန်ပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများ တင်သွင်းခွင့်ရရှိရေးအတွက် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/တိုင်းဒေသကြီး/ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသို့ ထောက်ခံချက်များကို လာရောက်လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၁၊ ၀၉-၄၂၃၆၆၀၉၈၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## နိုင်ငံရေးဆိုတာ

နိုင်ငံရေးဆိုတာ ကျွန်တော်တို့ နေ့စဉ်နဲ့အမျှ လူ့လောကမှာ တွေ့ကြုံနေကြရတဲ့ ကိစ္စပဲဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဆိုရရင် နိုင်ငံရေးဆိုတာ လူ့ကိစ္စလို့ ဆိုရမယ်။ ကျွန်တော်တို့ စားမှုသောက်မှုနေမှုထိုင်မှုသွားမှုလာမှုအစုစုဟာ နိုင်ငံရေးပဲ ဖြစ်တယ်။

၁၉၄၆ခုနှစ် ဇန်နဝါရီ ၂၀ရက်တွင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီး(ဖဆပလ)၏ နိုင်ငံလုံးဆိုင်ရာညီလာခံ၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်



# ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၁၈**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်သည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီး အဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်နှင့်အတူ ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် ဆိုက်ခေါင်မြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း သင်တန်းခန်းမ၌ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ သင်တန်းသူများကို တွေ့ဆုံအမှာစကားပြောကြားပြီး ကျောင်းဝင်းအတွင်းရှိ စာကြည့်တိုက်၊ အိပ်ဆောင်များ၊ နှစ်ရှည်သီးနှံပင်များ၊ ရာသီသီးနှံပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (ဆိုက်ခေါင်)၌ သင်တန်းသူများ၏ လက်တွေ့သင်ကြားနေမှုများ၊ ဝန်ထမ်း သက်သာချောင်ချိရေးအတွက် ဥစားကြက်မွေးမြူရေးခြံ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် လွိုင်ကော်မြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း၌ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ သင်တန်းသူများကို တွေ့ဆုံအမှာစကား ပြောကြားပြီး ချီးမြှင့်ငွေများပေးအပ်ကာ အိပ်ဆောင်များ၊ စာကြည့်တိုက်၊ ရိက္ခာ စတိုဆောင်၊ ဥစားကြက်မွေးမြူရေးခြံ တို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဇူလိုင် ၁၇ ရက်တွင် ကယားပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း(လွိုင်ကော်)တို့ကိုလည်း ကောင်း၊ နောင်ယား(က)ရပ်ကွက်ရှိ ကယားပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်း များဆောင်ရွက်ပြီးစီးမှု၊ စက်မှုဇုန်-လင်ဖုံလေးကျေးရွာချင်းဆက် ကျောက် ချောလမ်း ၁ မိုင် ၄ ဖာလုံ ကတ္တရာခင်းခြင်း နှင့် လွယ်တမူ-ဖားတီမော ကျေးရွာချင်း ဆက်လမ်း ခြောက်ဖာလုံကွန်ကရစ်ခင်း ခြင်းလုပ်ငန်းတို့ကိုလည်းကောင်း၊ ဇူလိုင် ၁၈ ရက်တွင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး လုပ်ငန်းဆောင် ရွက်မှု၊ ပင်းတယမြို့နယ် သစ်အယ်ပင်-ထယ်သွန်းလမ်း ၁၉၈၅ ပေ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း၊ ရွှေပုထိုး ကျေးရွာ(တောင်ပိုင်း-၁)နှင့် (တောင်ပိုင်း-၂)တို့တွင် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိ ရေး လုပ်ငန်းဆောင်ရွက်မှု၊ အောင်ပန်း မြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ် များ စက်မှုလက်မှုသင်တန်းကျောင်းတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးပြည်သူ့ဆေးရုံကြီး(ကန်တော်နဒီ) ကင်ဆာရောဂါအထူးကုဌာနဝင်းအတွင်း ဌာနဆိုင်ရာများမှ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှု

**မန္တလေး ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီး များနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးပြည်သူ့ဆေးရုံကြီး (ကန်တော် နဒီ) ကင်ဆာရောဂါ အထူးကုဌာနဝင်း အတွင်း သန့်ရှင်းသာယာလှပရေး ဌာန ဆိုင်ရာများမှ ဝန်ထမ်းများ စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ကို မန္တလေးပြည်သူ့ ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးနှင့် တာဝန်ရှိသူများက ကင်ဆာရောဂါ အထူးကုဌာနတွင် အတွင်းလူနာ ပြင်ပ လူနာများကိုလက်ခံ၍ ဆေးဝါးကုသပေး နေမှုနှင့် ဆေးရုံနှင့်ပတ်သက်၍ဆက်လက် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်း တင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆေးရုံအင်္ဂါရပ်နှင့်အညီ ဖြစ်စေရေးနှင့် ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများ စိတ်ချမ်းမြေ့စေရေး၊ ဆေးရုံပရဝဏ် အတွင်း၊အပြင် အစဉ်အမြဲသန့်ရှင်းသပ်ရပ် ရေးနှင့် ရေစီးရေလာကောင်းမွန်ရေးတို့ကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း ဆောင်ရွက်ကာ စနစ်တကျကြပ်မတ် ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ ကြောင်းနှင့် ဌာနဆိုင်ရာများမှ ချုံနွယ် ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ 



အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရန် ရေနုတ်မြောင်းမှ နုန်းစာများဆယ်ယူခြင်း စုပေါင်းဆောင် ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေး ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

### ထူးခြားသည့် နေ့အပူချိန်များ (၁၈ - ၇ - ၂၀၁၆)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ချောက် | ၃၈ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | ဂန့်ဂေါ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | မုံရွာ | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | မြင်းခြံ | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ညောင်ဦး | ၃၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မြင်းမူ | ၃၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |

### ၂၀၁၆ ခုနှစ် ဇူလိုင် ၁၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၆၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# တောင်ကြီးမြို့နှင့် ချမ်းမြသာစည်မြို့နယ်တို့ရှိ သံဃာတော်များ၊ ကျောင်းသား၊ကျောင်းသူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်


သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ကြည့်ရှုအားပေးစဉ်။



သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၈**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေးဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။


ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ချမ်းမြသာစည်ရပ်ကွက် ဓမ္မဝိဓူအုပ်ဖိုလူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်းတိုက်၌ အခြေပြု၍ အဆိုပါကျောင်းတိုက်ရှိ သံဃာတော် ၆၂ ပါးနှင့် ကျောင်းသား၊ ကျောင်းသူ ၁၃၄ ဦးတို့ကို သွားနှင့်ခံတွင်းရောဂါ၊ သွေးတိုးရောဂါ၊ အရိုးအကြောရောဂါ၊ အရေပြားဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ ဖျားနာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ Ultrasound စက်ဖြင့်စမ်းသပ်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဆီးချိုစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက် ပုညနန္ဒာဓမ္မာရုံ၌ အခြေပြု၍ အဆိုပါရပ်ကွက်ရှိ သံဃာတော် ၆၁ ပါးနှင့် ဒေသခံပြည်သူ ၁၁၆ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေး အသိပညာပေးဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဌ၀၁)

# အခြေခံပညာကျောင်းများ၊ ပြည်သူ့ဆေးရုံ၊ ပန်းခြံများ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်


နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။


ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

**နေပြည်တော် ဇူလိုင် ၁၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အပါအဝင် မြို့နယ် ငါးမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ အခြေခံပညာကျောင်းများ၊ ပြည်သူ့ဆေးရုံ၊ ပန်းခြံနှင့် သောက်သုံးရေကန်တို့၏ ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများ ခြင်ဆေးဖျန်းခြင်း၊ ကျောင်းစာသင်ခန်းများအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စာသင်ခုံများ နေရာချထားပေးခြင်းနှင့် ပြုပြင်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(ဌ၀၁)


တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

ဝတ္ထုတိုကဏ္ဍ

# ထိုနေ့က မီးမလာပါ

မစန္ဒာ



ဇူလိုင် ၁၇ ရက်မှအဆက်

"ဘာနဲ့ပဲဖြစ်ဖြစ် မီးလေးကိုယ်တိုင် လာပို့ပါလား"

"ဟုတ်... ဦး"

မီးမီးလေးက နွားနို့ပူပူလေးကို သကြား ခတ်ပြီး ပိန်ခြောက်ခြောက်ကလေးကို အဖော်ခေါ် ကာ ကိုယ်တိုင်သွားပို့သည်။ အဘိုးကြီးက ပိန်ခြောက်ခြောက်ကို ဝေ့ခနဲတစ်ချက်ကြည့် လိုက်ပြီး "အေး...ထားခဲ့၊ ထားခဲ့"ဟု အေးဆေး စွာ ပြောသည်။ မီးမီးလေးကလည်း "လိုတာ ရှိရင် ပြောပါဘိုးဘိုး"ဟု ရှိရှိကျိုးကျိုး ပြောလိုက်သည်။

အမေတစ်စွန်းတစ်စပြောထားဖူး၍ ဘော ယောက္ခမ မည်မျှချမ်းသာသနည်း မီးမီးသိထားသည်။ သို့ပါသော်လည်း သူ့အမေသိ သလောက်ပင် သိရသည်မို့ ရိုးရိုးအေးအေး အဘိုးကြီးဟုသာထင် ထားခဲ့သည်။ ငါးမျှားချိတ်ကို အရင်ဆုံးပြေးဟပ် မည့်ငါးကြီးဟု မထင်ခဲ့မိပေ။ အခုတော့ မြေမြေချင်း ခြေမြင်လိုက်ပြီဖြစ်သည်။ ဒေါ်ကုလားမ၏သမီး သည် ဒေါ်ကုလားမလို ဟင်းချက်ရန်တစ်ခုတည်း ကိုသာ စိတ်ဝင်စားသူမဟုတ်ကြောင်းကို ဘိုးဘိုး ကြီး ကလည်း အကဲခတ်တတ်မည်ဟု ထင်ပါသည်။ မီးမီးက မဆလာကိုသာမက အသပြာကိုလည်း စိတ်ဝင်စားတတ်ပါသည်။

ပိန်ခြောက်ခြောက်ကလေးသည် ဒေါ်ကုလားမ ကို ကူသလို မီးမီးကိုလည်း ကူရသည်။ ဒေါ်ကုလားမ နှင့်အတူချက်ရစဉ်က စကားတပြောပြောနှင့်မို့ ပျော်စရာကောင်းသော်လည်း မီးမီးကတော့ သူ့ကို လှည့်၍ ပင်မကြည့်နိုင်ရှာချေ။ တတိန်တိန်နှင့် ရောက်လာသောမက်ဆေ့ချ်များကို တစ်ချိန်လုံး ဖြေနေရှာသောကြောင့်ဖြစ်သည်။

"မမီးက မီးဖိုချောင်ထဲကတောင် မထွက်ဘူး။ ဘိုးဘိုးကြီးအတွက် နွားနို့ကိုတော့ ကျွန်မနဲ့အတူ သွားပို့တယ်။ ဘိုးဘိုးကြီးက လှည့်တောင်မကြည့်ဘူး။ အေးထားခဲ့၊ ထားခဲ့ဆိုလို့ ထားပြီးပြန်ထွက် လာခဲ့ကြရော"

ဘောကတော် ပြန်ရောက်လာတော့ ပိန်ခြောက် ခြောက်ကလေးက သူသိသမျှ အစီရင်ခံရသည်။ ဘောကတော်လည်း အတိုင်းထက်အလွန် ကျေနပ်သွားရှာလေသည်။ ထိုအချိန်တွင် မီးမီးက သူ့ဆီရောက်လာသော "မီးက လှတယ်" ဟူသော စာတမ်းလေးကို ဖတ်ရင်းပြုံးနေလေသည်။ ထို့နောက် "ဦးလဲ ငယ်တုန်းက ချောမှာပါ" ဟု ပြန်ပို့လိုက်သည်ကို သိများသိလျှင် ဘောကတော် ခမျာ အတော်ကြီး အသည်းနာရှာမည်ဖြစ်သည်။

"အဆင်ပြေရဲ့လား မီးမီးရယ်"

သူ့သမီးပြန်ရောက်လာတော့ ဒေါ်ကုလားမက စိတ်ပူပင်စွာ မေးသည်။ မီးမီးက "အဆင်ပြေတယ် ဆိုတာထက်တောင်ပိုပြီး ပြေသေးတယ် အမေရဲ့" ဟု ပြန်ဖြေလိုက်သည်။

"အေးကွယ်၊ အမေတော့ နောက်သုံးရက်လောက် တော့ နားမှ ဖြစ်မယ်ထင်တယ်။ အဖျားကျပေမဲ့ ချောင်းဆိုးတာက ခုထိမပျောက်ဘူး"

"ရပါတယ် အမေရယ်၊ အေးအေးဆေးဆေး နားပါ။ မီးလဲ လုပ်နိုင်ပါတယ်။ အားလုံး မီး တာဝန်ထားလိုက်"

မီးမီးက တာဝန်ယူတော့ သူ့ဖခင် ကိုကုလားကြီး ရော၊ ဒေါ်ကုလားမပါ ကျေးဇူးတွေတင်နေကြသည်။ ကိုကုလားကြီးက "သမီးလေးတစ်ယောက်ဆို ဆိုသလောက် အားကိုးရတယ်ကွယ်၊ အမေကို အင်မတန်ညာတဲ့သမီး"ဟု တဖွဖွချီးကျူးနေတော့ ဒေါ်ကုလားမလဲ ပီတိတွေ ဝေနေရလေသည်။ "မိဘကို သိတတ်တဲ့ သားသမီးမျိုးဟာ ဘယ်တော့မှ မဆင်းရဲဘူး။ လိုအင်ဆန္ဒ အမြဲပြည့်ရမှာပဲ"ဟူ၍ လည်း ကြုံသမျှလူကို ပြောရဦးမည်။

မီးမီး၏ လိုအင်ဆန္ဒပြည့်ဝသည်ကတော့ အမှန် ပင်၊ လေးရက်မြောက်နေ့တွင်တော့ "မီးလေး ဘာလိုချင်လဲ"ဟူသော အဆင့်ဖြစ်လာသည်။ မီးမီးကလည်း လိုရင်းတိုရှင်း ပြန်ဖြေလိုက်သည်။ "အိုင်ဖုန်း"ဟု။ အဘိုးကြီးဆီမှ အဖြေက ချက်ချင်း ပြန်မလာ။ ထို့ကြောင့် မီးက ထပ်ပို့လိုက်သည်။ "အမေ နေကောင်းပြီ ဦး၊ နက်ဖြန်ဆိုရင် မီး မလာ တော့ဘူးနော် တာ့...တာ"

မီး မလာတော့ဘူးဟူသောစကားက ဟတ်ထိ သွားပုံရသည်။ ချက်ချင်းပေါ်လာသော စာတန်းလေးက-

"တွေ့ချင်တယ်"တဲ့။

"ဘယ်မှာလဲ"

"အပြင်မှာ"

"ဟင့်အင်း"

"လာမှာလား"

"အင်း..."

မီးမီးပြန်တော့၊ မယ်တော်ကြီး ဂမုန်းပင်ကြီး၏ အရွက်ဖားဖားများကြားထဲသို့ အသာကဲကြည့် လိုက်သည်။ ပလတ်စတစ်အိတ် အမည်းလေးနှင့် သပ်သပ်ရပ်ရပ်ထုတ်ထားသော အထုပ်ကလေး တစ်ခုကို တွေ့ရသည်။ မီးမီးက ကျေနပ်စွာပြုံး၍ အသာကောက်ယူကာ လက်ကိုင်အိတ်ထဲ ထည့် လိုက်လေသည်။

နောက်တစ်နေ့ကျတော့ မီးပျက်သည်။ မီးပျက်တော့လည်း လေအေးစက်များ မလည် နိုင်တော့ပေ။ သူ့အခန်းကို နှစ်ဆယ့်လေးနာရီ ပတ်လုံး လေအေးစက်ဖွင့်ထားသော ဖခင်အတွက် ဘောကတော် စိတ်မကောင်းဖြစ်ရသည်။

"ဒီနေ့ အဖေကံမကောင်းဘူးထင်တယ်"

မနက်တုန်းကတော့ အဖေက အစည်းအဝေး သွားရမည်ဟု ပြောသည်။ အိမ်မှ ထွက်သွားစဉ် ကတော့ ရွှင်ရွှင်လန်းလန်းပင်။ အဖေ့ဆီမှ ရေမွှေး ရနံ့ရ၍ သူကကျိတ်ပြီး ပြုံးမိသေးသည်။

ညနေလေးနာရီလောက်ကျတော့ အဖေ ပြန်ရောက်လာသည်။ သူ့အခန်းထဲ တန်းဝင်သွား ပြီး ပြန်ထွက်မလာတော့။ မျက်နှာကြီးလည်း ပုပ်နေလေသည်။ ကားမောင်းသူကို တိုးတိုး တိတ်တိတ် မေးကြည့်တော့ "အစည်းအဝေးမှာ မီးမလာဘူးတဲ့ မမ"ဟု ပြောသည်။

ဟော အခုလည်း မီးက ပျက်ပြန်ပြီ။ အဖေ့ ခမျာ ဝရန်တာထွက်ပြီး ယပ်တောင်တဖျပ်ဖျပ် ခတ်နေရရှာသည်။ ဘောကတော်က သံပုရာရည် အေးအေးလေးဖျော်ပြီး အဖေ့ကို သွားပေးသည်။

"အဖေ အပူနည်းနည်း သက်သာသွားအောင် သံပုရာရည်အေးအေးလေး သောက်လိုက် ပါလားဟင်"

**❖ မီးမီးပြန်တော့၊ မယ်တော်ကြီး ဂမုန်းပင်ကြီး၏အရွက်ဖားဖားများကြားထဲသို့ အသာကဲကြည့်လိုက်သည်။ ပလတ်စတစ်အိတ်အမည်းလေးနှင့် သပ်သပ်ရပ်ရပ်ထုတ်ထားသော အထုပ်ကလေးတစ်ခုကို တွေ့ရသည်။ မီးမီးက ကျေနပ်စွာ ပြုံး၍ အသာကောက်ယူကာ လက်ကိုင်အိတ်ထဲ ထည့်လိုက် လေသည်။ နောက်တစ်နေ့ကျတော့ မီးပျက်သည်။ မီးပျက် တော့လည်း လေအေးစက်များ မလည်နိုင်တော့ပေ။ သူ့အခန်းကို နှစ်ဆယ့်လေးနာရီပတ်လုံး လေအေးစက် ဖွင့်ထားသော ဖခင်အတွက် ဘောကတော်စိတ်မကောင်း ဖြစ်ရသည်။ ❖**

"...ဟိုတယ်မှာလေ၊ နေ့ခင်းတစ်နာရီ"

"ဟင့်အင်း..."

"ဦး စောင့်နေမယ်"

"ဟင့်အင်း..."

"မီးပြန်ရင် အိမ်အဝင်ဝက မယ်တော်ကြီး ဂမုန်းပင်ကြီးနောက်ကို ကြည့်လိုက်"

"တကယ်လား"

သူ့စကားထဲတွင် ဘာအမှားမှမပါဘဲနှင့် အဖေ ဘာလို့ ဒီလောက်စိတ်ဆိုးသွားရသနည်း ဘောကတော်စဉ်းစား၍ မရရှာချေ။ သံပုရာ ရည်ခွက်ကို ဆောင့်တွန်းပစ်လိုက်ပြီး ထအော် လိုက်သည်မှာ တစ်တိုက်လုံးပင် တုန် သွားလောက်သည်။

"သက်သာမလားဟ မီးမှ မလာတာ"တဲ့။

# ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၃၉၉၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကနီ ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၃၉၉၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကနီမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကနီမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၆၅၅၀ စိုက်ပျိုးရန်အတွက် လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက်သီးနှံစုံ စိုက်ပျိုးမှုကို ယခုနှစ်မေလဒုတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၉၉၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကနီမြို့နယ်မှာ ဟင်းသီးဟင်းရွက်သီးနှံစုံဧက ၆၅၅၀ စိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ ဒီနေ့ထိ ၃၉၉၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းစတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်ဖို့၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့စတဲ့အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ကနီမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးမုတ်ပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ငါးမုတ်ပိဿာချိန် ၅၃၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မေလအတွင်းက ငါးမုတ်ပိဿာချိန် ၄၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငါးမုတ်ပိဿာချိန် ၅၃၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇွန်လအတွင်း ရန်ကုန်ဈေးကွက်ကို ငါးမုတ်ပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေးဒရဲမြို့နယ်ကထွက်တဲ့ ငါးမုတ်တွေက လတ်ဆတ်မှုရှိပါတယ်။ ဒီဘက်ဒေသကထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချရတာ အဆင်ပြေပါတယ်" ဟု ဒေးဒရဲမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။



ဒေးဒရဲမြို့နယ်မှရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးမုတ်များအပါအဝင်ဒေသထွက် ရေထွက်ကုန်များကို ဝယ်ယူပြီးစနစ်တကျစစ်ဆေးသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ ငါးမုတ်တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း ဒေးဒရဲမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# မိုးညိုမြို့နယ် ကံကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုးညို ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်နှင့် ဝန်ထမ်းများက ကံကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများက စီမံကိန်းဆိုင်ရာ ငွေစာရင်းဇယားများ ဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကံကလေးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၃ ဦးကို ငွေကျပ် ၃၀ ဒသမ ၅၅ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၆ ဒသမ ၈ သိန်း၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၂၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၈ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၇ ဒသမ ၆ သိန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ အောင်မြင်စွာ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်ထံမှ သိရသည်။

အေးမြတ်

## မေတ္တာပွင့်လန်း မညိုးပန်း

– လူတိုင်းအပေါ် မေတ္တာထား
နှလုံးသား ငြိမ်းချမ်းမယ်၊
မနာလို မုန်းတီးမှု
ရှေးရှုရှောင်ကွယ်၊
ဝမ်းမြောက်လျက် ချစ်ခြင်းသွယ်
နှစ်သက်ဖွယ် ပြောဆိုစကား၊
ပန်းပမာ ပွင့်လန်းကြလို့
မွေးမြစေသား။

– လောကဝယ် မေတ္တာစွမ်းအား
သိပ်ထူးခြား အမှန်ပါ၊
မြင့်မြတ်သူ စိတ်နှလုံး
ကျင့်သုံးလျက်သာ၊
ခန္တီက အလှဖြာ
ပေါင်းစပ်ကာ ရင်မှာမွေး၊
ပန်းစံပယ် ပမာအလားသို့
စိတ်ထားဖြူဖွေး။

– မေတ္တာကို အစဉ်ပိုက်ထွေး
ကောင်းရာတွေး ပြုလုပ်ပါ၊
မကောင်းတာ မှန်သမျှ
စိတ်ကရှောင်ခွာ၊
သည်လောက မြေကမ္ဘာ
မေတ္တာဟာ အကျိုးများ၊
ရစ်ပတ်တွယ် ယုယပျိုးလို့
မညိုးစေသား။

– စိမ့်စမ်းရေ ပမာအလား
မေတ္တာကား အေးမြတယ်၊
တို့သူငါ စိတ်နှလုံး
ရွှင်ပြုံးစေကွယ်၊
အလျားနဲ့အနံရယ်
မရှိဖွယ် ဆိုစေထား၊
အသွားအပြန် အမှန်ရှိလို့
ထူးဘိစွမ်းအား။

– ရွှေမေတ္တာ အလှတရား
တို့အများ သိစေကွယ်၊
စိတ်အစဉ် မွေးမြူလျက်
ရှေ့ဆက်ကြမယ်၊
မေတ္တာရနံ့ မွှေးပျံ့တယ်
လောကဝယ် မညိုးပန်း၊
ငါတို့တွေ ပန်ဆင်ကြလို့
(အိုကွယ်)
အေးမြရွှင်လန်း။ ။

ဇဂျမ်းရွာကျောင်းအိုသား

# ငါးဆယ်လျှော့စီးတဲ့လူငယ်

**ဆူးသစ်**

ဒီလမှာ ကျွန်တော်နဲ့ ခင်တဲ့သူတွေထဲက လူငယ်လေးတစ်ယောက်အကြောင်း ပြောပြချင်ပါတယ်။ ဒီလိုပါ။

သူက အသက် ၂၇ နှစ် ကျော်ပါပြီ။ သူက မြို့ထဲက ကုမ္ပဏီတစ်ခုမှာအလုပ်လုပ်ပါတယ်။ ဖယ်ရီမရှိလို့ လိုင်းကားစီးရတာကြောင့် သူတို့ဘက်ကလာတဲ့ လိုင်းကားတွေ စီးပါတယ်။

အဲဒီလိုစီးရတဲ့အခါ ဆူးလေကိုစီးရင် ကားခက အတူတူပေမဲ့ ကြားမှတ်တိုင်တစ်တိုင်မှာ ဆင်းရင်တော့ ကားခက နည်းနည်းကွာသွားပါတယ်။ ကားခနဲ့မှတ်တိုင် ခွဲဖြတ်ကြတာမတူကြလို့ပါ။ ကျွန်တော်ပြောတဲ့လူငယ်လေးက ကျွန်တော်နဲ့အတူ ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)မှာ သင်တန်းတစ်ခုကို မနက်ပိုင်းတက်ပါတယ်။ အဲဒီလိုတက်ရင်း ကျွန်တော်နဲ့ခင်လာတော့ သူ့အကြောင်း နည်းနည်း သိလာပါတယ်။

ကျွန်တော်က မြို့ထဲဘက်ကလာလို့ သူဘာကားစီးလာတယ်မသိပေမဲ့ ရင်းနှီးသွားတဲ့အခါ သူစီးတဲ့ကားတွေအကြောင်း၊သူ့အကြောင်း ပိုသိလာပါတယ်။ သူက များသောအားဖြင့်စီးတဲ့လိုင်းကားတွေမှာရှိတဲ့ ယာဉ်မောင်းတွေရဲ့အထာပါ ကျွမ်းနေတဲ့ပုံပါ။ ဘယ်ယာဉ်မောင်းက မောင်းတာနှေးတယ်။ ဘယ်ယာဉ်မောင်းက မြန်တယ်။ စိတ်ဆတ်တယ် စသဖြင့်ပေါ့။

ပြီးတော့ ဘယ်လိုင်းက ဘယ်ထိငါးဆယ်၊ ဘယ်ထိဆို ၁၀၀၊ ဘယ်နားဆင်းရင် ပိုသက်သာတယ် စသဖြင့် ပြောပြတတ်ပါတယ်။ အဲဒီလို သူပြောပြတဲ့အထဲက မှတ်သားလိုက်ရတာတစ်ခုက သူဟာ ငွေကို ချင့်ချိန်ပြီး သုံးတတ်တယ်ဆိုတာပါပဲ။ ဒါဟာလဲ ကျွန်တော်တို့နဲ့ တွဲသွားတွဲလာလုပ်ရင်း ပိုသိလာရတာပါ။

သူကပြောဖူးပါတယ်။ "ကျွန်တော် ကျောင်းလာရင် ငါးဆယ်လျှော့ပေးရတဲ့ကားပဲစောင့်စီးတယ်။ တခြားကားတွေကို မလွှဲသာမှစီးတယ်"တဲ့။ သူက အိပ်ရာကနေ မနက် ၄ နာရီလောက်မှာ ထတတ်ပြီး ကျောင်းလဲ အမြဲနောက်မကျသူမို့ ကျွန်တော့်အထင် အဲဒီလိုကားမျိုးကိုပဲ အေးအေးလူလူ စောင့်စီးတတ်တယ်လို့ တွေးမိပါတယ်။

ဘာဖြစ်လို့လဲ မေးကြည့်တော့ ကျောင်းတက်ရင် တချို့ကားတွေက သူဆင်းချင်တဲ့ ကျောင်းနားက မှတ်တိုင်ထိ ၁၀၀ ကျပေမဲ့ တချို့ကားကတော့ အဲဒီမှတ်တိုင်ထိ ငါးဆယ်ပဲပေးရလို့တဲ့။ မှတ်တိုင်နေရာနဲ့ကားခကွာလို့မစီးတာတဲ့။

သူက ငွေမရှိတဲ့သူမဟုတ်ပါဘူး။ မိသားစုကလဲ ချောင်ချောင်လည်လည် သူကိုယ်တိုင်ကလဲ အလုပ်နဲ့အကိုင်နဲ့။ လက်မထပ်ရသေးတဲ့သူတစ်ယောက်။ ညီအစ်ကိုမောင်နှမတွေကလဲ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နေပြီ။ ဒီလို လူငယ်လေးက ငွေငါးဆယ်သက်သာဖို့ မှတ်တိုင်ကိုကြည့်ပြီး ကားကို ရွေးစီးတယ်တဲ့ကွာ။

သူငယ်ချင်းတွေနဲ့ပတ်သက်ပြီး ငွေသုံးရင်ချင့်ချင့်ချိန်ချိန်ဖြစ်တတ်လွန်းတဲ့သူ့ကို အရင်က နားမလည်ခဲ့ပေမဲ့ ကားရွေးစီးတယ်ဆိုတာ သိချိန်မှာတော့ တော်တော်နားလည်သွားခဲ့ပါတယ်။ ဒါပေမဲ့ အဆုံးထိသိတာမျိုးတော့မဟုတ်ခဲ့ပါဘူး။

ဒီလိုနဲ့ ကျွန်တော်တို့တက်နေတဲ့ သင်တန်းပြီးပြီလဲဆိုရော သူ့ကို ကောင်းကောင်းသိဖို့ဖြစ်ပါရော။ သူ့မှာချစ်သူရှိလို့ မင်္ဂလာဆောင်တော့မယ်တဲ့။ မင်္ဂလာဆောင်တာ ဘာမှမထူးဆန်းပေမဲ့ ရန်ကုန်မြို့ ဟိုတယ်ကြီးတစ်လုံးမှာ မင်္ဂလာဆောင်ဖို့ အဲဒီမင်္ဂလာပွဲရဲ့စရိတ်တွေနဲ့ နေဖို့တိုက်ခန်းအတွက်ကိုပါ သူ့အိမ်ကမယူရဘဲ သူ့ငွေနဲ့ပဲ အကုန်အကျခံမယ်ဆိုတဲ့ကိစ္စမှာတော့ ကျွန်တော့်အတွက် နည်းနည်းထူးဆန်းပြီး အံ့ဩရပါတော့တယ်။ အဲဒီလို အံ့ဩလောက်စရာ အကြောင်းကလဲ ရှိတာကိုး။

အသက် ၃၀ မပြည့်သေးတဲ့ လူငယ်တစ်ယောက်ဟာ သူ့လုပ်ခအပါအဝင် စုထားတဲ့ငွေတွေနဲ့တိုက်ခန်းဝယ်ပြီး မင်္ဂလာဆောင်ပါ လုပ်နိုင်တယ်ဆိုတာက ဒီဘက်ခေတ်မှာအံ့ဩစရာပါ။ သူ့လုပ်ခပါတယ်ဆိုတာကလဲ သူကျောင်းပြီးမှပါတာလေ။ တကယ်တမ်း သူငွေစုခဲ့တာ ဟိုးကလေးဘဝကတည်းကတဲ့။ အဲဒီအကြောင်းပြောပြလို့ သူနဲ့ရွယ်တူသူငယ်ချင်းတွေတောင် သူ့ကို "မိန်းမယူဖို့ ငယ်ငယ်ကတည်းက ကိုယ့်ဘာသာပိုက်ဆံစုတဲ့ကောင်"လို့ နောက်ဖြစ်ကြသေးတယ်။

စဉ်းစားကြည့်နိုင်ပါတယ်။ ဒီဘက်ခေတ်မှာ အဲဒီလို ငယ်ငယ်ကနေငွေစုလာလို့ လက်ထပ်နိုင်တယ်။ အိမ်ဝယ်နိုင်တယ်ဆိုတာမျိုးက တော်တော်ရှားပါတယ်။ 'ဘေဘီလုံမှာ အချမ်းသာဆုံးပုဂ္ဂိုလ်'လို ကိုယ့်ငွေထဲက ဆယ်ပုံတစ်ပုံ စုခဲ့တာလဲမဟုတ်။ ရသလောက်ကို ရသလိုစုခဲ့တဲ့ကလေးတစ်ယောက်ဟာ နောင်တစ်ချိန်မှာ သူ့ငွေနဲ့ တိုက်ခန်းဝယ်ပြီးတော့ အိမ်ငှားတင် အဲဒီငွေတွေနဲ့ပဲ မင်္ဂလာပွဲတစ်ပွဲကို ပီပြင်အောင်ဖော်ဆောင်နိုင်တဲ့ လူငယ်တစ်ယောက်ဖြစ်လာတယ်ဆိုတာ ဒီဘက်ခေတ်မှာ တော်တော်ရှားသွားပါပြီ။

ကျွန်တော်တို့လဲ သူနဲ့တွေ့မှ ကိုယ်သုံးခဲ့တဲ့ ငွေတွေအပေါ် နှမြောမိနေတော့တာပါပဲ။ ဒါပေမဲ့ လွန်ခဲ့ပြီပဲလေ။ နောက်ပိုင်းရသလောက်ငွေတွေတော့ ပြန်ဆယ်ယူနိုင်သေးရဲ့လို့တွေးရင်း ပြုပြင်ဖို့ ကြိုးစားနေရတာပါပဲ။

> ❖ **ပေါင်းသင်းဆက်ဆံရေးမှာ ငွေလဲ တစ်စိတ်တစ်ပိုင်းပါတာမို့ ကိုယ့်ငွေတွေ ဖြုန်းသလိုမဖြစ်တဲ့ လူမှုပေါင်းသင်းဆက်ဆံရေးကို တည်ဆောက်ဖို့တော့လိုပါတယ်။ ဒီလိုလုပ်မယ်ဆိုရင်လဲ ကိုယ့်ဘက်က အတတ်နိုင်ဆုံးပွင့်လင်းရပါမယ်။ ငွေမရှိတာကို ဟန်လုပ်ပြီးလိုက်ထိုင်စရာလဲ မလိုပါဘူး။ ကိုယ်သုံးမဲ့ပမာဏနဲ့ ကိုယ့်မှာရှိတဲ့ငွေပမာဏဟာ ချင့်ချိန်လို့ရပါတယ်။ ကိုယ့်မှာမရှိတာကို သူများလို လိုက်သုံးချင်လို့ မရတာတော့ နားလည်ရမှာပါပဲ။ အဲဒီလိုအခြေအနေတွေကြားထဲကနေ ကိုယ့်ငွေထဲက နောင်တစ်ချိန် ကိုယ့်အတွက်ကျန်အောင် လုပ်တယ်ဆိုတာ တော်တော်မလွယ်တဲ့ကိစ္စပါ။ ဒါကို "ငါးဆယ်လျှော့စီးတဲ့လူငယ်လေး"ပြသွားခဲ့ပါပြီ။** ❖

ငွေဆိုတာ စုကောင်းတဲ့အရာပါ။ အဲဒီငွေတွေ ကုန်ခဲ့လို့ အဲဒီငွေတွေအပေါ် ကျွန်တော်တို့ဘာတွေ အမြတ်ထွက်ခဲ့ပြီလဲဆိုတာ စဉ်းစားကြည့်စေချင်တယ်။ သုံးသင့်သုံးထိုက်တာတွေသုံးခဲ့ပြီး တချို့နေရာတွေမှာတော့ မကုန်သင့်ဘဲ ကုန်ခဲ့တာတွေ အများကြီးပါပဲ။

ကျွန်တော်တို့က လိုရာခရီးကိုရောက်ဖို့ အဆင်ပြေတဲ့ကားတွေပဲ ရွေးစီးကြတာများပါတယ်။ မှတ်တိုင်ကိုကြည့်ပြီးမစီးတတ်သလို ငါးဆယ်ကိုလဲ မနှမြောကြပါဘူး။

ဒါပေမဲ့ အဲဒီငါးဆယ်ဟာ တချို့လူတွေအတွက် စဉ်းစားစရာ တော်တော်ကောင်းတဲ့အချက်ပါ။ အဲဒီငါးဆယ်တွေ အများကြီးကပဲ လူတချို့ကိုင်တွယ်မှုရဲ့နောက်မှာ ထိန်းချုပ်ခံလိုက်ရတာပါ။

တကယ်တော့ လူမှုပေါင်းသင်းဆက်ဆံရေးမှာ ထိခိုက်စရာမရှိလောက်ဘူးလို့ယူဆရင် ငွေတွေကို ပြန်ဆယ်ရတဲ့အလုပ်ဟာ အပြစ်ကင်းပါတယ်။ ကျွန်တော်တို့မြန်မာတွေမှာက အပေါင်းအသင်းနဲ့ သွားလာသောက်စားလို့ ကိုယ်ကမထုတ်ရင် 'စတီးလ်ကျတယ်၊ ကပ်တယ်'လို့ ဆိုကြတယ်။ သုံးတော့လဲ ကုန်ရော။ ဒီတော့ သူများခေါ်တိုင်းမလိုက်၊ မသွားဘဲနေမလား။ အဲဒါက လူမှုရေးမထိခိုက်ရင် ငွေတွေ တော်တော်ဆယ်ပြီးသားဖြစ်သွားတာပါပဲ။ မနေနိုင်လို့လိုက်ရင်တောင် ကိုယ်စားကိုယ်ရှင်းစနစ်ကို အမေရိကန်စစ်စတမ်လို့ပြောနေတော့ အဲဒီလိုရှင်းလေ့မရှိတဲ့ကျွန်တော်တို့နိုင်ငံမှာ ကိုယ်က ငွေကိုပေါပေါမသုံးနိုင်ရင် အသွား၊ အလာ၊ အစားအသောက် ထိန်းထိန်းသိမ်းသိမ်းလုပ်တာ အကောင်းဆုံးပါပဲ။ အဲဒီလိုထိန်းလို့လဲ အပြစ်မမြင်ကြပါဘူး။ မိတ်ဆွေအပေါင်းအသင်းတွေက နားလည်ပေးတတ်ကြပါတယ်။ တချို့ကျတော့ ငွေလဲစုချင်၊ သူများနဲ့လဲ သွားသွားလာလာလုပ်ချင် ပြီးတော့ ငွေကျတော့မထုတ်ချင်။ အဲဒီလိုလူမျိုးကျတော့စီးပိုးလို့ ဘယ်သူမှ အပေါင်းအသင်းမလုပ်ချင်ကြပါဘူး။ သူများဆယ်ခါစိုက်လို့ ကိုယ်တစ်ခါမစိုက်ချင်တဲ့ လူမျိုးကျတော့လဲ ဘယ်သူက ကြည်ဖြူပါ့မလဲ။

ပေါင်းသင်းဆက်ဆံရေးမှာ ငွေလဲ တစ်စိတ်တစ်ပိုင်းပါတာမို့ ကိုယ့်ငွေတွေ ဖြုန်းသလိုမဖြစ်တဲ့ လူမှုပေါင်းသင်းဆက်ဆံရေးကို တည်ဆောက်ဖို့တော့လိုပါတယ်။ ဒီလိုလုပ်မယ်ဆိုရင်လဲ ကိုယ့်ဘက်က အတတ်နိုင်ဆုံး ပွင့်လင်းရပါမယ်။ ငွေမရှိတာကို ဟန်လုပ်ပြီးလိုက်ထိုင်စရာလဲ မလိုပါဘူး။ ကိုယ်သုံးမဲ့ပမာဏနဲ့ ကိုယ့်မှာရှိတဲ့ ငွေပမာဏဟာ ချင့်ချိန်လို့ရပါတယ်။ ကိုယ့်မှာမရှိတာကို သူများလိုလိုက်သုံးချင်လို့မရတာတော့ နားလည်ရမှာပါပဲ။

အဲဒီလိုအခြေအနေတွေကြားထဲကနေ ကိုယ့်ငွေထဲက နောင်တစ်ချိန် ကိုယ့်အတွက်ကျန်အောင် လုပ်တယ်ဆိုတာ တော်တော်မလွယ်တဲ့ကိစ္စပါ။ ဒါကို "ငါးဆယ်လျှော့စီးတဲ့ လူငယ်လေး"ပြသွားခဲ့ပါပြီ။ သူဖြစ်အောင်လုပ်ပြသွားခဲ့တာလို့ ပြောရင်ရပါတယ်။

ကျွန်တော်တို့ငယ်ငယ်က ငွေတွေမစုခဲ့ရလို့ စိတ်မပျက်ပါနဲ့။ အသက်ရှင်နေသရွေ့ အနာဂတ်တွေ ရှိလို့ ခုကစစုရင် စုတဲ့ငွေတိုင်းဟာ အနာဂတ်အတွက် အားဖြစ်စေမှာပါ။ ဘယ်လိုစုလဲဆိုတာတော့ မမေးပါနဲ့။ လူတိုင်းဟာ ကိုယ်မဟုတ်ပါဘူး။ ဆရာဖေမြင့်ဘာသာပြန်ထားတဲ့ "ဘေဘီလုံမှာ အချမ်းသာဆုံးပုဂ္ဂိုလ်"က သူ့ဝင်ငွေရဲ့ ဆယ်ပုံတစ်ပုံစုတယ်တဲ့။ "ငါးဆယ်လျှော့စီးတဲ့လူငယ်"ကတော့ သူအဆင်ပြေသလိုချွေတာရင်း ငွေကိုစုတယ်။ ကျွန်တော်တို့က ဘယ်လိုပုံစံနဲ့မဆို စုလို့ရပါတယ်။ အဓိကက ငွေတွေ ပြန်ဆယ်နိုင်ဖို့ပါပဲ။

မှတ်တိုင်တစ်တိုင်အတွက် ငါးဆယ်ပိုမပေးချင်လို့ ကားစောင့်စီးတဲ့လူငယ်လေးတစ်ယောက်က သူ့ဘဝရဲ့မှတ်တိုင်သစ်တွေမှာ အဲဒီ ငါးဆယ်ပေါင်းများစွာနဲ့အောင်မြင်မှုတွေရယူနေပါပြီ။ "ငါးဆယ်လျှော့စီးတဲ့လူငယ်"ကို အားကျနမူနာယူရင်း ကျွန်တော်တို့ရဲ့ဘဝမှတ်တိုင်တွေအတွက် ငွေကြေးတွေရသလောက်ဆယ်လိုက်ကြရအောင်ကွာ။

**(ဆူးသစ်၏ ၂၀၁၁ ခုနှစ်ထုတ် အဝေးရောက်ထွန်းတောက်မြန်မာနှင့် ညီလေးဖတ်ဖို့ရေးတဲ့စာအုပ်မှ ဖော်ပြပါသည်။)**


**ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း**

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၈၉၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၈၉၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၂၂၅၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၈၉၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ပဲစင်းငုံဧက ၂၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းဖို့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ် အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မင်းဘူးမြို့နယ် ကန်ရေ(၁)ကျေးရွာ၌ RBF စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မင်းဘူး ဇူလိုင် ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် ကန်ရေ(၁)ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၇ ရက်က အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းက ကျေးရွာရပ်မိရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများကိုတွေ့ဆုံကာ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် စီမံကိန်း လက်စွဲစာစောင်ပါ လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် RBF စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်းလုပ်ငန်းတွင် ပါဝင်သည့်လုပ်ငန်းအဖွဲ့ဝင်များ ရွေးချယ်မှုသတ်မှတ်ပုံစံများ၊ တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများ ဖော်ဆောင်နိုင်ရန် ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မင်းဘူးမြို့နယ် ကန်ရေ(၁) ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF) ရန်ပုံငွေကျပ် သိန်း ၃၀၀ ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက အစုအဖွဲ့များဖွဲ့ကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **ဇင်မာ**

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဓနိချပ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ငပုတော ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဓနိချပ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ဓနိရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

ငပုတောမြို့နယ်သည် ဓနိထွက်သောဒေသဖြစ်ပြီး ထွက်ရှိသည့် ဓနိများကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချ လျက်ရှိပြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလက ဓနိချပ်ရေ ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လ တစ်လအတွင်း ဓနိချပ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"တစ်လအတွင်း ဓနိချပ်ရေ အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ တင်ပို့ရောင်းချခဲ့တဲ့ ဓနိချပ်တွေက ရောင်းပန်းလှသလို အရည်အသွေးလဲ ကောင်းပါတယ်။ ပြီးခဲ့တဲ့တစ်လထဲမှာ ရန်ကုန်ဈေးကွက်က ဓနိချပ်တွေဝယ်ယူအား ကောင်းခဲ့ပါတယ်။ ဓနိချပ်တွေ ဝယ်ယူအားကောင်းတဲ့အတွက်ဒေသခံဓနိစိုက်ပျိုးလုပ်ကိုင်သူတွေနဲ့ ဓနိထိုးလုပ်သားတွေပါ အဆင်ပြေလာပါတယ်"ဟု ငပုတောမြို့နယ် ဓနိရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။



ငပုတောမြို့နယ်တွင် ဓနိစိုက်ပျိုးရေးလုပ်ငန်းကို ဒေသခံအများအပြားက လုပ်ကိုင်ကြကြောင်း၊ အဆိုပါဓနိချပ်ရေ ၁၀၀ လျှင် ငွေကျပ် ၂၅၀၀၀ မှ ၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ထို့သို့ ဓနိချပ်များ ဝယ်ယူအားကောင်းလာခြင်းကြောင့် ဓနိစိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူများ၊ ဓနိထိုးလုပ်သားများ၊ ဓနိပွဲရုံပိုင်ရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ငါန်းဇွန်မြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) စိုက်ပျိုး၊ ထယ်ထိုး၊ မြေမြှုပ်ခြင်း ကွင်းသရုပ်ပြ

**ငါန်းဇွန် ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် မြေဆီလွှာဖွံ့ဖြိုးတိုးတက် ကောင်းမွန်လာစေရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) စိုက်ပျိုး၊ ထယ်ထိုး၊ မြေမြှုပ်ခြင်း ကွင်းသရုပ်ပြပွဲကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက ရွာသစ်ကျေးရွာအုပ်စု ကွင်းအမှတ်(၉၁၅/၁၅၄၈)ရှိ တောင်သူ ဦးကြည်တင်၏ လယ်မြေ ခုနစ်ဧက၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငါန်းဇွန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေမျိုးထက်က ကွင်းသရုပ်ပြပွဲသို့ တက်ရောက်လာသူများကို သစ်စိမ်းမြေဩဇာ စိုက်ပျိုးရခြင်း၏ရည်ရွယ်ချက်များ၊ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) အဖြစ် စိုက်ပျိုးခြင်းမှရရှိနိုင်မည့် အကျိုးကျေးဇူးများဖြစ်သော မိုးရေနှင့်အတူ အပေါ်ယံမြေလွှာ တိုက်စားပြီး အဟာရဓာတ်ဆုံးရှုံးခြင်းမှ ကာကွယ်ခြင်း၊ ပေါင်းပင်ပေါက်ရောက်မှုကို နည်းပါးစေခြင်း၊ အပင်သက်တမ်းအလိုက် ထယ်ထိုးမြေမြှုပ်ခြင်းမှ ရရှိလာမည့် အဟာရဓာတ်များကြောင့် မြေဆီလွှာ၏ဂုဏ်သတ္တိများတိုးတက်လာခြင်း၊ သစ်ဆွေးဓာတ်များရရှိခြင်း၊ မြေဆီလွှာအတွင်း အကျိုးပြုသက်ရှိများ ပွားများစေနိုင်ခြင်း၊ လေထဲမှ နိုက်ထရိုဂျင်ကို ဖမ်းယူပေးသည့်အတွက် မြေဆီလွှာအတွင်း နိုက်ထရိုဂျင်ဓာတ် ဖြည့်တင်းပေးနိုင်ခြင်းနှင့် စိုက်ပျိုးရလွယ်ကူပြီး ကြီးမြန်အပင် ဖြစ်သည့်အတွက် တောင်သူများ ကျယ်ပြန့်စွာ စိုက်ပျိုးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး စိုက်ပျိုးထားသော သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) စိုက်ခင်းကို စိုက်ပျိုး၊ ထယ်ထိုး၊ မြေမြှုပ်ခြင်းများ ကွင်းသရုပ်ပြခဲ့ကြောင်း သိရသည်။

အဆိုပါ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)စိုက်ပျိုး၊ ထယ်ထိုး၊ မြေမြှုပ်ခြင်းသရုပ်ပြပွဲသို့ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းသိန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ဒေသခံ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# ပေါင်းတည်မြို့နယ် နတ်ပုတီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါင်းတည် ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နတ်ပုတီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေဖြင့် ကျေးလက်နေ ပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ ကျေးလက်နေ ပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေ ကျပ် ၃၈ ဒသမ ၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက နတ်ပုတီးကျေးရွာရှိ ဆီထွက်သီးနှံစိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၁၂၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၈ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေက ပြောပြ၍ သိရသည်။ **သုတ**

# နိုင်ငံ့စီးပွားနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေသောဝါ

မေဇင်ထွန်း

လူသားတို့၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေးတွင် စားနပ်ရိက္ခာနှင့် အဝတ်အထည်တို့သည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတည်ငြိမ်မှုနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်များဖြစ်သည်။ အထူးသဖြင့် စိုက်ပျိုးရေးကိုအခြေခံသောနိုင်ငံများတွင် စိုက်ပျိုးရေးသီးနှံများသည် ပြည်သူများ၏ စားဝတ်နေရေးကို ဖြည့်ဆည်းပေးရုံသာမက စက်မှုကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ဖန်တီးရေးနှင့် နိုင်ငံခြားဝင်ငွေတိုးတက်ရေးတို့အတွက်အရေးပါသည်။ ထိုသီးနှံများအနက် ဝါသီးနှံသည် သဘာဝအမျှင်ကုန်ကြမ်းတစ်မျိုးအဖြစ် ယနေ့အချိန်ထိ ကမ္ဘာ့စီးပွားရေးတွင် အရေးပါသောနေရာကို ရယူထားဆဲဖြစ်သည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးသည် မိမိတို့၏ရေမြေရာသီဥတုနှင့် သဘာဝအရင်းအမြစ်များပေါ်မူတည်၍ စီးပွားရေးဖွံ့ဖြိုးမှုလမ်းကြောင်းများကို ရွေးချယ်ဆောင်ရွက်ကြသည်။ အချို့နိုင်ငံများသည် စက်မှုနှင့်နည်းပညာကဏ္ဍများကိုအခြေခံ၍ စီးပွားရေးတိုးတက်အောင်ဆောင်ရွက်ကြသကဲ့သို့ အချို့နိုင်ငံများတွင် စိုက်ပျိုးမွေးမြူရေးကိုအခြေခံ၍ နိုင်ငံ၏စီးပွားရေးကို တည်ဆောက်ကြသည်။ မြန်မာနိုင်ငံသည် ရေခံမြေခံကောင်းမွန်ပြီး မြေဩဇာကြွယ်ဝခြင်း၊ ရေအရင်းအမြစ်ပေါများခြင်းနှင့် ရာသီဥတုသင့်တင့်မျှတခြင်းတို့ကြောင့် စိုက်ပျိုးရေးကို အဓိကစီးပွားရေးလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိသည်။ ဆန်စပါးအပြင် ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ မြေပဲနှင့် ဝါအပါအဝင် စက်မှုကုန်ကြမ်းသီးနှံများကိုလည်း ကျယ်ပြန့်စွာစိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

ယခင်က မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များကို ကုန်ကြမ်းအဖြစ်သာ ပြည်ပသို့တင်ပို့ခဲ့သဖြင့် တန်ဖိုးမြင့်ထုတ်လုပ်မှုမှရရှိနိုင်သည့် စီးပွားရေးအကျိုးအမြတ်များကို အပြည့်အဝမရရှိခဲ့ပေ။ သို့သော် ယခုအခါစိုက်ပျိုးရေးကိုအခြေခံသည့် Agro-based Industries များ ဖွံ့ဖြိုးလာသည်နှင့်အမျှ ကုန်ကြမ်းများကို တန်ဖိုးမြင့်ကုန်ချောများအဖြစ်ပြောင်းလဲထုတ်လုပ်နိုင်ရေးကို ပိုမိုအလေးထားလာကြသည်။ ထိုလုပ်ငန်းစဉ်တွင် ဝါသီးနှံသည် ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းများ၏ အခြေခံစက်မှုကုန်ကြမ်းအဖြစ် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ဝါသည် သဘာဝအမျှင်သီးနှံတစ်မျိုးဖြစ်ပြီး လူသားတို့၏ နေ့စဉ်ဘဝနှင့်အနီးကပ်ဆက်စပ်နေသည်။ မွေးစမှသေဆုံးသည်ထိ လူတိုင်းအတွက် အဝတ်အထည်သည်မရှိမဖြစ်လိုအပ်သကဲ့သို့ အဝတ်အထည်ထုတ်လုပ်ရေး၏ အခြေခံကုန်ကြမ်းမှာ ဝါဂွမ်းပင်ဖြစ်သည်။ ဝါဂွမ်းမှချည်မျှင်ထုတ်လုပ်ပြီး အထည်အလိပ်၊ အဝတ်အထည်၊ ဆေးဘက်ဆိုင်ရာအသုံးအဆောင်များနှင့် စက်မှုသုံးပစ္စည်းများကို ထုတ်လုပ်နိုင်သည်။ ထို့ပြင် ဝါစေ့မှ စားသုံးဆီ၊ စက်မှုသုံးဆီ၊ ဆပ်ပြာ၊ အလှကုန်နှင့် ဖယောင်းတိုင်များထုတ်လုပ်နိုင်သကဲ့သို့ ဆီကြိတ်ပြီးကျန်ရှိသော ဝါစေ့ကြိတ်ဖတ်ကိုလည်း တိရစ္ဆာန်အစာအဖြစ်အသုံးပြုနိုင်သည်။ ထို့ကြောင့် ဝါပင်၏အစိတ်အပိုင်းတိုင်းသည် စီးပွားရေးတန်ဖိုးရှိသော ထုတ်ကုန်များအဖြစ်အသုံးချနိုင်ပြီး ဝါသီးနှံသည် တန်ဖိုးမြင့်သီးနှံတစ်မျိုးအဖြစ် ရပ်တည်လျက်ရှိသည်။

ဝါသီးနှံ၏ စီးပွားရေးတန်ဖိုးနှင့် အသုံးဝင်မှုများသော်လည်း မြန်မာနိုင်ငံ၏ ဝါစိုက်ပျိုးထုတ်လုပ်မှုမှာ မျှော်မှန်းထားသလောက် မတိုးတက်သေးပေ။ မြန်မာနိုင်ငံသည် ဝါစိုက်ပျိုးရန်သင့်လျော်သော မြေအမျိုးအစား၊ နေရောင်ခြည်ရရှိမှုနှင့် ရာသီဥတုအခြေအနေကောင်းများကို ပိုင်ဆိုင်ထားသော်လည်း ပြည်တွင်းထုတ်လုပ်မှုမှာ ပြည်တွင်းအထည်အလိပ်လုပ်ငန်းများ၏လိုအပ်ချက်ကို အပြည့်အဝမဖြည့်ဆည်းနိုင်သေးပေ။ ဝါစိုက်ပျိုးမှုအချက်အလက်များကိုကြည့်ပါက ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ဝါစိုက်ဧကရှစ်သိန်းကျော်ရှိခဲ့ရာမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် လေးသိန်းခန့်သာ ကျန်ရှိတော့သည်အတွက် ဝါစိုက်ပျိုးရေးကဏ္ဍကို ပြန်လည်မြှင့်တင်ရန် လိုအပ်လျက်ရှိသည်။



ဝါစိုက်ဧက လျော့နည်းလာရသည့်အကြောင်းအရင်းများတွင် စိုက်ပျိုးစရိတ်မြင့်တက်လာခြင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှုပုံစံမမှန်ကန်ခြင်း၊ ရေရှားပါးလာခြင်း၊ ပိုးမွှားနှင့် ရောဂါကျရောက်မှုများ၊ ဈေးကွက်မတည်ငြိမ်ခြင်းတို့အပြင် အခြားဝင်ငွေကောင်းသီးနှံများသို့ ပြောင်းလဲစိုက်ပျိုးလာခြင်းတို့လည်း ပါဝင်သည်။

ဝါစိုက်ပျိုးရေးကဏ္ဍ ပြန်လည်အားကောင်းလာခြင်းသည် တောင်သူများ၏ ဝင်ငွေတိုးတက်ရေး၊ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများနှင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက်ပါ အရေးပါသည်။ ဝါစိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာသည်နှင့်အမျှ ဝါစိုက်တောင်သူများ၏ဝင်ငွေတိုးတက်လာမည်ဖြစ်သကဲ့သို့ ဝါကိုအခြေခံသော အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများလည်း ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်သည်။ ဝါရောင်းဝယ်ရေး၊ ဝါကြိတ်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး၊ ချည်မျှင်ထုတ်လုပ်ရေး၊ အထည်ရက်လုပ်ရေးနှင့် အထည်ချုပ်လုပ်ငန်းများသည် ဝါထုတ်လုပ်မှုနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိပြီး ထိုလုပ်ငန်းများဖွံ့ဖြိုးလာခြင်းသည် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်သည်။ အထူးသဖြင့် အမျိုးသမီးများနှင့် လူငယ်များအတွက် ဝင်ငွေရရှိနိုင်သည့်အခွင့်အလမ်းများ တိုးပွားလာမည်ဖြစ်သဖြင့် မိသားစုဝင်ငွေမြင့်မားလာကာ ဒေသတွင်းလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်သည်။

ထို့ပြင် ဝါစိုက်ပျိုးမှု၏အကျိုးသက်ရောက်မှုသည် စိုက်ပျိုးရေးကဏ္ဍတစ်ခုတည်းတွင်သာမက ကုန်ကြမ်းမှ ကုန်ချောထိ တစ်ဆက်တည်းချိတ်ဆက်ထားသည့် တန်ဖိုးကွင်းဆက်(Value Chain)တစ်ခုလုံးအပေါ်သက်ရောက်မှုရှိသည်။ ဝါစိုက်ပျိုးခြင်းမှစတင်၍ ဝါကြိတ်လုပ်ငန်း၊ ချည်မျှင်ထုတ်လုပ်ရေး၊ အထည်ရက်လုပ်ရေး၊ အထည်ချုပ်လုပ်ငန်းနှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ ဖြန့်ဖြူးရောင်းချခြင်းထိ လုပ်ငန်းစဉ်တစ်ခုလုံးဖွံ့ဖြိုးလာမှသာ ဝါ၏စီးပွားရေးတန်ဖိုးကို အပြည့်အဝရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကုန်ကြမ်းအဖြစ်ရောင်းချခြင်းထက် ပြည်တွင်း၌ တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ်ပြောင်းလဲထုတ်လုပ်ခြင်းသည် နိုင်ငံ၏ စီးပွားရေးအကျိုးအမြတ်ကို ပိုမိုတိုးပွားစေမည့်နည်းလမ်းဖြစ်သည်။

ယနေ့ကမ္ဘာ့စီးပွားရေးတွင် စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းတို့ကို သီးခြားခွဲခြားစဉ်းစား၍မရတော့ဘဲ ကုန်ကြမ်းမှကုန်ချောထိ တန်ဖိုးကွင်းဆက်တစ်ခုလုံး ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်မှသာ ရေရှည်စီးပွားရေးတိုးတက်မှုကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ ဝါသီးနှံသည် ထိုတန်ဖိုးကွင်းဆက်ကို အကောင်းဆုံးဖော်ဆောင်ပေးနိုင်သည့် စက်မှုကုန်ကြမ်းသီးနှံများအနက် တစ်မျိုးဖြစ်ပြီး စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ပို့ကုန်ကဏ္ဍတို့ကို ချိတ်ဆက်ပေးသည့် အရေးပါသောသီးနှံတစ်မျိုးလည်းဖြစ်သည်။

နိုင်ငံတော်အနေဖြင့် အရည်အသွေးမြင့်ချည်မျှင်ရှည်ဝါမျိုးများကိုဖြန့်ဝေပေးခြင်းနှင့် တိုးချဲ့စိုက်ပျိုးခြင်း၊ သုတေသနနှင့်မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးကို အားပေးခြင်း၊ တောင်သူများထံ ခေတ်မီစိုက်ပျိုးနည်းပညာများပို့ချခြင်းနှင့် စက်ယန္တရားအသုံးပြုမှုတိုးမြှင့်ခြင်း၊ ဈေးကွက်အာမခံချက်ဖန်တီးပေးခြင်းနှင့် ငွေကြေးအထောက်အပံ့များပေးအပ်ခြင်းတို့ဖြင့် ဝါစိုက်ပျိုးရေးကဏ္ဍ ပြန်လည်အားကောင်းလာစေရေး အလေးထားအားပေးဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ သုတေသနအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် ဝါစိုက်ပျိုးထုတ်လုပ်သည့်တောင်သူများ အတူတကွပူးပေါင်းဆောင်ရွက်သွားပါက ဝါကဏ္ဍ၏ ယှဉ်ပြိုင်နိုင်စွမ်းကို ပိုမိုမြှင့်တင်နိုင်မည်ဖြစ်သည်။

ယနေ့ကမ္ဘာတွင် ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်ရေး(Sustainable Development) သည် နိုင်ငံတိုင်း၏ အဓိကဦးတည်ချက်ဖြစ်လာသည်နှင့်အညီ ဝါကဏ္ဍတွင်လည်း သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသော စိုက်ပျိုးရေးနည်းစနစ်များ၊ အရင်းအမြစ်များကို ထိရောက်စွာအသုံးချနိုင်သော ထုတ်လုပ်မှုစနစ်များနှင့် အရည်အသွေးမြင့်ထုတ်ကုန်များကို အလေးထားဆောင်ရွက်လာကြသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ထိုလမ်းကြောင်းအတိုင်း ဝါစိုက်ပျိုးထုတ်လုပ်မှုကို အဆင့်မြှင့်တင်လာသည့်အတွက် မကြာမီတွင် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရုံသာမက နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ဝါဈေးကွက်ကို တည်ဆောက်နိုင်မည့် အခွင့်အလမ်းကောင်းများ ပေါ်ပေါက်လာမည်ပင်ဖြစ်သည်။

လက်ရှိ ကမ္ဘာ့ဈေးကွက်တွင် အရည်အသွေးမြင့်ဝါဂွမ်းများ လိုအပ်ချက်မြင့်မားလျက်ရှိပြီး ဝါဂွမ်းဈေးနှုန်းမှာလည်း တည်ငြိမ်ကောင်းမွန်သည့်အခြေအနေတွင်ရှိသည်။ ထို့ကြောင့် ဝါစိုက်ပျိုးထုတ်လုပ်သည့်တောင်သူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်က သတ်မှတ်ထားသည့် တစ်ဧကပန်းတိုင်အထွက်နှုန်းကို ရရှိအောင်ဆောင်ရွက်နိုင်ပါက ပြည်တွင်းလိုအပ်ချက်ထက် ပိုလျှံထွက်ရှိလာသောဝါဂွမ်းများကို ပြည်ပဈေးကွက်သို့ တင်ပို့နိုင်မည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိစေမည်ဖြစ်သည်။ ထို့ပြင် ပြည်တွင်းရှိ ချည်ငင်စက်ရုံများ၊ အထည်ရက်စက်ရုံများနှင့် အထည်ချုပ်လုပ်ငန်းများအတွက်လည်း ကုန်ကြမ်းဖူလုံလာမည်ဖြစ်၍ သွင်းကုန်အပေါ်မှီခိုမှုကို လျှော့ချနိုင်မည်ဖြစ်သည်။

ဝါသည် စိုက်ပျိုးရေးသီးနှံတစ်မျိုးသာမက စက်မှုဖွံ့ဖြိုးရေး၊ အလုပ်အကိုင်ဖန်တီးရေး၊ နိုင်ငံခြားဝင်ငွေတိုးတက်ရေး၊ သွင်းကုန်အစားထိုးရေးနှင့် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို တစ်ပြိုင်နက်အထောက်အကူပြုနိုင်သော မဟာဗျူဟာမြောက်သီးနှံတစ်မျိုးဖြစ်သည်။ ထို့ကြောင့် ဝါစိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဌာနများ၊ သုတေသနအဖွဲ့အစည်းများနှင့် ရင်းနှီးမြှုပ်နှံသူများအားလုံး ပူးပေါင်းဆောင်ရွက်ကာ ဝါစိုက်ပျိုးမှုမှအစပြု၍ ချည်မျှင်၊ အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းများထိ တန်ဖိုးကွင်းဆက်တစ်ခုလုံးကို ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်နိုင်မည်ဆိုပါက မြန်မာ့ဝါကဏ္ဍသည် တစ်ခေတ်ပြန်လည်ရှင်သန်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ ဝါတစ်ဧကအထွက်နှုန်းတိုးတက်ရေးမှစတင်၍ အရည်အသွေးမြင့်ဝါများ ထုတ်လုပ်နိုင်ရေး၊ ပြည်တွင်း၌ တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေးနှင့် ပြည်ပဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့နိုင်ရေးတို့ကို သက်ဆိုင်ရာနှင့် ဝါစိုက်တောင်သူအားလုံးက ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ့စီးပွား၊ ဒေသတွင်းစီးပွားနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

**ကိုးကား**

- ၁၃-၇-၂၀၂၆ ထုတ် ရတနာပုံသတင်းစာ။

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## ညီညွတ်သော သူငယ်ချင်းများနှင့် မျောက်ညိုကလေး

ကလေးတို့ရေ ဒီတစ်ပတ် ဦးဦးပြောပြမဲ့ ပုံပြင်လေးကတော့ "**ညီညွတ်သော သူငယ်ချင်းများနှင့် မျောက်ညိုကလေး**" ဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်ကွယ်။

ဟိုးရှေးရှေးတုန်းက ကမ္ဘာမြေကြီးရဲ့ တစ်နေရာမှာ သစ်ပင်ပန်းမန်တွေ စိမ်းလန်းစိုပြည်ပြီး အေးချမ်းသာယာတဲ့ တောအုပ်ကြီးတစ်ခုရှိသတဲ့။ အဲဒီတောအုပ်ကြီးထဲမှာ ဖြူဖွေးနေတဲ့ ယုန်ဖြူကလေး၊ အပြေးသန်တဲ့ သမင်ပေါက်စကလေး၊ တေးသီချင်းဆိုရတာ ဝါသနာပါတဲ့စာကလေးနဲ့ အရာရာကို အမြော်အမြင်ရှိတဲ့ပညာရှိလိပ်ကြီး အစရှိတဲ့ တိရစ္ဆာန်ကလေးတွေဟာ တစ်ဦးနဲ့တစ်ဦး မောင်နှမရင်းချာတွေလိုပဲ အမြဲတမ်းကူညီရိုင်းပင်းပြီး အတူတကွ ပျော်ပျော်ရွှင်ရွှင် နေထိုင်ကြသတဲ့ကွယ်။

ဒါပေမဲ့ အဲဒီတောအုပ်ကြီးရဲ့ သစ်ပင်အိုကြီး တစ်ပင်ပေါ်မှာတော့ "မျောက်ညို"လို့ ခေါ်တဲ့ မျောက်ကလေးတစ်ကောင်လဲ နေထိုင်သတဲ့။ အဲဒီမျောက်ညိုကလေးကတော့ အခြားတိရစ္ဆာန်ကလေးတွေလို စိတ်သဘောထားမကောင်းဘဲ အင်မတန်ဆိုးပေပြီး အနိုင်ကျင့်တတ်တဲ့အပြင် လောဘလဲကြီး၊ မနာလိုစိတ်လဲများလှသတဲ့။ တောအုပ်ထဲက သူငယ်ချင်းတွေ စုဆောင်းထားတဲ့ အစားအစာတွေကိုလဲ ခဏခဏလုယူစားသောက်တတ်သတဲ့ကွယ်။

တစ်နေ့မှာတော့ ယုန်ဖြူကလေးဟာ မိမိရဲ့ အိမ်ရှေ့ခြံစိုက်ခင်းလေးထဲမှာ နေ့မအားညမအား အားသွန်ခွန်စိုက်နဲ့ မုန်လာဥနီလေးတွေကို စိုက်ပျိုးထားသတဲ့။ "ဒီတစ်ခါ မုန်လာဥတွေ နုတ်ရင်တော့ တောအုပ်ထဲက သူငယ်ချင်းတွေအားလုံးကို ဖိတ်ပြီး ပွဲတော်လုပ်မယ်"လို့ ယုန်ဖြူကလေးက တွေးပြီး ပျော်နေရှာတာပေါ့။ မုန်လာဥနီလေးတွေဟာ မြေကြီးထဲမှာ ထွားကြိုင်းပြီး အင်မတန် စားချင်စဖွယ်ကောင်းလာတဲ့တစ်နေ့မှာတော့ ဆိုးပေလှတဲ့ မျောက်ညိုကလေးဟာ ယုန်ဖြူကလေး ရေခပ်သွားတဲ့ အချိန်ကို ချောင်းမြောင်းပြီး ခြံထဲကို တိတ်တဆိတ် ခိုးဝင်သွားသတဲ့ကွယ်။

မျောက်ညိုကလေးဟာ လောဘတကြီးနဲ့ မုန်လာဥတွေကို ဆွဲနုတ်ပြီး စားသောက်ရုံတင်မက မစားနိုင်တဲ့ မုန်လာဥခင်းကြီးတစ်ခုလုံးကိုလဲ နင်းခြေဖျက်ဆီးပစ်ခဲ့သတဲ့ကွယ်။ ယုန်ဖြူကလေး ရေခပ်ရာက ပြန်ရောက်လို့ မိမိရဲ့လှပတဲ့မုန်လာဥခင်းကြီး ပျက်စီးနေတာကိုမြင်ရတဲ့အခါ နှမြောတသနဲ့ ဝမ်းနည်းပြီး ငိုကြွေးရှာသတဲ့။ "ငါ့ရဲ့ မုန်လာဥတွေတော့ကုန်ပါပြီ။ ဘယ်သူက ဒီလောက်ရက်စက်ရတာလဲ"လို့ ငိုယိုပြီးပြောနေတဲ့ ယုန်ဖြူကလေးရဲ့ငိုသံကြောင့် တောအုပ်ထဲက သူငယ်ချင်းတွေ



အပြေးအလွှားရောက်လာကြတာပေါ့ကွယ်။

ခြံထဲမှာ ကျန်ခဲ့တဲ့မျောက်ခြေရာတွေကို မြင်ရတော့ ဒါဟာ မျောက်ညိုကလေးရဲ့ လက်ချက်ဆိုတာ အားလုံးသိသွားကြသတဲ့။ တောအုပ်ထဲက တိရစ္ဆာန်တွေလဲ အင်မတန်စိတ်ဆိုးဒေါသဖြစ်ကြကာ "ဒီအတိုင်းတော့ ဒီမျောက်ညိုကလေးကို လွှတ်ထားလို့မဖြစ်ဘူး။ သူတစ်ပါးပစ္စည်းကို ဖျက်ဆီးရင် ဘယ်လောက်ခံရခက်လဲဆိုတာသိအောင် သင်ခန်းစာတစ်ခုခုတော့ ပေးမှဖြစ်မယ်"ဆိုပြီး ပညာရှိလိပ်ကြီးဆီမှာ အကြံဉာဏ်တောင်းကြသတဲ့။ ပညာရှိလိပ်ကြီးက စဉ်းစားပြီး "မျောက်ညိုက လောဘကြီးတယ်။ သူ့ရဲ့လောဘနဲ့ပဲ သူ့ကို သင်ခန်းစာပေးရမယ်"ဆိုပြီး အစီအစဉ်တစ်ခုကို ချပေးလိုက်သတဲ့ကွယ်။

နောက်တစ်နေ့ မနက်မှာတော့ တိရစ္ဆာန်တွေ အားလုံးစုပေါင်းပြီး မျောက်ညိုကလေး အကြိုက်ဆုံးဖြစ်တဲ့ သရက်သီးတွေကို အင်မတန်မြင့်မားပြီး နုနယ်လှတဲ့သစ်ကိုင်းအဖျားလေးမှာ သွားပြီးချိတ်ဆွဲထားလိုက်ကြသတဲ့။ သိပ်မကြာခင်မှာပဲ မျောက်ညိုကလေးဟာ သစ်ပင်အောက်ရောက်လာပြီး "ဟာ... ဝါဝင်းနေတဲ့ သရက်သီးကြီးတွေပါလား။ အနံ့ကလဲ မွှေးနေတာပဲ။ ငါတစ်ယောက်ထဲကုန်အောင်စားပစ်မယ်"ဆိုပြီး လောဘဇောတိုက်ကာ ဘာကိုမှ သတိမထားမိဘဲ သစ်ပင်ပေါ်ကို လျင်လျင်မြန်မြန် တက်သွားသတဲ့ကွယ်။

မျှော်လင့်ထားတဲ့အတိုင်းပဲ မျောက်ညိုကလေးဟာ သစ်ကိုင်းအဖျားက သရက်သီးကြီးကို လှမ်းအဆွဲမှာ သစ်ကိုင်းလေးက ကျိုးကျသွားပြီး မျောက်ညိုကလေးဟာ အမြင့်ကြီးပေါ်ကနေ မြေပြင်ပေါ်ကို ပြုတ်ကျသွားသတဲ့။ ခြေထောက်နဲ့ လက်တွေမှာ ဒဏ်ရာအပြင်းအထန်ရပြီး သွေးတွေထွက်လာကာ အော်ဟစ်ငိုကြွေးနေရှာသတဲ့။ ဒါပေမဲ့ သူဟာ အခြားသူတွေကို အမြဲအနိုင်ကျင့်ခဲ့ဖူးတော့ တောအုပ်ထဲက ဘယ်သူကမှ သူ့ကို လာကယ်မှာမဟုတ်ဘူးလို့တွေးပြီး တရှုပ်ရှုပ်ငိုနေရှာတာပေါ့ကွယ်။

အဲဒီအချိန်မှာပဲ ယုန်ဖြူကလေးနဲ့အတူ တောအုပ်ထဲက သူငယ်ချင်းတွေအားလုံးဟာ လက်ထဲမှာ ဆေးမြီးတိုလေးတွေကိုင်ပြီး အပြေးအလွှား ရောက်လာကြသတဲ့။ မျောက်ညိုကလေးက သူ့ကို ရိုက်နှက်ကြတော့မယ်အထင်နဲ့ ကြောက်လန့်တကြားမျက်စိမှိတ်ထားတဲ့အချိန်မှာ ယုန်ဖြူကလေးက ဒဏ်ရာတွေအပေါ်ကို ဆေးဖက်ဝင်သစ်ရွက်တွေ ညင်ညင်သာသာအုံပေးပြီး သမင်ကလေးက သောက်စရာရေအေးအေးလေးကို တိုက်ကျွေးကာ အားလုံးက ဝိုင်းဝန်းပြီး ဂရုတစိုက်ပြုစုစောင့်ရှောက်ပေးကြသတဲ့ကွယ်။

သူငယ်ချင်းတွေအပေါ် ယုတ်မာရက်စက်မှုလုပ်ခဲ့တာတောင် သူငယ်ချင်းတွေက အငြိုးအတေးမထားဘဲ အခုလိုဒုက္ခရောက်ချိန်မှာ ခွင့်လွှတ်ပြီး စိုးရိမ်တကြီးကူညီပြုစုပေးကြတဲ့ မေတ္တာတရားကို မြင်ရတဲ့အခါ မျောက်ညိုကလေးဟာ အင်မတန်မှ ရှက်ရွံ့ပြီး နောင်တတရားတွေရသွားပါသတဲ့။

အဲဒီနေ့ကစပြီး ဆိုးပေလှတဲ့မျောက်ညိုကလေးဟာ သူ့ရဲ့အကျင့်ဆိုးတွေကို အကုန်ပြုပြင်ပစ်လိုက်ပြီး တောအုပ်ထဲက သူငယ်ချင်းတွေ ခြံစိုက်ရင်လဲ ကူညီစိုက်ပေး၊ အလေးအပင်တွေရှိရင်လဲ ကူညီသယ်ပိုးပေးရင်းနဲ့ တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီကာ ပျော်ပျော်ရွှင်ရွှင်၊ စည်းစည်းလုံးလုံး နေထိုင်သွားကြသတဲ့ကွယ်။

ပုံပြင်လေးကတော့ ဒါပါပဲကလေးတို့ရေ။ ကလေးတို့လဲ မိမိအမှားကို သိမြင်ပြီး မိမိမှားယွင်းခဲ့တဲ့ အပြုအမူတွေကိုရိုးသားစွာဝန်ခံကာ ပြုပြင်ပြောင်းလဲတာဟာ အလွန်မွန်မြတ်တဲ့ စိတ်ထားဖြစ်ပါတယ်ကွယ်။

**ဒေါက်တာအောင်ညွန့်ပိုင်**

## စာဖတ်ပါ

- စာအုပ်စာပေ ဖတ်မှတ်ပါ
  မောင်မယ်ဆွေသဟာ၊
  ယဉ်ကျေးလိမ္မာ နှလုံးလှ
  ပညာဉာဏ်ပြည့်ဝ။



- ကျေးဇူးကြီးစွ မြတ်စာပေ
  လမ်းမှန်ညွှန်ပြနေ၊
  လူသားတွေကို မြှင့်တင်ပေး
  အမြင့်ရောက်ဖို့လေး။ ။

ရဲသွေးနီ(တက်ဝန်)

## စည်းဝါးမဲ့ တေး

- ချောင်းရိုးစပ်က အော်ဟစ်သံ
  နားထဲ ပွက်လောညံ။
- မူမမှန်ရာ နှုတ်ဖွင့်တေး
  ပြိုင်တူ ဆိုကြသေး။
- မိုးအေးလွန်းသည့် ညတွေမှာ
  အော်ဟစ် သူ့ထက်ငါ။
- ဘယ်သူဘယ်ဝါ တိုက်တွန်းခဲ့
  ဆိုကွဲ့ စည်းဝါးမဲ့
  ကိုရွှေဖား အဖွဲ့။ ။



ချမ်းမြေ့(ဇလွန်မြေ)

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၃၄၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျွန်းလှ ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၃၄၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၅၄၂၀ စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၃၄၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ ပဲတီစိမ်း ဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေ ရှိတယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးတာတွေရှိပါတယ်" ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း စိုက်ပျိုးကြရမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

# မြစ်သားမြို့နယ် ကူဖြူကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မြစ်သား ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပံဆိပ်ကျေးရွာအုပ်စု ကူဖြူကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်း ကော်မတီဝင်များ တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာသည့် ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကူဖြူကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာထံမှ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)






## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက-မင်းစုကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မငွေအိလှိုင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးလှိုင်** ဖြစ်ပါကြောင်း။

**ဦးလှိုင်(၉/ကဆန(နိုင်)၀၈၂၄၈၁)**

## ဖခင်အမည်မှန်

မြစ်သားမြို့၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း၊ Grade-10 တွင် ပညာသင်ကြားနေသော မောင်မိုးမင်းခန့်၏ ဖခင်အမည်မှန်မှာ **ဦးစိုးမိုးအောင်** ဖြစ်ပါကြောင်း။

**ဦးစိုးမိုးအောင်(၉/မသန(နိုင်)၁၈၇၈၉၄)**

## ပျောက်ဆုံးကြောင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ အမှတ်(၅၅)နေ ဘန်ဆိုင်းရာ(၁/မကန(နိုင်)၂၂၅၇၉၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-045271)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-777088040**

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ Bright Kids ကိုယ်ပိုင်အလယ်တန်းကျောင်း၊ Grade-8 တန်းတွင် ပညာသင်ကြားနေသော မောင်ဖေယျာအောင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးကျော်နိုင်ဦး** ဖြစ်ပါကြောင်း။ **ဦးကျော်နိုင်ဦး(၉/ပသက(နိုင်)၀၇၉၀၀၉)**

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက-မင်းစုကျောင်း၊ Grade-12 တန်းတွင် ပညာသင်ကြားနေသော မစုလှိုင်ဝင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးယုနောင်** ဖြစ်ပါကြောင်း။

**ဦးယုနောင်(၉/ကဆန(နိုင်)၁၃၀၇၄၄)**

## မိဘအမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက-မြို့မကျောင်း၊ Grade-7 တွင် ပညာသင်ကြားနေသော မထူးအိမ်စံ၏ မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးခင်ဇော်ဦး + ဒေါ်ညိမ်းညိမ်းအေး** ဖြစ်ပါကြောင်း။

**ဦးခင်ဇော်ဦး(၉/ကဆန(နိုင်)၁၇၉၆၆၄) +**
**ဒေါ်ညိမ်းညိမ်းအေး (၉/ကဆန(နိုင်)၁၇၉၈၀၈)**

### မီးလောင်မှုဖြစ်ပွားသည့်ပုံစံနှင့် မီးငြိမ်းသတ်ရန်နည်းလမ်းများ

၁။ လူနှင့်အဝတ်အစားများကို မီးလောင်ခြင်း။
- ကြောက်လန့်တကြားမပြေးပါနှင့်။
- မြေကြီး(သို့) ကြမ်းပြင်ပေါ် သို့ လှဲချ၍ မျောက်လှိမ့်ကာ လှိမ့်ပါ။
- ရေစိုသောအဝတ်စဖြင့် မီးလောင်သူကို ခြုံအုပ်ပါ။



၂။ သစ်သား၊ စက္ကူများလောင်ကျွမ်းခြင်း။
- ရေ၊ ရေစိုအဝတ်(သို့) သဲ၊ မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်ပါ။

၃။ ဓာတ်ဆီ၊ စက်သုံးဆီများလောင်ကျွမ်းခြင်း။
- ရေစိုအဝတ်၊ သဲတို့နှင့် အုပ်၍ (သို့) မီးသတ်ဆေးဘူး အသုံးပြု၍ ငြိမ်းသတ်ပါ။( ရေဖြင့်မငြိမ်းရ)

၄။ လျှပ်စစ် ဝါယာရှော့ဖြစ်ခြင်း။
- ပင်မ မီးခလုတ်ကိုပိတ်ပါ။ (မီးခလုတ်မပိတ်ဘဲရေဖြင့် မငြိမ်းရ)
- ခြောက်သွေ့သောအဝတ်ပိတ်စတို့ဖြင့် ရိုက်နှက် ငြိမ်းသတ်ပါ။
- မီးသတ်ဆေးဘူး အသုံးပြုပါ။

၅။ အိမ်သုံး ဂက်စ်အိုး မီးလောင်ခြင်း။
- မီးတင်ရှူးတွက်ပေါက်ကို လက်(သို့)သင့်လျော်သော ပစ္စည်းဖြင့် ပိတ်ပါ။ မီးတင်ရှူ ဗို့က်လိုင်းကို ခေါက်၍ အမြန်ဆုံး ပိတ်နိုင်အောင် ဆောင်ရွက်ပါ။
- မီးသတ်ဆေးဘူး အသုံးပြုပါ။
- မီးသတ်ဌာနကိုဆက်သွယ်ပါ။



"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း သတင်းအချက်အလက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် ဖျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၃၄၇၊
၀၆၇-၈၁၀၃၃၃၃၄၊
Email Address - accm@accm.gov.mm
Website Address - http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပဌမအစည်းအဝေး ဒုတိယနေ့ကျင်းပ စာမျက်နှာ - ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်) လည်ပတ်နိုင်ရေးဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေး စာမျက်နှာ - ၁၈

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးဇုန်များအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

**ကြည့်ရှုစစ်ဆေး**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း ငါးသားပေါက်မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## 2026 Heyball Masters Tour ဘိလိယက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဘုန်းမြင့်ကျော် ဒုတိယဆုဆွတ်ခူး

ရန်ကုန် ဇူလိုင် ၁၈

တရုတ်နိုင်ငံတွင် ကျင်းပခဲ့သည့် 2026 Heyball Masters Tour ဘိလိယက်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ဘိလိယက်ကစားသမား ဘုန်းမြင့်ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဒုတိယဆုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

2026 Heyball Masters Tour ဘိလိယက်ပြိုင်ပွဲသည် စာမျက်နှာ ၂၀ ကော်လံ ၄ ❑




## ပထမဆုံးအကြိမ် တက္ကသိုလ်ပေါင်းစုံEsports ပြိုင်ပွဲ ကျင်းပမည်




ပထမဆုံးအကြိမ် တက္ကသိုလ်ပေါင်းစုံ Esports ပြိုင်ပွဲနှင့်ပတ်သက်၍ မီဒီယာတွေ့ဆုံပွဲ ကျင်းပစဉ်။

ရန်ကုန် ဇူလိုင် ၁၈

မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်(MESF)နှင့် PUBG MOBILE Offline တို့ပူးပေါင်း၍ တက္ကသိုလ်ပေါင်းစုံပါဝင်သည့် PUBG MOBILE Var-sity Esports Championship ပြိုင်ပွဲကို ဇူလိုင်လကုန်ပိုင်းတွင် ရန်ကုန်တက္ကသိုလ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက

စာမျက်နှာ ၂၀ ကော်လံ ၁ ❖

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဇူလိုင် ၁၈

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံပေါ်တွင် ဖြစ်ပေါ်နေသောလေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှ ဇူလိုင် ၂၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ စာမျက်နှာ ၂၀ ကော်လံ ၁ ❍

## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဇူလိုင် ၁၈

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန်သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)